# ကြေးမုံ

The Mirror Daily

Established in 1957


## ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်၊ ကြာသပတေးနေ့။ Thursday, 9 January 2020 ၉၈၈၉


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# (၈) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)သို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဇန်နဝါရီ ၈**

(၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၈) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)တွင် မိန့်ခွန်းပြောကြားစဉ်။


## ကြေးမုံ ယနေ့ ဖတ်စရာ

(၁၃) ကြိမ်မြောက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ — စာမျက်နှာ » ၉

သတ္တမအကြိမ်မြောက် တစ်သက်တာထုတ်ဝေသူဆု၊ အကောင်းဆုံးထုတ်ဝေသူဆုနှင့် အကောင်းဆုံးစာအုပ် အရောင်းဆိုင်ဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ — စာမျက်နှာ » ၁၇

နိုင်ငံတကာဘူမိသိပ္ပံစာတမ်းဖတ်ပွဲ ပြည်တွင်း ပြည်ပ ပညာရှင်များ စာတမ်းများဖတ်ကြား — စာမျက်နှာ » ၁၈



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# အနာဂတ်အတွက် ပြောင်းလဲမှုဖြင့် ကျော်ဖြတ်

မြန်မာနိုင်ငံတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းများကို KG + 12 စနစ်သစ် ပညာရေး သင်ရိုးညွှန်းတမ်းဖြင့် ၂၀၁၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၂၂ ခုနှစ်တွင် အခြေခံပညာအတန်းအားလုံး ပြီးစီးမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအား ဒါသင်၊ ဒါကျက်၊ ဒါဖြေစနစ်မှ စဉ်းစားတွေးခေါ်မှုဉာဏ်ရည် မြင့်မားစေသော ပညာရေးစနစ်ကို ပြောင်းလဲဖော်ဆောင်နေသည်။

ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် အထွေထွေဉာဏ်ရည်အပြင် ကလေးသူငယ်များအား များစွာအထောက်အကူပြုမည့် ပေါင်းသင်းဆက်ဆံရေးဉာဏ်ရည်ပါ လိုအပ်သည်ဟု ပညာရှင်များက ဆိုထားသည်။ လေ့လာသင်ယူလိုမှု၊ ကျန်းမာရေးကောင်းမွန်မှု၊ ပေါင်းသင်းဆက်ဆံတတ်မှု၊ သင်ယူနိုင်သည့် အရည်အသွေး၊ ယခင်ရှိပြီးသားအသိ၊ စိတ်တည်ငြိမ်ရင့်ကျက်မှု၊ မိသားစုထောက်ပံ့မှု စသည့်အချက်များကို စိတ်ပညာရှင်များက ပေါင်းသင်းဆက်ဆံရေးဆိုင်ရာကျွမ်းကျင်မှုကို ဉာဏ်ရည်ထဲတွင် ထည့်သွင်းထားသည်။ ကလေးငယ်တစ်ဦးဖွံ့ဖြိုးရေးရာခိုင်နှုန်းတွင် အထွေထွေဉာဏ်ရည်ကို ၂၅ ရာခိုင်နှုန်းနှင့် ပေါင်းသင်းဆက်ဆံရေးဉာဏ်ရည်ကို ၇၅ ရာခိုင်နှုန်း သတ်မှတ်ထားသည်။

အထွေထွေဉာဏ်ရည်သည် ကျောင်းသား ကျောင်းသူများ ကျောင်းတွင်ရလာနိုင်သည့် ပညာရည်အဆင့်ကိုသာ ခန့်မှန်းနိုင်သည်။ ပေါင်းသင်းဆက်ဆံရေးဉာဏ်ရည်မှာ ပညာရည်အဆင့်ကိုသာမက ဘဝတွင်ရရှိလာမည့် အပြုအမူများကိုပါ ကြိုတင်ခန့်မှန်းနိုင်ပြီး ဘဝအတွက်လိုအပ်သည့် ဉာဏ်ရည်ကိုပါ တစ်ပါတည်း ရရှိနိုင်မည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူ ကလေးသူငယ်များ ပညာသင်ကြားရာတွင် အထောက်အကူပြုမည့် ပေါင်းသင်းဆက်ဆံရေးဉာဏ်ရည်သည် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် အလွန်အရေးပါသည့်အချက်ဖြစ်သောကြောင့် ယင်းကို နိုင်ငံများ၏ ပညာရေးစနစ်တွင် အလေးထားဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲဖော်ဆောင်လျက်ရှိပြီး နှစ်အလိုက် အတန်းအလိုက် ပညာရေးစနစ်ကို ပြောင်းလဲရာတွင် KG နှင့် ပထမတန်းတွင် ပေါင်းသင်းဆက်ဆံရေးဉာဏ်ရည်ကို ကျောင်းသား ကျောင်းသူ ကလေးငယ်များတွင် ခိုင်မာအားကောင်းစွာ ရရှိနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဘာသာရပ်အဖြစ် ထည့်သွင်းပေးထားပြီး လက်တွေ့သင်ကြားပေးလျက်ရှိသည်။ အရေးကြီးသည်မှာ ကျောင်းသားမိဘများ၏ ပညာရေးစနစ်သစ်အပေါ် ယုံကြည်မှု၊ စိတ်ပါဝင်စားမှု၊ လိုက်နာနိုင်မှု၊ ပူးပေါင်းပါဝင်နိုင်မှုရရှိရေးအတွက် အဆိုပါအတန်းသင် ဆရာ ဆရာမများ၏ နည်းစနစ်ကျနမှန်ကန်မှု၊ ကြိုးစားအားထုတ်သင်ကြားပေးမှုတို့ လိုအပ်ပါသည်။

အခြေခံပညာကျောင်းအားလုံးတွင် အဆိုပါဘာသာရပ်များကို သင်ကြားပေးသည်မှန်သော်လည်း အချို့ကျောင်းများတွင် လိုအပ်ချက်များ ရှိနေဦးမည်ဖြစ်သည်။ စနစ်ဟောင်းပညာရေးစနစ်တွင် စာမေးပွဲရမှတ်ဖြင့်သာ ကျောင်းသားအရည်အသွေးကို တိုင်းတာခဲ့သည်ဖြစ်၍ အထွေထွေဉာဏ်ရည် အသုံးချမှုတွင်အားသာပြီး ဒါသင်၊ ဒါကျက်၊ ဒါဖြေစနစ်ဖြင့် အဆင့်သတ်မှတ်ပြီး စာမေးပွဲအောင်မြင်ခဲ့ကြသည်။ စနစ်သစ်ပညာရေးစနစ်တွင် အထွေထွေဉာဏ်ရည်သာမက ပေါင်းသင်းဆက်ဆံရေးဉာဏ်ရည်အတွက်ပါ ဖော်ဆောင်လာခဲ့ရာ တိုးတက်မှုများရရှိလာပြီး လတ်တလောတွင် လိုအပ်ချက်များ ရှိနေမည်ဖြစ်သည်။

စနစ်သစ်ပညာရေးစနစ်တွင် ပေါင်းသင်းဆက်ဆံရေးဉာဏ်ရည်ကို ဦးစားပေးဖော်ဆောင်ထားပြီး ပေါင်းသင်းဆက်ဆံရေးဉာဏ်ရည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံပညာကျောင်းများတွင် ဖွံ့ဖြိုးရေးဘာသာရပ်အဖြစ် ဘဝတွက်တာကျွမ်းကျင်စရာ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ပန်းချီ၊ ဂီတ၊ ကာယ၊ အိမ်တွင်းမှု၊ စိုက်ပျိုးရေး စသည့်ဘာသာရပ်များကို သင်ကြားပေးနိုင်ရန် ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပညာရေးစနစ် ပြုပြင်ပြောင်းလဲဖော်ဆောင်နေခြင်းသည် အနာဂတ်မျိုးဆက်သစ်များ၏ ဘဝအတွက်သာမက နိုင်ငံတော်၏ အနာဂတ်အတွက်ပါ ပိုမိုတောက်ပြောင်လာအောင် ကြိုးပမ်းအားထုတ်နေခြင်းဖြစ်ရာ မိဘ၊ ဆရာများက လက်တွဲပူးပေါင်းပြီး အပြောင်းအလဲတစ်ခုကို အောင်မြင်စွာကျော်ဖြတ်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# e-ID စနစ်အတွက် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)အား ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ၏ e-ID စနစ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် e-ID စနစ် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)အား ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ e-ID စနစ် လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် e-ID စနစ် လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံနှင့် ဩစတြီးယားနိုင်ငံ အစိုးရ အချင်းချင်း ပူးပေါင်းဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ e-ID စနစ် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် ဩစတြီးယားနိုင်ငံ OeSD တို့အကြား လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်သည် လုပ်ငန်းတစ်ခုလုံး၏ အစဦးဆုံးဖြစ်ပြီး ယင်းသဘောတူစာချုပ် ချုပ်ဆိုပြီးပါက ဆက်လက်ဆောင်ရွက်ရမည့် အရေးကြီးသည့် လုပ်ငန်းစဉ်အများအပြားရှိပါကြောင်း။

e-ID စနစ်လုပ်ငန်းသည် e-Government စနစ်၏ အခြေခံ အကျဆုံးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သဖြင့် ကြီးမားကျယ်ပြန့်ပြီး အလွန်အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် ယင်းလုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံမရှိသော်လည်း တတ်ကျွမ်းနားလည်သည့် ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၏ သုံးသပ်ချက်၊ ဆွေးနွေးအကြံပြုချက်များအား အလေးထားမှတ်သား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများကို ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသော်လည်း ဖွဲ့စည်းထားသည့် e-ID ဆိုင်ရာ ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ဩစတြီးယားနိုင်ငံ OeSD ၏ စီမံကိန်းအဆိုပြုလွှာအရ e-ID စနစ် စီမံကိန်းကို နှစ်နှစ်တာကာလအတွင်း အဆင့် သုံးဆင့်ဖြင့် အကောင်အထည်ဖော်သွားရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ ယခုတင်ပြထားသည့် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း) ကိုလည်း ၂၀၁၉ ခုနှစ် ဇူလိုင်လမှ စတင်ကာ လုပ်ငန်းဆိုင်ရာ ပတ်သက်ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ e-Government ဦးဆောင်ကော်မတီမှ လုပ်ငန်းနှင့်သက်ဆိုင်သည့် ဆပ်ကော်မတီများ၏ သဘောထားမှတ်ချက်များရယူ၍ e-ID စနစ် လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီများဖြင့် အကြိမ်ကြိမ် ညှိနှိုင်းဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်း သဘောတူစာချုပ် (မူကြမ်း)အား လိုအပ်သည်များ ညှိနှိုင်းပြင်ဆင်ပြီးနောက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒ (Development Assistance Policy – DAP ) ပြဋ္ဌာန်းချက်များအရ စီးပွားရေးရာကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တက်ရောက်လာကြသူများအနေဖြင့် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)အား လိုအပ်ချက်များရှိပါက အကြံပြုဆွေးနွေးညှိနှိုင်း ပြင်ဆင်ပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

**သုံးသပ်အကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် ဝန်ကြီးဌာနနှင့် OeSD ကုမ္ပဏီတို့အကြား ချုပ်ဆိုမည့် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း) အပေါ် တွေ့ရှိချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို သုံးသပ်အကြံပြု ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး e-ID စနစ်လုပ်ငန်း အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရေး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈-၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၀၀၀ | ၉၇၈ | ၁၀,၇၅၈,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၅၀ | ၁၀,၅၉၅ | ၄၀,၇၈၀,၇၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၆၄၅ | ၅,၂၂၄,၅၀၀ |
| FPB | ၂၂,၅၀၀ | ၂၃,၀၀၀ | ၁,၉၉၃ | ၄၅,၇၀၆,၅၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁ | ၂,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၈**

ရန်ကုန်(ရွှေဈေး) ၁၂၃၂၀၀၀ မန္တလေး(ရွှေဈေး) ၁၂၃၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၃၀/၉၈၅ ကျပ် | ၉၉၀/၁၀၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၅၀/၁၀၀၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၉၀၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၄၀/၁၀၀၀ ကျပ် | ၁၀၀၅/၁၀၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅/၉၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၅/၉၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၉၅/၈၀၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၆၁.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၇.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၀.၅၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၂၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၆.၃၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၃၃၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၄၇.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၀၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၄.၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၂.၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




(၈) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကျင်းပစဉ်။

☆ ရှေ့ဖုံးမှ

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နိုင်ငံတော်သမ္မတရုံးအကြံပေးပုဂ္ဂိုလ် ဦးပေါ်လွင်စိန်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ငြိမ်းချမ်းရေးကော်မရှင်မှ ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦးတို့ တက်ရောက်ကြပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) ယာယီအဖွဲ့ခေါင်းဆောင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ်၊ အတွင်းရေးမှူး စဝ်စိုင်းငင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာ၊ ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ဗဟိုကော်မတီဝင် စောမြရာဇာလင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ် စောမိုရှေး၊ DKBA စစ်ရေးဌာနမှူး စောစိန်ဝင်း၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာနော်ကပေါ်ထူး၊ တွဲဖက်အတွင်းရေးမှူး စောကျော်ညွန့်၊ (KNU)ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး၊ ဗဟိုကော်မတီဝင် ပဒိုစောအယ်ကလူစေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာခွန်ဆာ၊ အတွင်းရေးမှူး ကျာဆော်လမွန်၊ ချင်းအမျိုးသားတပ်ဦး (CNF) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ အထွေထွေအတွင်းရေးမှူး ဆလိုင်းထလာဟေးနှင့် မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးတို့ တက်ရောက်ကြသည်။

**မိန့်ခွန်းပြောကြား**

ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။

**(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၆၊ ၇ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက "ဒီနေ့ကျင်းပတဲ့ (၈)ကြိမ်မြောက် JICM အစည်းအဝေးဟာ ၂၀၂၀ ပြည့်နှစ်ရဲ့ နှစ်စဦးမှ ပထမဆုံးကျင်းပတဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြမှာဖြစ်လို့ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် စိတ်ဆန္ဒပြင်းပြနေကြတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသူ နိုင်ငံသားများ အားလုံးရဲ့ မျှော်လင့်ချက်ရောင်နီဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၂၈)ရက်က ကျင်းပခဲ့တဲ့ (၇) ကြိမ်မြောက် JICM အစည်းအဝေးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့တဲ့ ငြိမ်းချမ်းရေးဆိုင်ရာ အစည်းအဝေးများ ရပ်တန့်မှုကိုလည်း နိဂုံးချုပ်စေတဲ့နေ့ ဖြစ်ပါတယ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှာစကားပြောကြားစဉ်။

"ယခုလို အစည်းအဝေးမှာ တက်ရောက်လာသူများ အားလုံးအနေနဲ့လည်း နိုင်ငံသူ နိုင်ငံသားများအားလုံး လိုလားတောင့်တနေကြတဲ့ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အမြန်ဆုံးရရှိရေးအတွက်ကို ဦးတည်ချက်ထားရှေးရှုပြီး တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းဆွေးနွေးသွားကြဖို့နှင့် ဆွေးနွေးချက်ရလဒ်များကို အချိန်မဆိုင်းဘဲ ဆက်လက် အကောင်အထည်ဖော်သွားနိုင်ဖို့လည်း အရေးကြီးကြောင်း သတိပြုကြစေလိုပါတယ်။

"ဒီလိုဦးတည်ချက်ထား ရှေးရှုညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း အချိန်အတိုဆုံးနဲ့ အောင်မြင်တဲ့ဆွေးနွေးမှု ရလဒ်ကောင်းများရရှိဖို့လည်း အထူးပဲ လိုအပ်ပါတယ်။ ပိုးသာကုန် မောင်ပုံစောင်းမတတ် ဆိုသလို အချိန်ကုန်ခံ၊ ငွေကုန်ခံပြီး ဆွေးနွေးနေမှုသာရှိပြီး ရလဒ်ကောင်း အဖြေမရှိခဲ့ရင်၊ မရခဲ့ရင် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထာဝရငြိမ်းချမ်းရေး မျှော်လင့်ချက်ဟာလည်း သဲထဲရေသွန်သလို ဖြစ်နေမှာပဲဆိုတာ ကျွန်တော်တို့အားလုံးက သတိပြုကြဖို့လိုအပ်ပါတယ်။ ဒါ့အပြင် ၂၀၂၀ ပြည့်နှစ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးအရရော၊ ငြိမ်းချမ်းရေးအရရော အရေးကြီးတဲ့နှစ်၊ စိန်ခေါ်မှုများနဲ့ ပြည့်နှက်နေတဲ့နှစ်ဆိုတာလည်း သတိမမေ့ကြဘဲ ကန့်သတ်ချက်ကြားမှ စိန်ခေါ်မှုအသီးသီးကို စုပေါင်းစွမ်းအားဖြင့် အောင်မြင်စွာ ကျော်လွှားသွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ပြည်သူတစ်ရပ်လုံးက ရွေးချယ်ထားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မြန်မာ့နည်း မြန်မာ့ဟန်နဲ့ လျှောက်လှမ်းနေတဲ့ နိုင်ငံဖြစ်တဲ့အပြင် ထပ်မံ၍လည်း ပိုမိုပြီးပြည့်စုံနိုင်မယ့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ဖို့လည်း နိုင်ငံရေးပိုင်းမှာရော၊ တပ်ပိုင်းဆိုင်ရာ ထာဝရငြိမ်းချမ်းရေးကိစ္စရပ်များကိုလည်း ပြင်းပြတဲ့ဆန္ဒရှိနေကြတဲ့ ပြည်သူများလိုလားချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး ဆက်လက်အကောင်အထည်ဖော်သွားနိုင်ဖို့ ယခု JICM အစည်းအဝေးမှာ တိုက်တွန်းပြောကြားလိုပါတယ်။ ရလဒ်ကောင်းအဖြေ ၁ ရက်စောရရင် ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားများ ၁ ရက်စောပြီး စိတ်ချမ်းသာပျော်ရွှင်မှုခံစားရမှာဖြစ်တဲ့အပြင် ခေတ်မီနိုင်ငံတော်ကြီးဆီ ၁ ရက်စောရောက်အောင် အင်တိုက်အားတိုက် ယခုထက်ပိုမို စွမ်းဆောင်နိုင်ကြမှာဖြစ်လို့ EAO အသီးသီးကရော အစိုးရ၊ တပ်ပိုင်းဆိုင်ရာ တာဝန်ရှိသူပုဂ္ဂိုလ်များကပါ ဆွေးနွေးညှိနှိုင်းအဖြေရှာရာမှာ အချိန်ကာလယန္တရားကို အတိုဆုံးလျှော့ချနိုင်သမျှ လျှော့ချပြီး အမြန်ဆုံးရလဒ်ကောင်းများ ပြသနိုင်ရေး ကြိုးပမ်းပေးကြဖို့လည်း ပြောကြားလိုပါတယ်။



သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ် အမှာစကားပြောကြားစဉ်။

**ကြန့်ကြာမှုကို ကျော်လွှားသွား**

"ဒီလိုအချိန်ကန့်သတ်ချက်ယန္တရား လျှော့ချနိုင်ဖို့အတွက်ဆိုရင် နှစ်ဖက်ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းအဖြေရှာရာမှာ တောင်းဆိုတဲ့ဘက်ကလည်း ဖြစ်နိုင်ခြေရှိတာကိုသာ တောင်းဆိုဆွေးနွေးညှိနှိုင်းရင် လိုက်လျောဖို့ဖြစ်နိုင်ခြေ ရှိ၊ မရှိ ဆောင်ရွက်ပေးရမယ့် နိုင်ငံတော်အစိုးရဘက်မှာလည်း ညှိနှိုင်းအဖြေရှာရာမှာ အချိန်များစွာကြန့်ကြာမှုကို ကျော်လွှားသွားနိုင်မှာ ဖြစ်ပါတယ်။

"ကျွန်တော်တင်ပြတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးရဲ့ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့တာ ၂၀၁၉ ခုနှစ် အကုန်အထိဆိုရင် (၉)နှစ်ပြည့်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာ (၁၀)နှစ်ခရီးကိုတောင် လျှောက်လှမ်းနေပြီဖြစ်ပါတယ်။ ဒီမိုကရေစီသက်တမ်း နုပင်နုငြားသော်လည်း လက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်ဟာ ဒီမိုကရေစီနှင့်ပတ်သက်တဲ့ တည်ဆဲအခြေခံဥပဒေဖြစ်သည်နှင့်အညီ ပေးထားတဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တူညီတဲ့ရပိုင်ခွင့်၊ တူညီတဲ့လုပ်ငန်းတာဝန်၊ တူညီတဲ့ အာဏာခွဲဝေမှုနှင့် အခွင့်အရေးများအားလုံးဟာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို မတူညီသော ဒီမိုကရေစီအခွင့်ရေး၊ ဒေသအပေါ်အခြေခံတဲ့ ဒီမိုကရေစီ၊ လူမျိုးအလိုက်ပေါ်အခြေခံတဲ့ ဒီမိုကရေစီ မဖြစ်ရလေအောင် စုပေါင်းစဉ်းစားမှုအားမှတစ်ဆင့် ရရှိလာတဲ့ရလဒ်ဖြစ်လို့ (၉)နှစ်တာကာလအတွင်း ကြီးမားတဲ့ဒီမိုကရေစီကျင့်စဉ် ဖောက်လွဲဖောက်ပြန်မှုများ၊ ဒီမိုကရေစီ နောက်ကြောင်းပြန်လှည့်မှုများအပါအဝင် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်မှုများ လုံးဝနီးပါးမဖြစ်ပေါ်သလောက် ဖြစ်စေခဲ့တာဟာလည်း တွေ့ရမှာဖြစ်ပါတယ်။ သို့သော်လည်း ယနေ့ကမ္ဘာကြီး၏ Globalization ဖြစ်စဉ်များ၊ IT ခေတ်ရဲ့ ပြောင်းလဲတိုးတက်မှုဖြစ်စဉ်ဖြစ်ရပ်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း အတိုင်းအတာတစ်ခုအထိသာ ပြည့်စုံမှာဖြစ်ပြီး (၉)နှစ်ခရီး ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းခဲ့တဲ့ အတွေ့အကြုံများအရ ပြင်ဆင်သင့်တဲ့ အချက်အလက်အချို့လည်း ရှိကောင်း ရှိနေမှာဖြစ်ပါတယ်။ ဘယ်အရာမှ ပြီးပြည့်စုံတယ်ဆိုတာ မရှိတာဟာလည်း လောကရဲ့ နိယာမတစ်ခုလည်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့လည်း တည်ဆဲအခြေခံဥပဒေကို ပြင်ဆင်သင့်တာ ပြင်ဆင်နိုင်ရေးကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)ပါ ဥပဒေနဲ့အညီ ပြင်ဆင်နိုင်ရေးဆောင်ရွက်နေတာ ရှိသလို တပ်မတော်မှလည်း အခန်း(၁၂)ပါ ပြင်ဆင်ရေးဥပဒေနှင့်အညီ ပြင်ဆင်နိုင်ဖို့ဆိုတာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ထုတ်ဖော်ပြောကြားထားပြီး ဖြစ်ပါတယ်။

**နှစ်ဖက်ယုံကြည်မှုက အရေးကြီး**

"တစ်ပိုင်းကလည်း နိုင်ငံရေးအရ UPDJC မှာ အချိန်အတိုဆုံးနဲ့ ဖြစ်နိုင်ခြေရှိသည့်အချက်များပေါ်မှ အောင်မြင်မှုရလဒ် အသီးအပွင့်များရယူရန် ဆွေးနွေးသလို ထာဝရငြိမ်းချမ်းရေးအတွက်လည်း တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို JMC ဘက်ကတစ်ဆင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆွေးနွေးညှိနှိုင်း ကျော်ဖြတ်ကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ နှစ်ဖက်ယုံကြည်မှုက အရေးကြီးသလို ယုံကြည်မှုရဲ့ ဆန့်ကျင်ဘက်ကတော့ စိုးရိမ်ပူပန်မှုဖြစ်ပါတယ်။ ဒီအချက်ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ရာမှာ ကြီးမားတဲ့ ဟန့်တားနှောင့်ယှက်မှုကို ဖြစ်ပေါ်စေကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၁၇ ခုနှစ် မေ ၂၄ ရက်က ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးမှာ ထည့်သွင်းမှာကြားခဲ့တဲ့အပြင် NCA ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို လက်နက်ချခိုင်းတဲ့ စာချုပ်မဟုတ်ကြောင်း၊ တပ်မတော်ရဲ့ငြိမ်းချမ်းရေးရပ်တည်ချက်ဟာ ငြိမ်းချမ်းရေးမဟာဗျူဟာဖြစ်တဲ့ NCA လမ်းကြောင်းပေါ်မှာ မသွေမဖည် ခိုင်ခိုင်မာမာရပ်တည်လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ NCA လမ်းကြောင်းလျှောက်လှမ်းရာမှာလည်း ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ တပ်မတော်ရဲ့ အသိတရား၊ လက်ရှိ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အရိုတရားဖြစ်တဲ့အတွက် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးမူ (၆)ရပ်နှင့်အညီ ခိုင်မာစွာရပ်တည် လုပ်ဆောင်သွားမှာဖြစ်ကြောင်း ရှင်းလင်းစွာ အသိပေးထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ တပ်မတော်အပိုင်းအနေနဲ့ JICM မှာပဲဖြစ်ဖြစ် ၊ JMC မှာပဲဖြစ်ဖြစ်၊ UPDJC မှာပဲဖြစ်ဖြစ်၊ NCA လမ်းကြောင်းအတိုင်းသာ ဆက်လက်ခိုင်ခိုင်မာမာ ရပ်တည်လျက် ဆွေးနွေးညှိနှိုင်းမှုအချိန်ကာလ ယန္တရားလျှော့ချမှုအတွင်းမှ ထာဝရငြိမ်းချမ်းရေး အမြန်ဆုံးရရှိအောင် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

**စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

☆ စာမျက်နှာ ၃ မှ

"လုပ်ငန်းစဉ်တစ်ခု၊ တည်ဆောက်မှုတစ်ခုကို လုပ်ဆောင်ရာမှာ အခြေခံအုတ်မြစ် foundation ဆိုတာ မရှိမဖြစ်လိုအပ်ရာ ကျွန်တော်တို့ရဲ့ JICM ဟာ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ပြင်းပြတဲ့စိတ်ဆန္ဒအရ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးနှင့် စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေး အတွက် အချိန်ကာလယန္တရား လျှော့ချမှုအတွင်း ညှိနှိုင်းဆွေးနွေးကြပြီးနောက် ကောင်းမွန်တဲ့ရလဒ် အဖြေများ ရယူရာမှာ အဓိက Foundation တစ်ခုဖြစ်ပြီး ကျွန်တော်တို့ကလည်း Founder ဖြစ်တယ်လို့ ခံယူလျက် စိတ်ဆန္ဒပြင်းပြစွာနဲ့ အောင်မြင်မှုအသီးအပွင့်ကို ခံစားလိုကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ အားလုံးအတွက် စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမြန်ဆုံးရရှိအောင် ယနေ့မှစ၍ အားသွန်ခွန်စိုက် ရိုးသားမှု အမှန်တကယ် ငြိမ်းချမ်းရေးရယူလိုမှု၊ အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုအပေါ် အခြေခံလျက် စိတ်ရှည်သည်းခံခြင်း၊ မလျှော့တဲ့ လုံ့လဝီရိယတို့ဖြင့် ဆက်လက် ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်"ဟု ပြောကြားသည်။

### အဆင်ပြေချောမွေ့မယ်လို့ ယုံကြည်

ယင်းနောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ယာယီအဖွဲ့ခေါင်းဆောင်၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ်က "ဒီအစည်းအဝေးဖြစ်မြောက်အောင် အားတက်သရော ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြတဲ့ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များနဲ့ နှစ်ဖက်ခေါင်းဆောင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒီအစည်းအဝေးမှာ ဆွေးနွေးအတည်ပြုရမယ့် အကြောင်းအရာတွေကို နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေက နှစ်ကြိမ်တိုင်တိုင် ကြိုတင်ညှိနှိုင်းပြင်ဆင်ပြီးဖြစ်လို့ ဆွေးနွေးအတည်ပြုတဲ့အခါမှာ အဆင်ပြေချောမွေ့မယ်လို့ လေးနက်စွာ ယုံကြည်ပါတယ်။

"JICM ဟာ NCA စာချုပ်ရဲ့ အမြင့်ဆုံးယန္တရားဖြစ်သည်နှင့်အညီ တစ်နှစ်ကျော်ကြာ တည်ရှိနေတဲ့ တစ်ဆို့မှုတွေ ဖြေရှင်းပေးနိုင်မယ့် နည်းလမ်းတွေကို ဒီအစည်းအဝေးကနေ ချမှတ်ပေးရမှာ ဖြစ်ပါတယ်။ တစ်ဆို့မှုကျော်လွှားရေး နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေအတွက် ဆွေးနွေးညှိနှိုင်းရမယ့် အကြောင်းအရာတွေကို JICM ကနေ ချမှတ်အတည်ပြုပေးမှာ ဖြစ်ပါတယ်။ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေ တရားဝင်တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးအတွက် လမ်းဖွင့်ပေးရမှာဖြစ်ပါတယ်။ ၂၀၂၀ နှစ် လယ်လောက်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးကို ဦးတည်ပြီး လုပ်ငန်းအစီအစဉ် အဆင့်ဆင့်ကို ချမှတ်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

### နည်းလမ်းပေါင်းစုံနဲ့ ဝိုင်းဝန်းအဖြေရှာ

"NCA စာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပါဝင်သင့်ပါဝင်ထိုက်တဲ့ အဖွဲ့ အစည်းအားလုံး ပါဝင်မှသာ ပြီးပြည့်စုံအောင်မြင်မှာဖြစ်လို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ ဝိုင်းဝန်းအဖြေရှာကြဖို့ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ်



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး စဝ်စိုင်းငင်းတို့က သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

**JICM ဟာ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ပြင်းပြတဲ့ စိတ်ဆန္ဒအရ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးနှင့် စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေးအတွက် အချိန်ကာလယန္တရား လျှော့ချမှုအတွင်း ညှိနှိုင်းဆွေးနွေးကြပြီးနောက် ကောင်းမွန်တဲ့ ရလဒ်အဖြေများ ရယူရာမှာ အဓိက Foundation တစ်ခုဖြစ်**

ချမှတ်ရာမှာ လက်ရှိဖြစ်ပွားနေတဲ့ အဘက်ဘက်က အခြေအနေတွေကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ပြည်သူလူထုအကျိုး၊ ပြည်ထောင်စု ကောင်းကျိုးကို ဦးထိပ်ထားပြီး ၂၀၂၀နှစ်သစ်ကူးတဲ့ အချိန်မှာ တစ်တိုင်းပြည်လုံး မျှော်လင့်စောင့်စားနေတဲ့ ရလဒ်ကောင်းတွေကို နှစ်သစ်ကူးလက်ဆောင်မွန်အဖြစ် ဒီ JICM အစည်းအဝေးကနေ ယူဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက NCA အခန်း(၃) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များ၊ NCA အခန်း(၄) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင် လုပ်ဆောင်ခြင်းနှင့် NCA အခန်း(၆) ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များ အကောင်အထည်ဖော်ရေးကိစ္စ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ရယူရေးကိစ္စ၊ ၂၀၂၀ မတိုင်မီနှင့် ၂၀၂၀ အလွန် ဆက်လက်အကောင်အထည်ဖော်မည့် အဆင့်လိုက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ အဆင့်လိုက် အကောင်အထည်ဖော်မှုများကိစ္စ၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)တွင် ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်ကိစ္စများဖြစ်သည့် အပိုင်း (၁) NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် သဘောတူညီချက်၊ အပိုင်း (၂) ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ အပိုင်း (၃) အခြေခံမူသဘောတူညီချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းအတွင်း ကျင်းပနိုင်ရေးကိစ္စ၊ NCA ပါဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပိုမိုပါဝင်လာရေးအတွက် NCA အပေါ် အခြေခံ၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေးကိစ္စ၊ UPDJC နှင့် JMC အစည်းအဝေးများ ခေါ်ယူကျင်းပရန်ကိစ္စတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေး အတည်ပြုကြသည်။

### မှတ်တမ်းတင်လို

ယင်းနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ယာယီအဖွဲ့ခေါင်းဆောင်၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ စဝ်ယွက်စစ်က ယနေ့သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အတွက် ထူးမြတ်ပြီး မင်္ဂလာရှိသည့်နေ့တစ်နေ့အဖြစ် မှတ်တမ်းတင်လိုပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ဆို့မှုကျော်လွှားရေး ဆွေးနွေးရန်အတွက် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲများကတစ်ဆင့် ရလဒ်ကောင်းမွန်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးကို ယနေ့ (၈)ကြိမ်မြောက် JICM အစည်းအဝေးက မီးစိမ်းပြပေးလိုက်ပါကြောင်း၊ ထိုသို့ ရလဒ်ကောင်းများရအောင် ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးကျင်းပပြီး ကြိုးပမ်းပြင်ဆင်ပေးခဲ့ကြသည့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များနှင့် နှစ်ဖက်ခေါင်းဆောင်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှုများကို လေးစားဂုဏ်ပြုပါကြောင်း။

ယနေ့ အစည်းအဝေးကတစ်ဆင့် ခေါင်းဆောင်များအကြား တည်ရှိနေသည့် ယုံကြည်မှု၊ နားလည်မှု၊ အပြန်အလှန် အသိအမှတ်ပြုမှု၊ ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာစေခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်လျှင်အပြောသက်သက်မဟုတ်ဘဲ လက်တွေ့ကျကျ ဆောင်ရွက်ကြရန်လည်း သဘောထားရှိကြပါကြောင်း၊ မိမိတို့သည် တိုင်ပင်ဖော်တိုင်ပင်ဖက်၊ ဆွေးနွေးဖော်ဆွေးနွေးဖက်၊ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြရုံမျှမက NCA ကို ပူးတွဲပိုင်ဆိုင်သည့် သူများဖြစ်ကြသည့်အတွက် NCA နှင့်ပတ်သက်လျှင် နှစ်ဖက်စလုံးတွင် တာဝန်ကိုယ်စီရှိကြပါကြောင်း၊ NCA အောင်မြင်မှု အသီးအပွင့်အတွက် ဂုဏ်ပြုခြင်း ခံရသကဲ့သို့ တစ်ဆို့နှောင့်နှေးမှုအတွက်လည်း အပြောအဆို ခံရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် NCA အကောင်အထည်ဖော်ဆောင်မှုများ ပြီးစီးအောင်မြင်အောင် လက်တွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခု အစည်းအဝေးပြီးသည်နှင့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ၏ ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရန်ရှိပါကြောင်း၊ ညှိနှိုင်းရေးအဖွဲ့များအနေဖြင့် ယခုအစည်းအဝေးက ချမှတ်ပေးလိုက်သည့် ဆွေးနွေးသည့် အကြောင်းအရာများနှင့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ညှိနှိုင်းဆွေးနွေးသည့်အခါတွင်လည်း အားလုံးအကျိုးမျှော်ကိုးပြီး အလျှော့၊ အတင်းလုပ်ရန်နှင့် လိုအပ်ပါက ရဲရဲဝံ့ဝံ့ လုပ်ဆောင်သွားကြစေလိုပါကြောင်း။ **စာမျက်နှာ ၅ သို့ ☆**

☆ စာမျက်နှာ ၄ မှ

တစ်ဖွဲ့ချင်းအလိုက် ဆွေးနွေးမှုနှင့် စုပေါင်းဆွေးနွေးမှုများကို ဟန်ချက်ညီအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဆွေးနွေးမှုရလဒ်များနှင့် လုပ်ငန်းစဉ်များကို သဟဇာတဖြစ်ရန်၊ အချိတ်အဆက်မိရန် သတိထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အားလုံးပါဝင်ရေးအတွက် ဆုံးဖြတ်ထားပြီးဖြစ်သည့်အတွက် ကွင်းဆင်းလက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန် တတ်နိုင်သမျှ ကြိုးပမ်းကြစေလိုပါကြောင်း၊ အခက်အခဲ ပြဿနာများ ကြုံတွေ့ရသည့်အခါ ဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယနေ့အစည်းအဝေးတွင် သဘောတူညီချက် (၈)ချက်ကိုလည်း အောင်မြင်စွာဖြင့် နှစ်ဖက်ပြေလည်စွာ ဆွေးနွေးညှိနှိုင်း အတည်ပြုနိုင်ခဲ့သည့်အတွက် ထပ်လောင်းဂုဏ်ယူပါကြောင်း၊ JICM အစည်းအဝေး ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၈)ကြိမ်ရှိပြီဖြစ်ပြီး ယခုအကြိမ်ကဲ့သို့ အဆင်ပြေ ချောမွေ့စွာဖြင့် တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်း၍ အောင်မြင်စေရန် ဆွေးနွေးအတည်ပြုနိုင်သည်မှာ များစွာကြည်နူးစရာ မြင်ကွင်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းမှာလည်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့အစည်းအားလုံးမှ တာဝန်ရှိသူများ၏ စွမ်းဆောင်ချက်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နောက်ကွယ်မှ ယခုကဲ့သို့ ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် ဆောင်ရွက်ပေးကြသည့် အလုပ်အမှုဆောင်အဖွဲ့များ၏ စွမ်းဆောင်ချက်ဟု ပြောမည်ဆိုပါကလည်း မမှားပါကြောင်း၊ ထို့ကြောင့် အလုပ်အမှုဆောင်အဖွဲ့များ၊ အတွင်းရေးမှူးအဖွဲ့များအားလုံးကိုလည်း ကျေးဇူးတင်ရှိပြီး ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်း။



(၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး (JICM) သဘောတူဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

> “ဒီနေ့အစည်းအဝေးမှာ သဘောတူညီချက် (၈) ချက်ရပါတယ်။ ဒီနေ့အစည်းအဝေးကတော့ အောင်မြင်တဲ့ အစည်းအဝေး ဖြစ်ပါတယ်။ အချိန်တိုတိုအတွင်းမှာလည်း ပြီးမြောက်ခဲ့တဲ့ အစည်းအဝေး ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက် ဆက်ပြီးတော့ လုပ်ဆောင်ရမယ့်လုပ်ငန်းစဉ်တွေကိုလည်း ဆက်ပြီးတော့ ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ JICM အစည်းအဝေးက ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်တွေ၊ သဘောတူညီချက်တွေပေါ်မှာ အခြေခံပြီးတော့ နှစ်ဦးနှစ်ဖက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တစ်ဖက်နှင့်တစ်ဖက် အတိုးအလျှော့ဖြင့် ဆောင်ရွက်**

ဆက်လက်၍လည်း JICM ၏ နောက်ဆက်တွဲ အကောင်အထည်ဖော် ဆွေးနွေးညှိနှိုင်းရမည့်ကိစ္စရပ်များကိုလည်း အတွင်းရေးမှူးအဖွဲ့များ၊ ညှိနှိုင်းဆွေးနွေးမှု အကောင်အထည်ဖော်ရေးအဖွဲ့များအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တနေသည့် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမြန်ဆုံး ဖြည့်ဆည်းနိုင်ရန်အတွက် ရေရှည်မြော်တွေး၍ တစ်ဖက်နှင့်တစ်ဖက် အတိုးအလျှော့ဖြင့် ဆောင်ရွက်ပေးကြပြီး ဆွေးနွေးညှိနှိုင်းကြရန်လည်း မိမိအနေဖြင့် တိုက်တွန်းလိုပါကြောင်း။

ထို့ပြင် အကောင်အထည်ဖော်သည့်အချိန်တွင်လည်း အဖွင့်တွင် မိမိဆွေးနွေးတင်ပြသကဲ့သို့ အချိန်ကာလယန္တရားကို အတတ်နိုင်ဆုံးလျှော့ချ၍ အောင်မြင်သည့် ရလဒ်အသီးအပွင့်များရရှိသည်အထိ အားလုံးဝိုင်းဝန်းကြိုးစားမှသာလျှင် မိမိတို့လိုလားတောင့်တနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးသို့ မလွဲမသွေ အရောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိ၏ နိဂုံးချုပ်စကားမှာ ဝမ်းသာစကားနှင့် ကျေးဇူးတင်စကားပင်ဖြစ်ပါကြောင်း၊ ပထမဆုံးအချက်မှာ မိမိတို့ ယခုအစည်းအဝေးကို အောင်အောင်မြင်မြင် ကျင်းပသွားနိုင်ခြင်းသည် နှစ်ဦးနှစ်ဖက်ကြားထဲတွင် နားလည်မှု ပိုပြီးရှိလာခြင်းနှင့် တစ်ယောက်နှင့်တစ်ယောက် ယုံကြည်မှုရှိလာသည်ဆိုသည်ကို ပြသခြင်းဖြစ်ပါကြောင်း၊ ရှေ့ပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ စဝ်ယွက်စစ်တို့ ပြောကြားသွားခဲ့သည့်အတိုင်း ယနေ့ကျင်းပသည့် JICM အစည်းအဝေးသည် ပြေပြေပြစ်ပြစ် ချောချောမောမော မြန်မြန်ဆန်ဆန်ပြီးခဲ့ပါကြောင်း၊ မိမိတို့ အချင်းချင်းနားလည်မှုယူနိုင်သည့် စွမ်းအားများသည်လည်း တိုးတက်လာပါကြောင်း၊ ယင်းမှာ မိမိတို့၏ အလုပ်အမှုဆောင်အဖွဲ့များ၊ ရုံးအဖွဲ့များ၏ ကြိုးစားမှုများကြောင့်ဖြစ်ပါကြောင်း၊ အားလုံးကို ကျေးဇူးတင်ပါကြောင်း။

**အင်မတန်မှ အားတက်ရ**

ဒုတိယအချက်မှာ ယခုအစည်းအဝေးနှင့် တိုက်ရိုက်မဆက်စပ်သော်လည်း မိမိပြောကြားလိုသည်မှာ မိမိတို့နိုင်ငံ အခက်အခဲနှင့် ရင်ဆိုင်နေရသည့်နေရာတွင် မိမိတို့၏ ပြည်ထောင်စုသားချင်းများ၊ အဖွဲ့အစည်းများ ဝိုင်းဝန်းပြီး အားပေးထောက်ခံပေးသည့်အတွက် မိမိတို့ အင်မတန်မှ အားတက်ရပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း။

တတိယအချက်အနေဖြင့် ယနေ့အစည်းအဝေးသို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့လုံးတက်ရောက်ကြပါကြောင်း၊ ထိုသို့ ၁၀ ဖွဲ့လုံး တက်ရောက်နိုင်အောင် အင်မတန်မှ ကြိုးစားပမ်းစားလုပ်ခဲ့ရပါကြောင်း၊ ထိုသို့ စည်းစည်းလုံးလုံး စုစုဝေးဝေး အားလုံး စုံစုံလင်လင် တက်ရောက်သည့်အတွက် များစွာဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ပြည်ထောင်စုအတွက်၊ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ယခုအစည်းအဝေးသည် အင်မတန်မှကောင်းသည့် နိမိတ်ဖြစ်ပါကြောင်း၊ နှစ်ဦးအစတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ပထမဦးဆုံးကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ပထမဆုံး အစည်းအဝေးတွင် မိမိတို့ ယခုလို အောင်မြင်မှုများ၊ ဝမ်းသာစရာများ၊ ကျေနပ်စရာများ များစွာဖြစ်ခဲ့ခြင်းသည် ကောင်းသည့် နိမိတ်ဖြစ်သည့်အတွက် ယခုမင်္ဂလာနှစ်သစ်ကူးသည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နှစ်သစ်ကူးတစ်ခုဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့သည် ယင်းအပေါ်အခြေခံပြီး များစွာကြိုးစားပြီး အလုပ်လုပ်ရဦးမည်ဆိုသည်ကို နားလည်ပါကြောင်း၊ အစကောင်းမှ အနှောင်းသေချာဆိုသည့်အတိုင်း ယခုနှစ်ကူး၊ နှစ်သစ်အစသည် အင်မတန်ကောင်းမွန်ခြင်းကြောင့် နောင်တွင်လည်း ပိုပြီးကောင်းသော၊ ပို၍ပို၍ကောင်းသော ရလဒ်များထွက်ပေါ်လာမည်ဟုလည်း ယုံကြည်ပါကြောင်း၊ မိမိတို့ ယုံကြည်ချက်အတိုင်း အောင်မြင်ရန်လည်း အားလုံးဝိုင်းဝန်းကြိုးစားပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

အစည်းအဝေးအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး စဝ်စိုင်းငင်းတို့က ယနေ့ညှိနှိုင်းအစည်းအဝေးရလဒ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက “JICM ကျင်းပပြုလုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဒီတစ်ကြိမ်က အချိန်တိုတိုအတွင်း သဘောတူချက်တွေ ရယူနိုင်ခဲ့တဲ့ အစည်းအဝေးဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားတဲ့အတိုင်း ငြိမ်းချမ်းရေးအတွက် အတိတ်နိမိတ်ကောင်းကို ကောင်းမွန်စွာနဲ့ စတင်နိုင်တဲ့ အစည်းအဝေးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီနေ့အစည်းအဝေးမှာ သဘောတူညီချက် (၈) ချက်ရပါတယ်။ သဘောတူညီချက်တွေဟာ NCA အခန်း (၃၊၄၊၆) အဲဒါတွေနဲ့ပတ်သက်လို့လည်း ဆောင်ရွက်သွားမယ့်အပေါ်မှာ သဘောတူညီချက်ရပါတယ်။

“နောက်တစ်ခုကတော့ NCA အကောင်အထည်ဖော်တာနဲ့ ပတ်သက်ပြီးတော့ နှစ်ဦးနှစ်ဖက်ကြားမှာ မူဘောင်သဘောတူညီချက်တွေရယူဖို့ ၂၀၂၀ အလွန်မှာ ဆက်လက်ဆောင်ရွက်မယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်တွေ၊ အဆင့်လိုက် အကောင်အထည်ဖော်မှုတွေ ဒီအပေါ်မှာ JICM က ဒီကနေ့သဘောတူလိုက်ပါပြီ။ နောက်တစ်ခုကတော့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ချုပ်ဆိုမယ့် စာချုပ်ပုံစံကိုလည်း သဘောတူညီနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်း ပထမလေးလတာကာလအတွင်းမှာ ကျင်းပဖို့ကို ခေါင်းဆောင်တွေ ဆုံးဖြတ်ခဲ့ပါတယ်။

“နောက်တစ်ချက်ကတော့ NCA အခိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ပတ်သက်လို့လည်း အလုပ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ဖို့ ခေါင်းဆောင်တွေက ချမှတ်ပေးခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေပါဝင်ဖို့ NCA အခြေခံနဲ့ ဆက်လက်ဆောင်ရွက်သွားဖို့ဆိုတဲ့ အချက်ပေါ်မှာလည်း သဘောတူညီမှုရရှိခဲ့ပါတယ်။ နောက်ဆုံးအချက်ကတော့ UPDJC နဲ့ JMC အစည်းအဝေးတွေကို (၈) ကြိမ်မြောက် JICM အစည်းအဝေးအပြီး (၂)လအတွင်းမှာ ခေါ်ယူကျင်းပဖို့ဆိုတဲ့အပေါ်မှာလည်း သဘောတူညီချက်တွေရပါတယ်။ အားလုံးပေါင်း(၈)ချက်သဘောတူညီချက်ရပါတယ်။ ဒီနေ့အစည်းအဝေးကတော့ အောင်မြင်တဲ့အစည်းအဝေး ဖြစ်ပါတယ်။ အချိန်တိုတိုအတွင်းမှာလည်း ပြီးမြောက်ခဲ့တဲ့အစည်းအဝေး ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက် ဆက်ပြီးတော့ လုပ်ဆောင်ရမယ့်လုပ်ငန်းစဉ်တွေကိုလည်း ဆက်ပြီးတော့ ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ JICM အစည်းအဝေးက ချမှတ်လိုက်တဲ့ဆုံးဖြတ်ချက်တွေ၊ သဘောတူညီချက်တွေပေါ်မှာ အခြေခံပြီးတော့ နှစ်ဦးနှစ်ဖက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

“ပြည်ထောင်စုသဘောတူညီချက်မှာ (၃) ပိုင်း ပါပါတယ်။ အပိုင်း(၁)ကတော့ NCA အကောင်အထည်ဖော်မှုနဲ့ပတ်သက်တဲ့ မူဘောင်သဘောတူညီချက်၊ မူဘောင်သဘောတူညီချက်ဆိုတာက အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင် လုပ်ဆောင်တဲ့အပိုင်းပါ။ ဒီအရာတွေကို ဘယ်လိုဆောင်ရွက်သွားကြမလဲ။ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဘယ်လိုသွားကြမလဲဆိုတဲ့ မူဘောင်သဘောတူညီချက်တွေ ဖြစ်ပါတယ်။ အပိုင်း(၂) ကတော့ ၂၀၂၀ အလွန် အဆင့်အလိုက် လုပ်ငန်းစဉ်တွေနဲ့ အဆင့်အလိုက်အကောင်အထည်ဖော်မှုတွေ ဖြစ်ပါတယ်။ ဒီတစ်ကြိမ်ကျင်းပမယ့် ညီလာခံက အခုအစိုးရသက်တမ်းမှာ နောက်ဆုံးကျင်းပတဲ့ညီလာခံဖြစ်မှာပါ။ ၂၀၂၀ ရွေးကောက်ပွဲတွေပြီးရင် နောက်ထပ်အစိုးရ အပြောင်းအလဲတွေဖြစ်လာမယ်။ ဒီအချိန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ဘယ်လိုဆက်ပြီး သွားကြမလဲဆိုတဲ့အပေါ်မှာ စိုးရိမ်ပူပန်မှုရှိပါတယ်။ စိုးရိမ်ပူပန်မှုရှိတဲ့အပေါ်မှာ အားလုံးက သဘောတူတဲ့ အဆင့်လိုက် အဆင့်လိုက် ဘယ်လိုသွားမလဲ၊ ဘယ်အဆင့်ပြီးရင်ဘယ်လိုသွားမလဲဆိုတာကို သဘောတူညီချက်ယူမယ်။ ရရှိလာတဲ့ သဘောတူညီချက်ကို အပိုင်း(၂)မှာ ထည့်သွင်းမှာဖြစ်ပါတယ်။ အပိုင်း(၃)ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံမူသဘောတူညီချက်တွေ ဖြစ်ပါတယ်။

**အပိုင်း(၃)ပိုင်းနဲ့ပါဝင်**

“ပြည်ထောင်စုသဘောတူညီချက် (၁) နဲ့ (၂) မှာ (၅၁) ချက်ရထားပြီး ဖြစ်ပါတယ်။ ရထားပြီးတဲ့ အခြေခံမူတွေကြားမှာ ဆွေးနွေးဖို့ရှိပါတယ်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဘက်ကလည်း ဘုံအားဖြင့် သဘောတူညီထားတဲ့ ဖက်ဒရယ်အခြေခံမူတွေရှိတယ်။ EAOs ဘက်မှာလည်း ဘုံအားဖြင့် သဘောတူညီထားတဲ့ ဖက်ဒရယ်အခြေခံမူတွေရှိပါတယ်။ ဒါတွေနဲ့ နှစ်ဦးနှစ်ဖက်ညှိနှိုင်း လိုက်မယ်ဆိုရင် အားလုံးသဘောတူလက်ခံနိုင်တဲ့ ဖက်ဒရယ်မူတွေ ရနိုင်သမျှ ရနိုင်ပါတယ်။ ရလာတဲ့သဘောတူညီချက်တွေကိုလည်း အပိုင်း (၃)အနေနဲ့ ထည့်ပြီးချုပ်မှာ ဖြစ်ပါတယ်။ ဒါက ပြည်ထောင်စုသဘောတူစာချုပ် အပိုင်း(၃)အနေနဲ့ လာမယ့်ညီလာခံမှာချုပ်ဆိုမှာ သည်အပိုင်း(၃)ပိုင်း နဲ့ပါဝင်မှာဖြစ်ပါတယ်။

“အဓိကကတော့ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေပါဝင်ဖို့ NRPC နဲ့ ငြိမ်းချမ်းရေးကော်မရှင်က ဆောင်ရွက်နေတယ်လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မိန့်ခွန်းမှာလည်း ပါပါတယ်။ အစိုးရနဲ့ EAOs ကြားမှာအစဉ်တစိုက်ဆွေးနွေးခဲ့တဲ့ကိစ္စဖြစ်တယ်။ EAOs အနေနဲ့ညှိနှိုင်းတာတွေရှိသလိုပဲ အစိုးရအပိုင်းမှာလည်း ညှိနှိုင်းဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဒီလပိုင်းမှာပဲ ပြန်တွေ့ဖို့ရှိပါတယ်။ ပြီးခဲ့တဲ့လမှာ တွေ့ခဲ့တာတွေ ရှိပါတယ်။ အထူးသဖြင့် မြောက်ပိုင်းအဖွဲ့ လေးဖွဲ့နဲ့ဖြစ်ပွားနေတဲ့ လက်နက်ကိုင်တိုက်ပွဲတွေနဲ့ပတ်သက်လို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးထားတာရှိပါတယ်။ ဖြစ်ပွားနေတဲ့ အရာတွေကို အမြန်ဆုံးလျှော့ချဖို့ဆိုရင် နှစ်ဖက်သဘောတူညီချက်ရဖို့ လိုပါတယ်။ အဲဒါကို ကျွန်တော်တို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ တရားဝင်ဆွေးနွေးပွဲတွေလုပ်သလိုပဲ အလုပ်သဘောဆွေးနွေးပွဲတွေ လုပ်ပါတယ်။

“ဒီနေ့ JICM ကတော့ (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပဖို့ ဆုံးဖြတ်လိုက်တဲ့ ကာလကိုလည်း အကြမ်းဖျင်းသတ်မှတ်ပေးလိုက်ပါတယ်။ အစိုးရနဲ့ EAOs တို့အကြားမှာ နိုင်ငံရေးအပိုင်း၊ တပ်ပိုင်း (၂)ပိုင်းရှိတယ်။ အဲဒီ (၂) ပိုင်းမှာ အားလုံးနဲ့ဆိုင်တဲ့ အပိုင်းတွေလည်း ရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေပါဝင်ဖို့ အခုလုပ်တဲ့အခါမှာလည်း ယခင်လည်းဖိတ်ခဲ့ပါတယ်။ အဲဒီအဖွဲ့တွေကို

စာမျက်နှာ ၇ သို့ ☆

# နိုင်ငံရေးစားပွဲဝိုင်းတွေမှာဝင်ထိုင်ပြီး ကိုယ့်ရဲ့လိုအင်ဆန္ဒ၊ ကိုယ့်ရဲ့လိုလားချက်တွေကို ပွင့်ပွင့်လင်းလင်းပြောပြပြီး ကျွန်မတို့နဲ့ ဆွေးနွေးဖို့လိုပါတယ်

## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၈)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) တွင်ပြောကြားသည့် အဖွင့်မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်)



**JICM အစည်းအဝေး၏အရေးပါမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုခြင်း**

ဒီကနေ့အစည်းအဝေးကတော့ (၈)ကြိမ်မြောက် JICM အစည်းအဝေးပဲဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးဟာ ကျွန်မတို့အားလုံး လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးပါတဲ့ မှတ်တိုင်တစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ တစ်နှစ်ကျော်ကြာကာလအတွင်းမှာ တရားဝင်ဆွေးနွေးပွဲတွေကို ပထမဆုံးအကြိမ် ပြန်လည်စတင်နိုင်တဲ့ဆုံမှတ်တစ်ခုဖြစ်သလို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကိုအောင်အောင်မြင်မြင်၊ နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပနိုင်ဖို့အတွက် အရေးကြီးတဲ့ အကြိုပြင်ဆင်မှုလည်း ဖြစ်ပါတယ်။

ကျွန်မတို့အားလုံးအနေနဲ့ မတူညီတဲ့အမြင်တွေ၊ ထပ်တူမကျတဲ့ စဉ်းစားတွေးခေါ်မှုတွေ ရှိနေကြပေမယ့်လည်း ကျွန်မတို့အားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင်က အမျိုးသားတန်းတူရေးနဲ့ အမျိုးသားညီညွတ်ရေးကို အခြေခံတဲ့ "ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး" ပဲ ဖြစ်ပါတယ်။ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကို အဆုံးသတ်စေဖို့၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ဖို့အတွက် ကျွန်မတို့အားလုံးရဲ့ အနာဂတ်ပြည်ထောင်စု အိပ်မက်ဟာ အငြင်းပွားဖွယ်ရာမရှိ တစ်ထပ်တည်းကျနေတယ်ဆိုတာကို အားလုံးသိရှိနားလည် လက်ခံထားကြပြီးဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ပြည်ထောင်စုကို "ဥမကွဲသိုက်မပျက်"အရှည်သဖြင့် တည်တံ့ခိုင်မြဲစေဖို့ဆိုရင် အားလုံးသဘောတူလက်ခံနိုင်တဲ့ "ဖက်ဒရယ်ပြည်ထောင်စုပုံစံ"နဲ့ပဲ ရှေ့ကိုဆက်သွားဖို့ဖြစ်ပါတယ်။

"ဖက်ဒရယ်ပြည်ထောင်စုအိပ်မက်"ကို အတူတကွ အိပ်မက်မက်ကြသူတွေဖြစ်တဲ့ ကျွန်မတို့အားလုံးဟာ ပန်းတိုင်ကို စိတ်တူကိုယ်တူသတ်မှတ်ထားပြီးသားဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ မျှော်မှန်းချက်ကဘာလဲဆိုတာ အားလုံးရဲ့သဘောထား တစ်ထပ်တည်းကျနေပြီးသားဖြစ်ပါတယ်။ ဒီအပေါ်မှာ ဘယ်သူကမှ သံသယမရှိကြပါဘူး။ ဒါပေမယ့် ဒီအိပ်မက်ကို ဘယ်လိုပုံဖော်ကြမလဲ၊ ကျွန်မတို့အားလုံး သတ်မှတ်ထားပြီးသားဖြစ်တဲ့ ပန်းတိုင်ကိုရောက်အောင် ကျွန်မတို့ဘယ်လိုသွားကြမလဲဆိုတဲ့ နည်းနာပိုင်းဆိုင်ရာမှာပဲ အမြင်မတူညီတာတွေ ရှိနေတာဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေးမှာ မတူညီတဲ့နည်းနာပိုင်းဆိုင်ရာ စဉ်းစားချက်တွေကို ဘုံသဘောတူလက်ခံတဲ့ အနေအထားကို ရှာဖွေနိုင်ဖို့ သဘောတူညီချက်တွေ ချမှတ်မှာဖြစ်တဲ့အတွက် ဒီကနေ့အစည်းအဝေးဟာ တရားဝင်အစည်းအဝေးတွေ "ပြန်လည်စတင်နိုင်ခြင်း" ဆိုတာထက်ပိုမိုသာလွန်တဲ့ နိုင်ငံရေးအနှစ်သာရကို ဖော်ပြနေပါတယ်။

**လာမည့် (၂၁)ရာစုပင်လုံညီလာခံတွင် နိုင်ငံတော် အစိုးရ၏ ငြိမ်းချမ်းရေးရည်မှန်းချက်များ**

ကျွန်မတို့အစိုးရအနေနဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို စတင်အကောင်အထည်ဖော်ခဲ့ချိန်မှာ NCA စာချုပ်ကို အခြေခံပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံအုတ်မြစ်ကောင်းတွေ ချမှတ်နိုင်မယ့်နိုင်ငံရေး သဘောတူညီချက်တွေရရှိနိုင်ဖို့ ရည်မှန်းချက်ထားရှိခဲ့ပါတယ်။ ပြန်ပြီးကြည့်ရင် နှစ်ဆယ်ရာစုပင်လုံညီလာခံနဲ့ ပြည်ထောင်စုကို အတူတကွတည်ဆောက်ကြဖို့ ကျွန်မတို့ရဲ့ မိဘတွေ၊ ကျွန်မတို့ရဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ သဘောတူညီခဲ့ကြပါတယ်။ ဒါပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင့် အားလုံးမျှော်မှန်းခဲ့တဲ့ ပြည်ထောင်စုကြီးက အကောင်အထည်ပေါ်မလာနိုင်ခဲ့ဘဲ လက်နက်ကိုင်ပဋိပက္ခနဲ့ ကျွန်မတို့ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်မတို့ရဲ့မိဘ၊ ဘိုးဘွားတွေအိပ်မက်မက်ခဲ့တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ဆက်လက်ပြီးတည်ဆောက်နိုင်ဖို့ အရေးကြီးတဲ့ ဖက်ဒရယ်မူတွေရှိဖို့ လိုပါတယ်။ ဒီလိုဖက်ဒရယ်မူတွေချမှတ်နိုင်ဖို့အတွက် မြော်တွေးပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျွန်မတို့ ကျင်းပနေတာ ဖြစ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (၃) ကြိမ်မှာ ကျွန်မတို့အားလုံး သဘောတူချမှတ်နိုင်ခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းတွေအဖြစ် သဘောတူညီချက် (၅၁)ချက်ကို ရရှိထားပြီး ဖြစ်ပါတယ်။ ရရှိထားတဲ့ (၅၁)ချက်ဟာ ကျွန်မတို့အားလုံးမျှော်မှန်းထားတဲ့ ပြည်ထောင်စုအိပ်မက်အတွက် လုံလောက်တဲ့အခြေခံမူတွေတော့ မဟုတ်သေးပါဘူး။ အနာဂတ်ပြည်ထောင်စုကို ပုံဖော်နိုင်ဖို့ ပိုမိုပြည့်စုံ၊ ပိုမိုလွှမ်းခြုံနိုင်တဲ့ ဖက်ဒရယ်အခြေခံမူတွေရရှိအောင် ကျွန်မတို့အားလုံးဆက်လက်ပြီးတော့ ကြိုးပမ်းအားထုတ်ကြရမှာပဲ ဖြစ်ပါတယ်။

ဒါ့အပြင်၂၀၂၀ အလွန်ကာလတွေမှာလည်း NCA အကောင်အထည်ဖော်မှုနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဘယ်လိုဆက်ပြီး ဖော်ဆောင်ကြမလဲဆိုတာနဲ့ပတ်သက်ပြီးတော့လည်း အားလုံးသဘောတူလက်ခံနိုင်ပြီး သေချာရေရာတဲ့ လုပ်ငန်းစဉ်တွေ၊ ဦးစားပေးအစီအစဉ်တွေ ချမှတ်နိုင်ဖို့ဟာလည်း အထူးပဲအရေးကြီးတယ်ဆိုတာ ကျွန်မတို့အားလုံးနားလည်လက်ခံထားကြပြီး ဖြစ်ပါတယ်။ ဒီလိုရေရှည်သဘောဆောင်တဲ့ လုပ်ငန်းစဉ်တွေချမှတ်နိုင်ခြင်းဟာ ကျွန်မတို့အားလုံး လျှောက်လှမ်းနေတဲ့လမ်းကြောင်းကို ပိုမိုပြီး ခိုင်မာအားကောင်းအောင် အားလုံးကဝိုင်းဝန်းစဉ်းစားကြိုးပမ်းနေကြတာဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းမြောက်ဝမ်းသာရှိပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း NCA ဟာ အားလုံးပူးတွဲပိုင်ဆိုင်တာ ဖြစ်ပါတယ်။ လက်မှတ်ရေးထိုးထားတဲ့အစုအဖွဲ့တွေအားလုံးကမျှဝေပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြဖို့ လိုပါတယ်။ ဒီစာချုပ်ထဲကမှ ကိုယ်ကြိုက်တာကိုပဲယူမယ်၊ ကိုယ်မကြိုက်တာမယူဘူး၊ ကိုယ်သဘောကျတဲ့အပိုင်းကိုပဲ အကောင်အထည်ဖော်မယ်၊ သဘောမကျရင်အကောင်အထည်မဖော်ဘူးဆိုတာမျိုးတွေကို ရှောင်ကြဉ်ကြဖို့ ကျွန်မအနေနဲ့ အလေးအနက် သတိပေးလိုပါတယ်။ အစုအဖွဲ့တစ်ဖွဲ့ဖွဲ့က ဒီလိုပုံစံမျိုး လိုချင်တာကိုပဲကွက်ပြီး ယူမယ်၊ မကြိုက်တာဆိုရင် ရှောင်လွှဲနေမယ်ဆိုရင် ကျန်တဲ့အစုအဖွဲ့တွေအားလုံးမှာလည်း အခက်အခဲတွေဖြစ်လာစေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အကျပ်အတည်းတွေ ဆက်တိုက်ဖြစ်ပေါ်လာစေနိုင်ပါတယ်။ စာချုပ်ပေါ်မှာ ရေးထိုးထားတဲ့ လက်မှတ်တွေဟာ ကတိသစ္စာတည်ကြည်မှုနဲ့ မှန်ကန်ဖြောင့်မတ်မှုကို ကိုယ်စားပြုပါတယ်။

ပြောရရင် ကျွန်မတို့အစိုးရအနေနဲ့ NCA မှာ စတင်ပါဝင်လက်မှတ်ထိုးခဲ့တာမဟုတ်ပါဘူး။ ဒါပေမယ့်လည်း အစိုးရတစ်ခုနဲ့တစ်ခု လွှဲပြောင်းတာဝန်ထမ်းဆောင်တဲ့အချိန်မှာ အစိုးရအစဉ်အဆက်တာဝန်ရှိမှု၊ တာဝန်သိမှုတွေကိုလည်း လွှဲပြောင်းရယူထမ်းဆောင်ရတာ ဖြစ်ပါတယ်။ ဒီအပေါ်မှာ ကျွန်မတို့ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပန်းတိုင်တူပေမယ့် နည်းနာပိုင်းဆိုင်ရာတွေမှာ မတူညီနိုင်သေးတာ လက်ခံနိုင်ပါတယ်။ မတူညီတာတွေကို တူညီလာအောင် ကျွန်မတို့အားလုံး ညှိညှိနှိုင်းနှိုင်းတိုင်တိုင်ပင်ပင်နဲ့ အဖြေရှာရမှာပဲ ဖြစ်ပါတယ်။ နည်းနာပိုင်းဆိုင်ရာကွဲလွဲမှုတွေကို အပြန်အလှန်နားလည်မှု၊ အပြန်အလှန်

> **အစုအဖွဲ့တစ်ဖွဲ့ဖွဲ့က ဒီလိုပုံစံမျိုး လိုချင်တာကိုပဲကွက်ပြီး ယူမယ်၊ မကြိုက်တာဆိုရင် ရှောင်လွှဲနေမယ်ဆိုရင် ကျန်တဲ့အစုအဖွဲ့တွေအားလုံးမှာလည်း အခက်အခဲတွေဖြစ်လာစေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အကျပ်အတည်းတွေ ဆက်တိုက်ဖြစ်ပေါ်လာစေနိုင်ပါတယ်။ စာချုပ်ပေါ်မှာ ရေးထိုးထားတဲ့ လက်မှတ်တွေဟာ ကတိသစ္စာတည်ကြည်မှုနဲ့ မှန်ကန်ဖြောင့်မတ်မှုကို ကိုယ်စားပြုပါတယ်။**

ယုံကြည်မှု အခြေခံတွေနဲ့ ညှိနှိုင်းတိုင်ပင်မယ်ဆိုရင် ပိုပြီး အဆင်ပြေ ချောမွေ့ပါလိမ့်မယ်။ ဒါ့ကြောင့် ကျွန်မတို့အချင်းချင်းကြားမှာ အရေးပါတဲ့ယုံကြည်မှုတည်ဆောက်ရေးကိုလည်း မျက်ခြည်မပြတ်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**အပစ်ရပ်မထားသည့်အဖွဲ့များနှင့် NCA လက်မှတ်မထိုးရသေးသည့် အဖွဲ့များပါဝင်လာရေး**

ကျွန်မတို့ ဒီကနေ့တရားဝင်အစည်းအဝေးမှာ တွေ့ဆုံပြီး လက်ရှိအစိုးရရဲ့သက်တမ်းသာမက နောက်အစိုးရလက်ထက်မှာပါ ဆက်လက်ဖော်ဆောင်နိုင်မယ့် လုပ်ငန်းစဉ်တွေကို ဆွေးနွေးညှိနှိုင်းကြချိန်မှာ ပစ်ခတ်တိုက်ခိုက်မှုမရပ်စဲနိုင်သေးတဲ့ အဖွဲ့တွေ၊ NCA လက်မှတ်မထိုးနိုင်သေးတဲ့အဖွဲ့တွေ ကျန်နေပါသေးတယ်။ ဒီအဖွဲ့တွေအားလုံးနဲ့စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံပြီး ပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲဖို့၊ NCA မှာ ပါဝင်နိုင်ဖို့ ကျွန်မတို့ရဲ့ NRPC နဲ့ ငြိမ်းချမ်းရေး ကော်မရှင်က ကြိုးပမ်းဆောင်ရွက်နေပါတယ်။ NCA ထီးရိပ်အောက်မှာ ရောက်ရှိလာဖို့ ကျွန်မတို့ အမြဲတမ်း ဖိတ်ခေါ်ကမ်းလှမ်းနေပါတယ်။ ဒီအဖွဲ့တွေအနေနဲ့ NCA ရဲ့ ထီးရိပ်အောက်မှာ စုပေါင်းဆွေးနွေးမှုတွေ ပြုလုပ်နိုင်သလို၊ လိုအပ်ရင် လိုအပ်သလို တစ်ဖွဲ့ချင်းနဲ့ သီးခြားဆွေးနွေးနိုင်ကြဖို့ကိုလည်း ကျွန်မတို့ အစိုးရအနေနဲ့ တံခါးဖွင့်ထားပြီး ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးနိုင်ဖို့လည်း NCA မှာလည်း အတိအလင်း ဖော်ပြထားပြီး ဖြစ်ပါတယ်။

နှစ်ပေါင်း (၇၀)ကျော်ရှည်ကြာခဲ့ပြီဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကနေ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းသည်သာ လက်တွေ့ကျပြီး ထိရောက်နိုင်မယ်ဆိုတာ သင်ခန်းစာရရှိခဲ့ကြပြီး ဖြစ်ပါတယ်။ မမျှော်လင့်ဘဲ လက်နက်ကိုင်တိုက်ခိုက်မှုတွေများလာတဲ့ ကိစ္စနဲ့ပတ်သက်လို့လည်း ကျွန်မတို့အနေနဲ့ သတိပေးချင်ပါတယ်။ လက်နက်ကိုင်ပြီး အားသာချက်ယူတာမျိုး၊ ဖြေရှင်းချက်အသစ်တွေကို စိတ်ကူးယဉ်တာမျိုးတွေနဲ့ ကျွန်မတို့ နိုင်ငံ့ပြဿနာတွေကို ဖြေရှင်းလို့ မရနိုင်ပါဘူး။

နှစ်ပေါင်း (၇၀)ကျော် ဒီနိုင်ငံရဲ့ ဒဏ်ရာဒဏ်ချက်တွေ၊ တိုင်းရင်းသားပြည်သူတွေ၊ အပြစ်မဲ့ကလေးသူငယ်တွေရဲ့ ဒုက္ခသံသရာလည်နေတာတွေက လက်နက်ကိုင်ပဋိပက္ခရဲ့ ဆိုးကျိုးကို မျက်မြင်ကိုယ်တွေ့သက်သေပြနေပါတယ်။ လက်နက်ကိုင်တိုက်ပွဲတွေကြောင့် အပြစ်မဲ့ပြည်သူတွေ ထိခိုက်ရတယ်၊ ကျေးရွာတွေထိခိုက်ရတယ်၊ ပြည်သူတွေ ဒုက္ခသည်စခန်းတွေမှာ ဆင်းဆင်းရဲရဲနေကြရတယ်။ ဒါတွေက မြင်သာတဲ့ဆိုးကျိုးတွေပါ။ မမြင်သာတဲ့ ဆိုးကျိုးတွေက တိုက်ပွဲဖြစ်ပွားရာဒေသ၊ ဒေသခံတိုင်းရင်းသားတွေရဲ့ အနာဂတ်တွေ မှေးမှိန်ပျောက်ကွယ်သွားရတာပဲဖြစ်ပါတယ်။ ရေတိုခဏကာလမှာတော့ မာန်မာနတွေ၊ အာဃာတတွေနဲ့ လက်နက်ကိုင်တိုက်ပွဲတွေမှာ စီးမျောနေကြပါလိမ့်မယ်။ ရေရှည်ကာလမှာတော့ ဒီလက်နက်ကိုင်တိုက်ပွဲတွေရဲ့ နောက်ကွယ်မှာ ပေးဆပ်လိုက်ရတာက ကျွန်မတို့တိုင်းရင်းသားတွေ၊ ကျွန်မတို့တိုင်းရင်းသားဒေသတွေဆိုတာကို တဖြည်းဖြည်းချင်း အထင်အရှား တွေ့မြင်လာကြရပါလိမ့်မယ်။

ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟာ နှစ်ပေါင်း (၇၀)ကျော် မြန်မာ့နိုင်ငံရေး သမိုင်းက သတ်မှတ်ပြဋ္ဌာန်းပေးလိုက်တဲ့ ဒီနိုင်ငံရဲ့ ထွက်ပေါက်ပဲဖြစ်ပါတယ်။ ဒါကိုလည်း နိုင်ငံရေးလှုပ်ရှားမှုတွေ၊ လက်နက်ကိုင်လှုပ်ရှားမှုတွေက နှစ်ပေါင်းများစွာ တန်ဖိုးကြီးကြီးမားမားပေးဆပ်ပြီး အဖြေထွက်လာတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံရေးစားပွဲဝိုင်းတွေမှာဝင်ထိုင်ပြီး ကိုယ့်ရဲ့

စာမျက်နှာ ၇ သို့ ■

■ စာမျက်နှာ ၆ မှ

လိုအင်ဆန္ဒ၊ ကိုယ့်ရဲ့လိုလားချက်တွေကို ပွင့်ပွင့်လင်းလင်း ပြောပြပြီး ကျွန်မတို့နဲ့ ဆွေးနွေးဖို့လိုပါတယ်။ ဒီလိုဆွေးနွေးနိုင်ဖို့အတွက်လည်း ကျွန်မတို့ငြိမ်းချမ်းရေးတံခါးဖွင့်ထားပေးတာဖြစ်ပါတယ်။ ဖွင့်လှစ်ထားတဲ့ ငြိမ်းချမ်းရေးတံခါးကနေ ဂုဏ်သိက္ခာရှိရှိ၊ ယုံကြည်မှုရှိရှိနဲ့ လျှောက်လှမ်းလာခဲ့ကြဖို့ ကျွန်မအနေနဲ့ အလေးအနက်တိုက်တွန်းပြောကြားလိုပါတယ်။

**ငြိမ်းချမ်းရေးအတွက် နှစ်သစ်ကူးသန္နိဋ္ဌာန်**

နိဂုံးချုပ်အနေနဲ့ ဒီကနေ့ JICM အစည်းအဝေးမှာ သဘောတူညီချက်တွေ ချမှတ်နိုင်ဖို့အတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေဟာ တစ်နှစ်ကျော်ကာလအတွင်းမှာ အလွတ်သဘောနဲ့ တရားဝင်တွေ့ဆုံမှု အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့ကြရပါတယ်။ နှစ်ဦးနှစ်ဖက် ကျေကျေလည်လည်ဖြစ်အောင်လည်း အချိန်ယူပြီး ဆွေးနွေးညှိနှိုင်း ငြင်းခုံခဲ့ကြရတာ ဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းခဲ့ကြတဲ့အတွက်လည်း JICM အစည်းအဝေးကို ဒီကနေ့ ကျင်းပနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ပါဝင်ကြိုးပမ်းခဲ့ကြသူအားလုံးအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပေါ်မှာ တန်ဖိုးထားပြီး စိတ်ရင်းစေတနာအပြည့်အဝနဲ့ ဆောင်ရွက်ခဲ့တာကို ကျွန်မအနေနဲ့ တန်ဖိုးထားပါတယ်။ ကျေးဇူးလည်း အထူးတင်ရှိပါတယ်။

ဒီကနေ့ JICM အစည်းအဝေးဟာ နိုင်ငံတကာနှစ်သစ်ကူးကာလမှာ စတင်ကျင်းပတဲ့ အစည်းအဝေးဖြစ်တဲ့အတွက် မင်္ဂလာရှိတယ်လို့လည်း မှတ်ယူနိုင်ပါတယ်။ နှစ်သစ်ကူးကာလတွေမှာ လူအတော်များများဟာ ပြီးခဲ့တဲ့နှစ်ဟောင်းကို ပြန်ပြောင်းသုံးသပ်ပြီး ရည်မှန်းချက်အသစ်တွေ၊ စိတ်ကူးအသစ်၊ သန္နိဋ္ဌာန်အသစ်တွေကို ချမှတ်ကြလေ့ရှိကြပါတယ်။ ဒီအချိန်ကာလမှာ ကျင်းပတဲ့ JICM အစည်းအဝေးမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကို မဖြစ်မနေကျင်းပဖို့ သဘောတူညီကြမှာ ဖြစ်ပါတယ်။ လာမယ့် (၂၁)ရာစု ပင်လုံညီလာခံမှာ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ပုံစံကို ဒီနေ့အစည်းအဝေးက ချမှတ်ပေးမှာဖြစ်ပါတယ်။ ဒ့ါအပြင် ၂၀၂၀ အလွန်နောက်အစိုးရလက်ထက်မှာပါ ဆက်လက်ဖော်ဆောင်နိုင်မယ့် ဦးစားပေးလုပ်ငန်းစဉ်တွေကို ညှိနှိုင်းဆွေးနွေးကြဖို့လည်း ဒီနေ့အစည်းအဝေးမှာ သဘောတူညီကြမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးတဲ့ သဘောတူညီချက်တွေကို နှစ်ဆန်းနှစ်ဦးပိုင်းမှာ ကျင်းပပြုလုပ်တဲ့ ဒီကနေ့ JICM အစည်းအဝေးမှာ ချမှတ်မှာဖြစ်တဲ့အတွက် လာခြင်းကောင်းတဲ့ နှစ်သစ်ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ပြောရရင် ဒီကနေ့ JICM အစည်းအဝေးဟာ နှစ်သစ်ကူးကာလမှာ ငြိမ်းချမ်းရေးသန္နိဋ္ဌာန်အသစ်တွေ ချမှတ်ကြတဲ့သဘောလည်း ဆောင်ပါတယ်။ ဒီငြိမ်းချမ်းရေးသန္နိဋ္ဌာန်အသစ်တွေနဲ့ အစကောင်းမွန်မှုဟာ ကျွန်မတို့အားလုံးအတွက် ခွန်အားအသစ်တွေ ဆောင်ကြဉ်းပေးပြီး (၂၁)ရာစု ပင်လုံညီလာခံအထိ အနှောင်းသေချာအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးကြဖို့လည်း အလေးအနက် တိုက်တွန်းပြောကြားချင်ပါတယ်။

ဒီကနေ့ အစည်းအဝေးကို တက်ရောက်လာကြတဲ့ ခေါင်းဆောင်ကြီးများအားလုံး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နေတဲ့ သက်ဆိုင်သူအားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

☆ စာမျက်နှာ ၅ မှ

ဖိတ်မှာဖြစ်တယ်။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ ချက်ကို သတ်မှတ်လိုက်တဲ့အတွက် ဒီမှာထည့်မယ့် သဘောတူညီချက်ရအောင် ညှိမှာဖြစ်ပါတယ်။ အဓိကကတော့ ညီလာခံကိုကျင်းပမယ်။ ညီလာခံမှာချုပ်ဆိုမယ့် စာချုပ်ပုံစံကို သတ်မှတ်ပေးလိုက်တယ်။ အဲဒီစာချုပ်ထဲမှာ ပါမယ့် သဘောတူညီချက်တွေရအောင် အချင်းချင်းကြားမှာ ညှိရမယ်။ ပြီးရင်တော့ UPDJC နဲ့ပြန်ပြီးတော့ ညီလာခံပြန်သွားဖို့ရှိပါတယ်။

"ညီလာခံကိုတော့ ၂၀၂၀ နှစ်ဆန်းပိုင်း ပထမ (၄)လတာ ကာလအတွင်းဆိုတော့ အခုကစပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ အဲဒီကာလအတွင်းမှာ ကျင်းပဖို့ ရည်မှန်းချက်ထားပြီး ဆောင်ရွက်သွားမှာဖြစ်တယ်။ ဒီနေ့ JICM အစည်းအဝေးမှာ အဆင်ပြေပြေဆုံးဖြတ်နိုင်အောင် သဘောတူညီနိုင်အောင် ကျွန်တော်တို့ကြားမှာ အများကြီး ဆွေးနွေးခဲ့ရတယ်"ဟု ပြောကြားသည်။

ထို့အတူ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး စဝ်စိုင်းငင်းကလည်း "အားလုံးပါဝင်ရေးဆိုတဲ့အပိုင်းက အရေးကြီးပါတယ်။ ၁၀ ဖွဲ့ထဲနဲ့ ဘယ်လိုမှအဆင်မပြေဘူး။ ကျန်တဲ့အဖွဲ့လည်း ပါလာအောင်လို့ ကျွန်တော်တို့ EAOs ဘက်မှာလည်း ကြိုးစားနေတဲ့အပိုင်းရှိတယ်။ အစိုးရဘက်ကလည်း သူ့နည်းသူ့ဟန်နဲ့ ကြိုးပမ်းနေသလို ကျွန်တော်တို့ဘက်ကလည်း ဝိုင်းဝန်းပြီးတင်ပြမယ်။ ပါ မပါတော့ တစ်ဖက်ရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ မူတည်တာမို့ ကျွန်တော်တို့ဘက်က အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းနေတဲ့ အနေအထားရှိပါတယ်။

**UPDJC ပြန်ခေါ်မယ့်အနေအထား**

"JICM ကနေပြီးတော့ ဆွေးနွေးမယ့်အချက်တွေ သတ်မှတ်ပြီးတော့ အခုကျွန်တော်တို့ဘက်ကလည်း ညှိနှိုင်းမယ့် ဆွေးနွေးမယ့် အဖွဲ့ရှိတယ်။ အစိုးရဘက်ကလည်း ညှိနှိုင်းမယ့်အဖွဲ့ရှိတယ်။ ညှိကြရင်းနဲ့ အဆင်ပြေမယ်ဆိုရင် လုပ်ငန်းစဉ်အရဆို UPDJC ပြန်ခေါ်မယ့်အနေအထားရှိတယ်"ဟု ပြောကြားသည်။

မွန်းလွဲပိုင်းတွင် (၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး (JICM) သဘောတူဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ UPDJC အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးပေါ်လွင်စိန်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ငြိမ်းချမ်းရေးကော်မရှင်မှ ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦးတို့ တက်ရောက်ကြပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး စဝ်စိုင်းငင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဗဟိုကော်မတီဝင် စောမြရာဇာလင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ရေးဌာနမှူး စောစိန်ဝင်း၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) တွဲဖက်အတွင်းရေးမှူး စောကျော်ညွန့်၊ (KNU)ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး၊ ဗဟိုကော်မတီဝင် ပဒိုစောအယ်ကလူစေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အတွင်းရေးမှူး ကျာဆော်လမွန်၊ ချင်းအမျိုးသားတပ်ဦး (CNF) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ အထွေထွေအတွင်းရေးမှူး ဆလိုင်းထလာဟေးနှင့် မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆွေးနွေးပွဲများပြုလုပ်မည့် အချိန်ဇယား အဆိုပြုချက်၊ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ ပြန်လည်တွေ့ဆုံမည့် အချိန်ကာလ စသည်တို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Nakatani Gen နှင့် Mr. Hamada Yasukazu တို့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**နယ်စပ်ဒေသများ တည်ငြိမ်ရေး**

ထိုသို့တွေ့ဆုံစဉ် နယ်စပ်ဒေသများတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသတွင် နေထိုင်သည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ နိုင်ငံတော်အစိုးရက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့်ကိစ္စ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဂျပန်၊ အိန္ဒိယ၊ ဆွစ်ဇာလန်၊ ဂျာမနီအစရှိသည့် နိုင်ငံများဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအပြင် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ၊ NGOs၊ INGOs အဖွဲ့အစည်းများနှင့် ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်း၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ဆောင်ရွက်ခဲ့မှု၏ အောင်မြင်ဖြစ်ထွန်းမှုများနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**



## MRTV Channel အား SD စနစ်မှ HD စနစ်သို့ ပြောင်းလဲထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့်ပရိသတ်များ အရုပ်/အသံ အရည်အသွေး ပိုမိုကြည်လင်စွာ ကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသော Standard Definition (SD) စနစ်အပြင် High Definition (HD) စနစ်ကိုပါ တွဲဖက်၍ (၁၅-၁-၂၀၂၀) ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည့် (၁၅-၂-၂၀၂၀) ရက်နေ့မှစတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံ အရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များအနေဖြင့် HD အရည်အသွေးအတိုင်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့် ချိန်ညှိမှုကိုမှ ပြုလုပ်ရန်မလိုအပ်ဘဲ ယခင်အတိုင်း ဆက်လက်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြားပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်သို့ အဆင့်မြှင့်တင်ကြည့်ရှုနိုင်ရန် DVB-T2 Set-top Box (သို့မဟုတ်) DVB-T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည်ပြုလုပ်ခြင်းဖြင့် ရုပ်/သံ အရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

(က) DVB -T2 Set-top Box ဖြင့် ဖမ်းယူပါက Menu မှ Channel Search ကိုရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။

Menu ⟶ Channel Search ⟶ Auto Search ⟶ OK

(ခ) DVB-T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက Menu မှ Channel ကိုသွားပြီး Tuner Type တွင် Antenna ကို ရွေး၍ OK နှိပ်ပါ။ ပြီးလျှင် Auto Scan ကိုနှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် ( DTV+ ATV ) တို့ကို ရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။

Menu ⟶ Channel ⟶ Tuner Type ⟶ Antenna ⟶ Auto Scan ⟶ Country (Myanmar) ⟶ Mode (DTV+ATV) ⟶ Start ⟶ OK

(ဂ) Analogue TV (Tube) ကို Set-top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက် Set-top Box ၏ Menu မှ Picture ကိုနှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကို ရွေး၍ OK နှိပ်ပါ။

Menu ⟶ Picture ⟶ Aspect Ratio ⟶ 16:9 Wide Screen ⟶ OK

၅။ ဖမ်းယူချိန်ညှိပြီးပါက Channel Box တွင် အောက်ပါအစီအစဉ်အတိုင်း Channel များကို ဖမ်းယူရရှိမည် ဖြစ်ပါသည်-

| | |
|---|---|
| (1) MRTV-HD | (2) MRTV-SD |
| (3) MRTV Hluttaw | (4) MRTV NRC |
| (5) MRTV Farmer | (6) MRTV Sport |
| (7) MRTV Entertainment | (8) MI |
| (9) MRTV-4 | (10) Channel-7 |
| (11) 5 - Plus | (12) MNTV |
| (13) Channel-9 | (14) Mizzima |
| (15) DVB | (16) Channel K |
| (17) YTV | (18) Fortune |
| (19) Myanma Radio | (20) Upper Tineyin Thar |
| (21) Lower Tineyin Thar | |

၆။ အထက်အပိုဒ် ၅ ပါ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများအား ဖမ်းယူကြည့်ရှုနေသူများအနေဖြင့်လည်း (၁၅-၁-၂၀၂၀) ရက်နေ့မှစတင်၍ အထက်အပိုဒ် ၄ ပါ အစီအစဉ်များအတိုင်း Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည် ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့်ပရိသတ်များအနေဖြင့် ထိုသို့ ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှုတစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

| | | |
|---|---|---|
| (က) | 9 Meter Earthstation (တပ်ကုန်း ၊ ရုံးချုပ်) | ဖုန်း၊ ၀၉-၄၀၈၀၈၂၀၉၀ |
| (ခ) | 9 Meter Earthstation (ရန်ကုန် ၊ ပြည်လမ်း) | ဖုန်း၊ ၀၉-၄၀၈၀၈၂၀၈၀ |

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။

## ကမ္ဘောဒီးယားနိုင်ငံ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ်ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်နိုင်ငံအကြား နီးကပ်စွာနှင့် နှစ်ကာလကြာမြင့်စွာ တည်ထောင်ထားသည့် ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက် ဆက်လက်တိုးချဲ့ မြှင့်တင်သွားနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောမှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ဘရူနိုင်းဒါရူဆလမ်နိုင်ငံ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူ ပြည်သားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နွေးထွေးလှိုက်လှဲစွာ ပြောကြားလိုပါသည်။

မိမိတို့၏ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ၊ အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများအကြား တန်ဖိုးထားအပ်သည့် ရင်းနှီးခင်မင်မှုနှင့် နွေးထွေးမှုများကို မိမိအနေဖြင့် များစွာတန်ဖိုးထားပါသည်။ အဆိုပါ အရေးပါလှသည့် ဆက်နွှယ်မှုကို နောင်လာမည့်နှစ်များအတွင်း ပိုမိုခိုင်မာလာစေရန် မျှော်လင့်ပါသည်။

အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

**အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့သည် အစွန့်ရှည်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဘုံအကျိုးတူ ကဏ္ဍနယ်ပယ်အများအပြားတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့၏ အာဆီယံဒေသတွင်း အားထုတ်ကြိုးပမ်းမှုနှင့် နှစ်နိုင်ငံအကြား အထူးတန်ဖိုးထားသည့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေးအတွက် ဆက်လက်၍ အတူတကွ ဆောင်ရွက်သွားရန် မျှော်လင့်ထားပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## နယ်သာလန်နိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ နယ်သာလန်နိုင်ငံ ဘုရင် ဝီလီယံ အလက်ဇန္ဒြားထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သလျက် မြန်မာပြည်သူ ပြည်သားများ ရွှင်လန်းသာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ဂါနာသမ္မတနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဂါနာသမ္မတနိုင်ငံ သမ္မတ နာနာ အဒို ဒန်ကွာ အကူဖို-အဒို ထံမှ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများအား နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သပါသည်။

လာမည့်နှစ်များတွင် နှစ်နိုင်ငံနှင့် ပြည်သူများအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းရေးအတွက် ရှိရင်းစွဲဆက်ဆံရေးကို ခိုင်မြဲနက်ရှိုင်းစေရန် အဆွေတော်နှင့် နီးကပ်စွာ ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသူ နိုင်ငံသားများ ငြိမ်းချမ်းသာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ ရူမန် ရေ့ဒဗ်ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဘူလ်ဂေးရီးယားပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများ သာယာဝပြော၍ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အခါအခွင့်ကြုံခိုက် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်ရေးများ အနာဂတ်တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘွိုင်းကာ ဘောရီဖော့ဗ်ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဘူလ်ဂေးရီးယားအစိုးရကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ဘူလ်ဂေးရီးယားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များ၌ ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ယူကရိန်းသမ္မတနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ယူကရိန်းသမ္မတနိုင်ငံ သမ္မတ ဗိုလိုဒီမီးရ် ဇီလန်းစကီးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ယူကရိန်းပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ယူကရိန်းနိုင်ငံတို့အကြား အပြုသဘောဆောင်သော မိတ်ဖက်ဆက်ဆံရေးအပေါ် အခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာမူဘောင်အောက်တွင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဟု မျှော်လင့်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာ၍ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် သာယာဝပြောမှုတို့ရရှိစေရေး ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ဖင်လန်သမ္မတနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဖင်လန်သမ္မတနိုင်ငံ သမ္မတ ဆူလီ နီနီစတိုထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူပြည်သားများ အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။





# (၁၃)ကြိမ်မြောက် ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၈**

(၁၃)ကြိမ်မြောက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နေ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုင်ငံအတွက် အလွန်အရေးကြီးသည့် ပညာရေးပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် အတူ ပူးပေါင်းလက်တွဲပါဝင်ကြသည့် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၁)အရ သူငယ်တန်း+၁၂ တန်းပညာရေးစနစ်ကို ၂၀၁၆ ခုနှစ်မှစတင် အကောင်အထည်ဖော်၍ ကျောင်းသုံးဖတ်စာအုပ်အသစ်များ၊ ဆရာကိုင်စာအုပ်များပြုစုခြင်း၊ ဖြန့်ဝေခြင်း၊ ဆရာ ဆရာမများအား သင်တန်းပို့ချခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေကြောင်း၊ ကျောင်းသား ကျောင်းသူများအား အလွတ်ကျက်မှတ်မှုစနစ်မှ (၂၁)ရာစု ကျွမ်းကျင်မှုများဖြစ်သည့် စဉ်းစားဝေဖန်တွေးခေါ်ခြင်း၊ တီထွင်ဖန်တီးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စူးစမ်းလေ့လာမှုကိုအခြေခံ၍ ပြဿနာဖြေရှင်းခြင်း၊ တရားမျှတစွာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း အစရှိသည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ မည်သည့်ခွဲခြားမှုမျှမရှိဘဲ၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားဘဲ ကျောင်းသား ကျောင်းသူများအားလုံး အရည်အသွေးရှိသော ပညာကို သင်ယူခွင့်ရရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း(၂၀၂၁-၂၀၃၀) ရေးဆွဲပြုစုခြင်းလုပ်ငန်းများနှင့် အရည်အသွေးရှိသော ပညာရေးစနစ်အောင်မြင်နိုင်ရေး အတွက် ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူ၊ ပြည်သူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက် ယူနက်စကို ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ညှိနှိုင်းအကြံပြု**

ယင်းနောက် ပညာရေးဝန်ကြီးဌာနအောက်ရှိ ပညာရေးကဏ္ဍခုနစ်ခုမှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားရေးအတွက် ပညာရေးနှင့်အသက်မွေးဝမ်းကျောင်း ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ အားနည်းချက်၊ အားသာချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးမြင့်ဇော်<br>အထွေထွေမန်နေဂျာ<br>(ထုတ်လုပ်ရေး)<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| (၂) ဦးအောင်မြင့်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(စီမံရေး)<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြည်သူ့ကျန်းမာရေးဆိုင်ရာ Advanced Epidemiology Training:Multilevel modeling course သင်တန်းတွင် အမှာစကားပြောကြား



**ရန်ကုန် ဇန်နဝါရီ ၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့(မြန်မာ) (HelpAge International Myanmar)တို့ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ Best Western Green Hill Hotel ၌ ကျင်းပသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ Advanced Epidemiology Training: Multilevel modeling course သင်တန်းတွင် အမှာစကားပြောကြားသည်။

**သုံးသပ်ဆန်းစစ်ခြင်းနည်းလမ်းများသင်ကြား**

ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသည် ကျန်းမာရေးသတင်းအချက်အလက်များနှင့် သုတေသနတွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်မှု၊ ကျန်းမာရေးပြဿနာများနှင့် အခြားအခြေအနေအရပ်ရပ်ကို ချိတ်ဆက်ဝေဖန်ပိုင်းခြားမှုတို့မှတစ်ဆင့် ရောဂါနှင့် ကျန်းမာရေးပြဿနာများကို ဖြေရှင်းဆောင်ရွက်မှု၊ လုပ်ငန်းများတိုးတက်ကောင်းမွန်မှုတို့အတွက် ပိုမိုတိကျသော ကောက်ချက်ချပံ့ပိုးမှုများ ပေးအပ်နိုင်ရန်အတွက် အဆင့်ဆင့်သုံးသပ်ဆန်းစစ်ခြင်းနည်းလမ်းများကို သင်ကြားပေးသည့် သင်တန်းဖြစ်ပါကြောင်း။

ထို့ပြင် ပြည်သူ့ကျန်းမာရေး၊ ကုသရေးနှင့် ဆေးပညာသင်ကြားရေးကဏ္ဍအတွက်လည်းကောင်း၊ လူမှုဗေဒနှင့် ဆက်နွယ်သည့်ကျန်းမာရေးကဏ္ဍတို့အတွက်လည်းကောင်း များစွာအကျိုးရှိသောသင်တန်း ဖြစ်ပါကြောင်း၊ ယခုသင်တန်း၌ သင်ကြားမည့် အကြောင်းအရာများသည် ပြည်သူများ၏ ကျန်းမာရေးကောင်းမွန်တိုးတက်စေရေးနှင့် နိုင်ငံတော်၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ရာ၌ အထူးအသုံးဝင်ပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ပီပြင်စွာ အောင်မြင်စေရေးအတွက်လည်း များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ ယခုသင်တန်းကို တက်ရောက်လျက်ရှိသည့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ ဆရာဝန်များ၏ ပညာရပ်ဆိုင်ရာ အရည်အသွေးများ တိုးတက်စေခြင်းဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၌ ပိုမိုအဆင့်မြင့်လာမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၌ မဟာသိပ္ပံ (ကပ်ရောဂါဗေဒ) [ M.Sc (epidemiology)] သင်တန်းဖွင့်လှစ်တော့မည် ဖြစ်သဖြင့် ယခုသင်တန်း တက်ရောက်နေသူများအနေဖြင့် အရည်အသွေးပြည့်ဝသော အကြံပြုချက်များပေးအပ်ရုံသာမက အဆိုပါသင်တန်း၌ သင်ကြားပို့ချသူများအဖြစ်ပါ ဆောင်ရွက်စေလိုပါကြောင်း၊ ယခုသင်တန်းတက်ရောက်သူများအနေဖြင့် မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ကြစေလိုပြီး သင်တန်းတက်ရောက်မှုကို အကျိုးရှိထိရောက်စွာ အသုံးချစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (မြန်မာ)၏ Country Director, Mr. Godfred Paul၊ ဆွီဒင်နိုင်ငံ Umea University မှ Professor Nawi Ng နှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (မြန်မာ)မှTechnical Lead, Professor Anil Krishna တို့က သင်တန်းနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့်အတူ Sedona Hotel ရန်ကုန်၌ ကျင်းပသော "မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ကော်မရှင်အဖွဲ့အား ဂုဏ်ပြုပွဲ"သို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်ကော်မရှင်အဖွဲ့မှဥက္ကဋ္ဌ ဦးအောင်ဒင်၊ အဖွဲ့ဝင်များဖြစ်သည့် ဦးစိုးဝင်း၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်တင်၊ ဦးတင်အောင်နှင့် ဦးညီညီလွင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ကော်မရှင်အဖွဲ့မှ ဥက္ကဋ္ဌ ဦးအောင်ဒင်က အဖွဲ့ဝင်များကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ကော်မရှင်အဖွဲ့ အဖွဲ့ဝင် ဦးညီညီလွင်က အားကစားနှင့်ကာယပညာဦးစီးဌာနသို့ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လက်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်းတည်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**ပေါင်းတည် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မီးသတ်ဦးစီးဌာနရုံးမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေးမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် ညနေ ၅ နာရီက ပေါင်းတည်မြို့နယ် မီးသတ်ဦးစီးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်က တူညီဝတ်စုံများပေးအပ်ရာ အရန်မီးသတ်ဒုတပ်ခွဲမှူး ဦးဇော်မင်းက လက်ခံရယူသည်။ သင်တန်းသို့ အသက် ၃၅ နှစ်အောက် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကြပြီး သင်တန်းကို တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မြန်မာ့ရုပ်ရှင်ရွှေရတုခေတ်သို့ သမင်လည်ပြန်

စန်းနီလာဝင်း

၁၉၄၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ကာလမှာ မြန်မာ့ရုပ်ရှင်ရွှေရတုခေတ် ဖြစ်သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် အတွင်းကာလမှာ ဒုတိယကမ္ဘာစစ်ကာလဖြစ်၍ မြန်မာ့ရုပ်ရှင်အနုပညာရှင်များအနေဖြင့် ရုပ်ရှင်ကားသစ်များ လုံးဝရိုက်ကူးထုတ်လုပ်နိုင်ခြင်း မရှိခဲ့ချေ။ ရုပ်ရှင်အနုပညာရှင်အချို့မှာ အလုပ်လက်မဲ့ဖြစ်သွားကြပြီး အချို့မှာ ပရိယေသနဝမ်းစာအတွက် ကုန်သည်အလုပ်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ကြရသလို အချို့မှာ နယ်လှည့်ကာ ပြဇာတ်များက၍ အသက်မွေးဝမ်းကျောင်းမှု ပြုခဲ့ကြရသည်။

**"ခေတ်သစ်ဖာတစ်လုံး" ရုပ်ရှင်**

၁၉၄၆ ခုနှစ်တွင် ထိုစဉ်က ဖက်ဆစ်တော်လှန်ရေးအပြီး၌ အင်္ဂလိပ်နယ်ချဲ့အစိုးရပြန်လည်ရောက်ရှိလာပြီး ရန်ကုန်မြို့ မဂိုလမ်း (ယခုရွှေဘုံသာလမ်း)ရှိ ရဲရိပ်သာတွင် ပုလိပ်မင်းကြီးရုံးဖွင့်လှစ်၍ “ရုပ်ရှင်စစ်ဆေးရေးဆင်ဆာအဖွဲ့” တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ သို့သော် ရန်ကုန်မြို့လယ်ကောင်ရှိ ရုပ်ရှင်ရုံများကို အင်္ဂလိပ်အာဏာပိုင်များက သိမ်းယူထားကာ အင်္ဂလိပ်နှင့် အိန္ဒိယရုပ်ရှင်ဇာတ်ကားများကို ပြသနေသောကြောင့် မြန်မာရုပ်ရှင်ဇာတ်ကားများကို ကန်တော်ကြီးရှိ ကန်တော်မိတ်၊ ကန်တော်မင်္ဂလာ၊ ရန်ကုန်ရုပ်ရှင်ရုံနှင့် နေသူရိန်ရုပ်ရှင်ရုံများ၌သာ ပြသခဲ့ရပြီး ထိုနှစ် စက်တင်ဘာလ ၆ ရက်နေ့မှစ၍ ကာဌေးရုံတွင် အေဝမ်းဖလင်မှ "ခေတ်သစ်ဖာတစ်လုံး" ရုပ်ရှင်ဇာတ်ကားကို စတင်ပြသခဲ့သည်။

ဖက်ဆစ်တော်လှန်ရေး ကာလအတွင်းမှာလည်း ရုပ်ရှင်အနုပညာရှင်များ ရုပ်ရှင်မရိုက်ခဲ့ရစေကာမူ မြန်မာ့ရုပ်ရှင်အနုပညာရှင်များဖြစ်ကြသည့် အေဝမ်းဦးတင်မောင်၊ ဦးသာဂေါင်၊ ရွှေညာမောင်၊ ဒါရိုက်တာ ဦးဘရှင်၊ ဦးတင်ဖေ၊ ဦးချစ်ရွှေ၊ ဦးကျော်ဆွေ၊ ဦးသာဆန်း၊ ဦးရွှေကို အစရှိသည့် ရုပ်ရှင်အနုပညာရှင်တို့သည် “ဗမာ့လွတ်လပ်ရေးတပ်မတော်”(ဘီအိုင်အေ) တွင် ပါဝင်ဆင်နွှဲခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် မြန်မာ့ရုပ်ရှင်အနုပညာရှင်တို့သည် ရုပ်ရှင်အနုပညာဖြင့် အမျိုးသားရေးနယ်ချဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်ပေးခဲ့ရုံသာမက အရေးကြုံသည့်အခါ မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခဲ့ခြင်းမှာ မြန်မာ့ရုပ်ရှင်သမိုင်းမှာသာမက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာပါ ဂုဏ်ယူမော်ကွန်းတင်ကြရမည် ဖြစ်ပါသည်။



ဂန္ထဝင်မြန်မာ့ရုပ်ရှင်သုခမိန် အကယ်ဒမီများရှင် စာရေးဆရာ ဒါရိုက်တာကြီး (ဦး)သုခ



ရွှေရတုခေတ်မှ လျှမ်းလျှမ်းတောက် ပြည်တော်ချစ် စတန့်မင်းသားကြီး (ဦး)ရွှေဘ




သရုပ်ဆောင် ဒါရိုက်တာ အေဝမ်းဦးတင်မောင်၏ ချစ်သက်ဝေ ရုပ်ရှင်ဇာတ်ကားကြော်ငြာ(၁၉၅၂)။

**"ဘဘ" ရုပ်ရှင်**

ထို့ပြင် ဒုတိယကမ္ဘာစစ်အတွင်း၌ ဖလင်ရိုင်းများ မရရှိသည့်ကြားကပင် ဖက်ဆစ်တို့ရန်ကုန်မြို့ကို ဗုံးကြဲခဲ့ပုံ၊ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ရန်ကုန်မြို့သို့ ဝင်ရောက်လာပုံတို့ကို သမိုင်းဝင်မှတ်တမ်းတင်ရုပ်ရှင်ကားများရိုက်ကူးခဲ့ကြသည်။ ရုပ်ရှင်ဇာတ်ကားအများစုမှာ တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်စားလိုစိတ်၊ နယ်ချဲ့တိုင်းတစ်ပါးလက်အောက်မှ လုံးဝလွတ်မြောက်ပြီး လွတ်လပ်ရေးအရယူလိုစိတ် ဖြစ်ပေါ်လာအောင် လှုံ့ဆော်ရိုက်ကူးထုတ်လုပ်ပြသခဲ့ရာ သာဓကအားဖြင့် အရေးတော်ပုံ၊ စစ်ပြန်၊ ပြောက်ကျားဗိုလ်၊ ရန်သူနံပါတ် (၁)၊ တောင်တန်းဗိုလ်၊ မျိုးချစ်သူပုန်၊ ချိန်တန်ပြီ၊ သွေးသောက်၊ ဗမာ့သွေး၊ ဗိုလ်ချုပ်၊ နန်းတွင်းအရေးတော်ပုံ၊ စံထူး(၁) အစရှိသည့် ရုပ်ရှင်ဇာတ်ကားများမှာ လွတ်လပ်ရေးကြိုးပမ်းမှုအတွက် ရုပ်ရှင်အနုပညာဖြင့် လှုံ့ဆော်ရိုက်ကူးခဲ့သည့် ဇာတ်ကားများအဖြစ် အောင်မြင်ထင်ရှားခဲ့သည်ကို တွေ့ရှိရသည်။ "ဘဘ" ရုပ်ရှင်ဇာတ်ကားမှာ ပြည်တွင်းမှာသာမက နိုင်ငံခြားသို့ တင်ပို့ခဲ့ရသည့် မျိုးချစ်စိတ်ဓာတ်မြှင့်တင်ရေး ရုပ်ရှင်ဇာတ်ကားတစ်ကားအဖြစ် ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။

၁၉၄၆ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရုပ်ရှင်နှင့်ပြဇာတ်ကုမ္ပဏီပိုင်ရှင်နှင့် အနုပညာရှင်များ စုပေါင်းပြီး "မြန်မာနိုင်ငံတော်ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီး"ကို မြိုင်ပြဇာတ်ရုံအနီးရှိ မြိုင်ရိပ်သာစခန်း၌ တည်ထောင်ဖွဲ့စည်းခဲ့ကြသည်။ ထိုအစည်းအရုံးကြီးတွင် ဥက္ကဋ္ဌအဖြစ် ဦးတင်နွယ်၊ အတွင်းရေးမှူးအဖြစ် ဦးစိုးမောင်နှင့် အမှုဆောင်အဖွဲ့ဝင်များအဖြစ် ဆရာခန့်၊ ဦးဘတင်၊ ဦးတင်မောင်၊ ဦးလွန်းဖေ၊ ဦးမောင်ကြီး၊ ဦးအောင်မြတ်၊ ဦးမောင်မောင် (လန်ဒန်အတ်)တို့ အပြင် အမှုဆောင် ၁၅ ဦးကို ထပ်မံရွေးချယ်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးအချို့၊ အတွင်းဝန် ဦးအုန်းမောင်နှင့် သက်တော်စောင့် ကိုထွေးတို့ နယ်ချဲ့လက်ပါးစေ အမျိုးသားသစ္စာဖောက်တို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ကြရသည်။ ဗိုလ်ချုပ်တို့ကျဆုံးပြီး မကြာမီမှာပင် ဗိုလ်ချုပ်၏ လွတ်လပ်ရေးလမ်းစဉ် မော်ကွန်းတင်သတင်းကားကို အမြန်ဆုံးစီစဉ်ရိုက်ကူးပြီး ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံကြီး လေးရုံတွင် တစ်နေ့လျှင် ငါးပွဲကျ ပြသခဲ့ပါသည်။ ထိုစဉ်က ရုပ်ရှင်ပြသ၍ ရရှိခဲ့သည့် ရန်ပုံငွေကျပ်ငါးသောင်းကို အာဇာနည်ဗိမာန်တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီးက လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်ဖြစ်နေသည့် အချိန်ကာလတွင် မြန်မာ့ရုပ်ရှင်အနုပညာရှင်များသည် မျိုးချစ်စိတ်ဓာတ်ကို အရင်းခံပြီး နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးလုပ်ငန်းများ၌ သက်စွန့်ကြိုးပမ်းပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို ဂုဏ်ယူဖွယ်လေ့လာတွေ့ရှိရသည်။ ၁၉၄၉ ခုနှစ်တွင် "ရန်ကုန်အစိုးရ" ဟု သတ်မှတ်ခံရလောက်အောင်ပင် ထိုစဉ်က ကေအင်န်ဒီအို (KNDO) လက်နက်ကိုင်များသည် ရန်ကုန်မြို့အင်းစိန်ထိအောင် ထိုးဖောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ကြရာ မြန်မာ့တပ်မတော်က ခုခံကာကွယ်တွန်းလှန်ပြီး အောင်ပွဲဆင်ခဲ့သည်မှာ သမိုင်းတွင် အထင်အရှား ရှိခဲ့ပြီး ဖြစ်ပါသည်။

**စာမျက်နှာ ၁၁ သို့✳**



ရွှေရတုခေတ်မင်းသားကြီး ရိုးရိုးကြီး ဇေယျ

**ထိုဆောင်ရွက်ချက်များကို ကြည့်ခြင်းအားဖြင့် မြန်မာ့ရုပ်ရှင် အနုပညာရှင်များသည် အမျိုးသားရေးနှင့်ယှဉ်လာလျှင် မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးထုတ်လုပ်ရုံသာမက အမျိုးသားရေးလိုအပ်ချက်အရ လိုအပ်လာလျှင် တိုင်းပြည်ကာကွယ်ရေးများကိုပါ ပါဝင်ခဲ့ကြသည်ကို ဂုဏ်ယူအားရဖွယ် လေ့လာတွေ့ရှိရ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ Head of Economic and Development Assistance Section မှ Counsellor Mr. Takimi Kazuyuki နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် ဂျပန်နိုင်ငံ၏ သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အဆင့်မှ ဒေသန္တရဆိုင်ရာအဆင့်အထိ အဆင့်ဆင့်ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးသည့်စနစ်၊ ပြည်သူလူထုနှင့် သတင်းမီဒီယာများ၊ ဆိုရှယ်မီဒီယာများသို့ သတင်းအချက်အလက်ဖြန့်ဖြူးပေးသည့်စနစ်၊ ရေကြီးရေလျှံမှုများ၊ ငလျင်ဘေးအန္တရာယ် စသည့် သဘာဝဘေးများအတွက် ကြိုတင်ပြင်ဆင်မှုနှင့် ဘေးလျော့ပါးရေး ဆောင်ရွက်သည့်အစီအစဉ်၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြုံတွေ့ခံစားနေရသည့် ရာသီဥတုပြောင်းလဲမှုများနှင့် အကျိုးဆက်များကို သင့်လျော်စွာ တုံ့ပြန်ဆောင်ရွက်နိုင်မည့် အစီအစဉ်များအား ဂျပန်နိုင်ငံ အစိုးရဌာနများက ဆောင်ရွက်နေမှုကို လေ့လာပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များ ရှာဖွေဖော်ထုတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် **၈၈ မျိုးဆက် ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




ဇန်နဝါရီ ၁၁ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းရွှေရိုးက သရုပ်ဖော်ရေးဆွဲထားသော ချမ်းသာ ကြွယ်ဝသော်လည်း အလွန်နှမြောတွန့်တိုသူ သူဌေးကြီး၏ လောဘမသတ်နိုင်၍ မိမိပစ္စည်းဥစ္စာဆုံးရှုံးရပုံအကြောင်းကို တင်ဆက်ထားသည့် ဆရာအောင်သူရိန်(ပုလဲ)၏ "ကတိသစ္စာ" မျက်နှာဖုံးကာတွန်း၊ ပင်လယ်ဖျံတို့၏ ထူးခြားချက်များအကြောင်းကို ဗဟုသုတဖြစ်ဖွယ်ရေးဖွဲ့ထားသည့် သုတဆောင်းပါး၊ ကလေးများ လူကုန်ကူးမှုနှင့်ပတ်သက်၍ သတိပြုဆင်ခြင်နိုင်စေရန် ပညာပေးထားသည့် နှစ်မျက်နှာကာတွန်း၊ ကျောင်းသူ ကျောင်းသားများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ပင်ကိုအရည်အချင်းဖြင့်သာ ရိုးသားစွာ ကြိုးစားယှဉ်ပြိုင်သင့်ပုံအကြောင်းကို တင်ဆက်ထားသည့် ကလေးဝတ္ထုတိုအပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ပဟေဠိကဏ္ဍ၊ ကဗျာ စသည့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၈**

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**



✻ စာမျက်နှာ ၁၀ မှ

ထိုစဉ်က အင်းစိန်တိုက်ပွဲတွင် ရှေ့တန်းရောက်တပ်မတော်သားများအတွက် စားနပ်ရိက္ခာပို့ရေး၊ သူနာပြုစုရေး၊ ဂီတဖြင့် ဖျော်ဖြေရေးလုပ်ငန်းများကို ရုပ်ရှင်ပြဇာတ်အစည်းအရုံးကြီးက ကြီးမှူးပြီး ပြည်သူ့ကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းကာ ရှေ့တန်းစစ်မျက်နှာအထိ သက်စွန့်ကြိုးပမ်း သွားရောက်ခဲ့ကြသည်။ ထိုဆောင်ရွက်ချက်များကို ကြည့်ခြင်းအားဖြင့် မြန်မာ့ရုပ်ရှင်အနုပညာရှင်များသည် အမျိုးသားရေးနှင့် ယှဉ်လာလျှင် မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးထုတ်လုပ်ရုံသာမက အမျိုးသားရေးလိုအပ်ချက်အရ လိုအပ်လာလျှင် တိုင်းပြည်ကာကွယ်ရေးများကိုပါ ပါဝင်ခဲ့ကြသည်ကို ဂုဏ်ယူအားရဖွယ် လေ့လာတွေ့ရှိရပါသည်။

ထိုအချိန်က အင်းစိန်တိုက်ပွဲ၌ ရုပ်ရှင်အနုပညာရှင်များ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့ပုံနှင့် စပ်လျဉ်း၍ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာနှင့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် **"လူထုကြီးအား မှီခို၍ စီးပွားရှာလာခဲ့ကြသော ရုပ်ရှင်သမားများသည် လူထုကို ပြန်လည်၍ ကျေးဇူးဆပ်သည့်သဘောဖြင့် လူထုအပေါ်တွင် ကျရောက်လာမည့် အန္တရာယ်အပေါင်းတို့ကိုကာကွယ်ပေးရန် အရေးကြုံနေပြီဖြစ်၍ ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးဝင်များဖြစ်သော ပညာသည်များနှင့် ရုပ်ရှင်မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ၊ လူကြမ်းအစရှိသည့် ပုဂ္ဂိုလ်တို့သည် စစ်လေ့ကျင့်ခန်းများနှင့် သူနာပြုပညာများကို လေ့လာနေပြီဖြစ်ကြောင်း၊ အစည်းအရုံးကြီးမှ ပြည်သူ့**



The Purple Plain နိုင်ငံခြားရုပ်ရှင်ဇာတ်ကားတွင် ကမ္ဘာကျော် ဟောလိဝုဒ်မင်းသားကြီး ဂရီဂိုရီပက်နှင့် မြန်မာသရုပ်ဆောင်မင်းသမီး ဝင်းမင်းသန်း(၁၉၅၄)။

**ကာကွယ်ရေးအဖွဲ့ကြီးကို ဖေဖော်ဝါရီလ ၆ ရက်နေ့က ဖွဲ့စည်းပြီးဖြစ်လေရာ ဓာတ်ပုံဆရာများကလည်း အင်းစိန်တိုက်ပွဲသို့ သွားရောက်ရုပ်ရှင်ရိုက်ကူးနေကြပြီဖြစ်ကြောင်း။**

**မြန်မာနိုင်ငံရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးပြည်သူ့ကာကွယ်ရေးအဖွဲ့မှ ရှေ့တန်းစစ်မျက်နှာ အင်းစိန်၊ ဒညင်းကုန်း၊ စော်ဘွားကြီးကုန်း၊ မရမ်းကုန်း၊ သမိုင်း၊ မင်္ဂလာဒုံရှိ တောင်ပိုင်းစစ်ဌာနချုပ်ရှိ အစိုးရတပ်များ၊ အီးတီအက်ဖ်တပ်၊ မုန်တိုင်းတပ်၊ ငမိုးရိပ်တပ်၊ စိန်ပြောင်းတပ်နှင့် ရဲဘော်ဖြူတပ်များသို့ ထမင်းထုပ်၊ ဆေးလိပ်၊ မီးခြစ်၊ ချိုချဉ်၊ စာနယ်ဇင်းများကိုထောက်ပံ့ရာ ဖေဖော်ဝါရီလ ၈ ရက်နေ့များတွင် သမိုင်းလမ်းဆုံအနီး၌ စက်သေနတ်အပစ်ခံရကြောင်း၊ ရှေ့တန်းနောက်တန်း နှစ်တန်းစလုံးကို ဖျော်ဖြေရေးအဖွဲ့များစေလွှတ်ရန် စီစဉ်ပြီးဖြစ်ကြောင်း၊ ရုပ်ရှင်ပညာသည် အပေါင်းတို့သည် ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီးမှ ကြီးမှူးသော ပြည်သူ့ကာကွယ်ရေးအဖွဲ့တွင် နေ့စဉ် နံနက် ၁ နာရီမှ ၁၁ နာရီအထိတစ်ဖွဲ့၊ နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိတစ်ဖွဲ့ နှစ်ဖွဲ့ခွဲ၍ စစ်ရေးလေ့ကျင့်နေကြသည်ကိုလည်း တွေ့ရကြောင်း၊ ထို့ပြင် ရုပ်ရှင်ပညာသည်များနှင့် ရုပ်ရှင်ကုမ္ပဏီများ အလှည့်ကျတာဝန်ယူပြီးလျှင် စစ်မြေပြင်တွင် ကေအင်န်ဒီအို သောင်းကျန်းသူများကို တိုက်ခိုက်နေသော ဗမာ့တပ်မတော်သားများ၊ ရဲဘော်ဖြူများထံသို့ ထမင်းထုပ်၊ ဆေးလိပ်၊ သတင်းစာများ နေ့စဉ်အရောက် ပို့နေကြကြောင်း။**

**ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီးမှ ကြီးမှူးတည်ထောင်လိုက်သော ရုပ်ရှင်နှင့် ပြဇာတ်အသင်းသားများပါဝင်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့၏ စစ်ဝန်ထမ်းတံဆိပ်မှာ ပခုံးဒေါက် အနီတင် ယူအက်စ်အက်ဖ် နာမည်ရိုက်နှိပ်ထားပြီး ရိုင်ဖယ်သေနတ် နှစ်လက်ကို ကြက်ခြေခတ် သဏ္ဍာန်ရိုက်နှိပ်ထားသည်ကို တွေ့ရကြောင်း"** စသည်ဖြင့် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

အလားတူ ထိုစဉ်က ရုပ်ရှင်ပြဇာတ်ကာကွယ်ရေးအဖွဲ့ကြီးက ထုတ်ပြန်ခဲ့သည့် ပန်ကြားချက်နှင့်စပ်လျဉ်း၍ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာကြီး၌ –

တိုင်းပြည်လူထုသို့–

ကျွန်မတို့ ရုပ်ရှင်ပြဇာတ်အစည်းအရုံးဝင် အမျိုးသား၊ အမျိုးသမီးအပေါင်းတို့သည် တိုင်းပြည်လူထုအား မှီခိုအားထားရသူများဖြစ်သည့်အလျောက် ပြည်သူလူထုဒုက္ခရောက်သည့်အလျောက် ပြည်သူလူထုဒုက္ခနှင့် ရင်ဆိုင်တိုးနေရသည့်အချိန်တွင် ကျွန်မတို့ ရုပ်ရှင်ပြဇာတ်လောကအတွင်းပါဝင်သူတို့သည် ပြည်ထောင်စုရန်သူမှန်သမျှကို ဖြိုခွင်းရန်အတွက် ပစ္စည်းအင်အား၊ လူအင်အားနှင့်ဆိုင်ရာမှ ဆောင်ရွက်နေကြ၍ ကျွန်မတို့ ခေါင်းဆောင်ကြီးများကိုယ်တိုင် ပြည်ထောင်စုရန်သူကို ချေမှုန်းလျက်ရှိသော စစ်သည်တော် ရဲဘက်များအား ထောက်ပံ့ရန်အတွက် ထမင်းထုပ်များ ကောက်ခံသိမ်းယူလျက်ရှိပါသည်။ သို့အတွက် မြို့မိမြို့ဖများက တတ်အားသမျှ ကူညီကြပါမေတ္တာရပ်ခံပါကြောင်း။

(ပုံ) မေရှင်
ပြန်ကြားရေးမှူး
ရုပ်ရှင်ပြဇာတ်ကာကွယ်ရေးအဖွဲ့

ဟု ရေးသားဖော်ပြခဲ့သည်ကို ဂုဏ်ယူအားကျဖွယ် လေ့လာတွေ့ရှိရပါသည်။

အကိုးအထောက်

၁။ ကျွန်ုပ်နှင့်မြန်မာ့ရုပ်ရှင်လောက (ဒဂုဏ်ဦးဘတင် စာပေဗိမာန် ၁၉၆၆)
၂။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသမိုင်း (၁၉၂၀– ၁၉၇၀) (ဂျယ်ရီကြိုင်သမိုင်းအရ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ် ၁၉၇၉)
၃။ အကယ်ဒမီဆုရ မြန်မာ့ရုပ်ရှင်ကားများကို ရှုမြင်သုံးသပ်ခြင်း(ကျမ်းပြုစုသူ–မောင်ထွန်းအုံ ၁၉၇၇ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရန်ကုန်)

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီနှင့် UNCTFMR တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီ(Core Group)နှင့် UNCTFMR တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးပွဲတွင် Core Group ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အဆင့်ဆင့် ညှိနှိုင်းရေးဆွဲထားမှုကို UNCTFMR အား ရှင်းလင်းခဲ့သည်။

ဆက်လက်၍ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အပေါ် လုပ်ငန်းကော်မတီ(Core Group)အဖွဲ့နှင့် UNCTFMR အဖွဲ့ဝင်များအကြား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ဒေါက်တာစုစုသာထွန်း (UNRC, Technical Co-chair of UNCTFMR)နှင့် Ms. Cecile Marchand(UNICEF) ဦးဆောင်သော UNCTFMR ဘက်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂျပန်နိုင်ငံ TBS ရုပ်သံရိုက်ကူးရေးအဖွဲ့ ရန်ကုန်မြို့နှင့် ငပလီကမ်းခြေတွင် မှတ်တမ်းရိုက်ကူး

**ရန်ကုန် ဇန်နဝါရီ ၈**

ဂျပန်နိုင်ငံ TBS ရုပ်သံရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီကမ်းခြေ၊ ပုလဲကျွန်းနှင့် သဲဖြူကျွန်းတို့တွင် မှတ်တမ်းရိုက်ကူးသည်။

အဆိုပါရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် ၁၉ လမ်း အလယ်ရှိ စားသောက်ဆိုင်များတွင်လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီမြို့ရှိ Hilton Hotel၊ Sandoway Resort၊ Ngapali Paradise Hotel နှင့် Ocean Pearl Sea Food စားသောက်ဆိုင်တို့တွင် လည်းကောင်း မှတ်တမ်းရိုက်ကူးခဲ့ပြီး ဇန်နဝါရီ ၁၁ ရက်အထိ ငပလီကမ်းခြေတွင် ဆက်လက်ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ရိုက်ကူးထားရှိမှုများကို ဂျပန်နိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ ခရီးသွားဧည့်သည်များ ပိုမိုသိရှိပြီး မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံ TBS ရုပ်သံလိုင်း၏ "World Summers Resort" အစီအစဉ်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းအောင်(FDC)**



ငပလီကမ်းခြေတွင် မှတ်တမ်းတင်ရိုက်ကူးစဉ်။

## အမေရိကန်နိုင်ငံမှ ဒါရိုက်တာ Mr.Dylan Chow ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် ဓာတ်ညွှန်းဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

အမေရိကန်နိုင်ငံမှ ဒါရိုက်တာ Mr.Dylan Chow သည် ရုပ်ရှင်ဇာတ်ညွှန်းဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၅၀)ရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်လေ့လာနိုင်**

အဆိုပါ ဒါရိုက်တာသည် မြန်မာနိုင်ငံတွင်မွေးဖွားခဲ့သူဖြစ်ပြီး ပညာသင်ယူရန်နှင့် သရုပ်ဆောင်ပညာလေ့လာဆည်းပူးရန် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ဒါရိုက်တာဆုနှင့် ထုတ်လုပ်မှုဆိုင်ရာ ရုပ်ရှင်ပညာဘွဲ့ကို ရရှိခဲ့ကြောင်း၊ ၎င်းသည် ဖြစ်ရပ်မှန်အပေါ်အခြေခံသည့် ဇာတ်လမ်းရေးသားမှုနှင့် ရုပ်ရှင်ဇာတ်လမ်းတိုဖန်တီးမှုများကို အစဉ်တစိုက်လုပ်ဆောင်ခဲ့ရာ ၎င်း၏ ရုပ်ရှင်ဇာတ်လမ်းတိုများသည် လော့စ်အိန်ဂျယ်လိစ်တွင်ကျင်းပသည့် ရုပ်ရှင်ပွဲတော်များတွင် ထူးချွန်ဆုများစွာရရှိခဲ့ကြောင်း၊ ၎င်းဆုရရုပ်ရှင် ဇာတ်လမ်းတိုများနှင့်ပတ်သက်သည့် ဇာတ်ညွှန်းဆိုင်ရာများကို ဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ရုပ်ရှင်အနုပညာရပ်ဝန်းတစ်ခုတည်ထောင်**

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ရန်အတွက် ရုပ်ရှင်အနုပညာရပ်ဝန်းတစ်ခုတည်ထောင်ပြီး ရုပ်ရှင်စတူဒီယိုများဖွင့်လှစ်ပေးခြင်း၊ ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှုလေ့လာသုံးသပ်သည့် Cinematheque Program များကျင်းပခြင်း၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ဖွင့်လှစ်၍ သင်တန်းနှင့် ဆွေးနွေးပွဲများကျင်းပခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိရာ Cinematheque Program ၏ ကဏ္ဍတစ်ရပ်အဖြစ် ထိုကဲ့သို့ ဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ငြိမ်းကို(FDC)**

**○ ကျောပုံးမှ**

စောင့်ကြည့်ရမည်ဖြစ်ပြီး အသင်းအများစု၏ ရာသီကြိုပြင်ဆင်မှုများမှာလည်း အားရစရာကောင်းနေပေသည်။

ပွဲစဉ်(၁)အဖြစ် ဇန်နဝါရီ ၁၀ ရက်တွင် မန္တလာသီရိကွင်း၌ အား/ကာသိပွဲအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရတနာပုံအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် မကွေးအသင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် ရခိုင်အသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်း နှင့် ချင်းယူနိုက်တက်အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဖွင့်ပွဲများမှာ မထင်မှတ်သည့်ရလဒ်များ ထွက်နိုင်သောကြောင့် အသင်းကြီးများအနေဖြင့် အာရုံစိုက်ကစားရန် လိုအပ်သလို အသင်းငယ်များ၏ မထင်မှတ်သည့်ရုန်းကန်မှုများကိုလည်း တွေ့မြင်ရဖွယ်ရှိနေသည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ၂၀၁၉ ရာသီတွင် တတိယဆုရခဲ့သည့် ရန်ကုန်အသင်းတို့သည် တန်းတက်အသင်းများနှင့် တွေ့ဆုံနေသော်လည်း အမှားအယွင်းမရှိ နိုင်ပွဲရရေး အားထည့်ကစားရန် လိုအပ်နေသလို ဧရာဝတီနှင့် ဟံသာဝတီအသင်းတို့မှာ အိမ်ကွင်းကစားရမည်ဖြစ်သော်လည်း ကစားပုံမာကျောသည့်အသင်းများနှင့် တွေ့ဆုံနေ၍ အဖွင့်ပွဲရလဒ်ကောင်းရန် ပိုမိုကြိုးစားရဖွယ်ရှိနေသည်။ ပထမအကျော့ပွဲစဉ်များကို ဧပြီ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ကလပ်အသင်းများ၏ ပြိုင်ဆိုင်မှုများကို အပတ်စဉ် တွေ့မြင်ရတော့မည်ဖြစ်သည်။

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ယှဉ်ပြိုင်မည့်အသင်းများအနက် မကွေး၊ ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်းတို့မှလွဲ၍ ကျန်ကိုးသင်းမှာ အိမ်ကွင်းလက်ခံကစားမည်ဖြစ်ပြီး MNL ပြိုင်ပွဲတစ်လျှောက် အိမ်ကွင်း အများဆုံးကျင်းပမည့် ရာသီလည်းဖြစ်သည်။ တန်းတက်အသင်းဖြစ်သည့် အား/ကာသိပွဲအသင်းသည် မန္တလေးမြို့ရှိ မန္တလာသီရိကွင်းကို အိမ်ကွင်းလက်ခံကစားမည်ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ၁၁ ရာသီတွင် ရန်ကုန်အသင်းက ငါးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကာ ရတနာပုံအသင်းက လေးကြိမ်၊ ရှမ်းယူနိုက်တက်အသင်းက နှစ်ကြိမ်ဗိုလ်စွဲထားသည်။ လက်ရှိချန်ပီယံအသင်းမှာ ရှမ်းယူနိုက်တက်အသင်းဖြစ်ပြီး ၂၀၁၉ ရာသီတွင် ရှုံးပွဲမရှိ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - ဘုန်းသော်**

**❂ မြန်မာလူငယ်ဘောလုံးသမားများမှ**

ရွေးချယ်မည်ဖြစ်ပြီး ဧပြီလဆန်းတွင် ဂျပန်လူငယ်ကစားသမားများနှင့် ပူးတွဲလေ့ကျင့်ခြင်း၊ ခြေစမ်းပွဲကစားခြင်းများ ပြုလုပ်မည့်အပြင် ဂျေလိဂ်ပွဲစဉ်များကိုလည်း ကြည့်ရှုခွင့်ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယင်းခရီးစဉ်အတွက် ၂၀၁၉ ခုနှစ်အတွင်း ကျင်းပခဲ့သည့် အသက် ၁၄ နှစ်အောက်ပြိုင်ပွဲများမှ ထူးချွန်သည့်ကစားသမားများ၊ အလားအလာရှိသည့် ကစားသမားများကို ရွေးချယ်ကာ ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ လူရွေးပွဲကျင်းပနေသည်။ ၂၀၁၉ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပခဲ့သည့် MPT U-14 Football Tournament 2019 ပြိုင်ပွဲများ၊ MFF 100 Plus တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတို့မှ အလားအလာရှိသည့် ကစားသမား ၇၅ ဦးကို ငါးသင်းခွဲကာ ရွေးချယ်နေခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

**✻ မြန်မာနိုင်ငံမှ**

မြန်မာနိုင်ငံရှိ လေဆိပ်များမှတစ်ဆင့် ခရီးသည်အရေအတွက်နှင့် ကုန်စည်ပမာဏ ဖြတ်သန်းသွားလာမှုမှာ စီးပွားရေးလုပ်ငန်းများတိုးချဲ့မှုနှင့် ဗီဇာလျှော့ချထားမှု ဖြေလျှော့မှုများပြုလုပ်ခြင်းကြောင့် ဂျပန်နိုင်ငံမှ ခရီးသည်များစွာအပါအဝင် ကမ္ဘာလှည့်ခရီးသွားများ အရေအတွက်များပြားလာခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်လေဆိပ်များ၌ စုစုပေါင်း ခရီးသွားအရေအတွက်မှာ ၆ ဒသမ ၅ သန်းခန့်သာ ရှိခဲ့သည်။ သို့သော်လည်း ၂၀၁၇ ခုနှစ်တွင် ခရီးသည်အရေအတွက်မှာ ၇ ဒသမ ၂၆ သန်းအထိ ရှိလာခဲ့သည်။ ရန်ကုန်လေဆိပ်မှာ ၂၀၁၃ ခုနှစ်တွင် ကုန်စည် ၂၄၀၀၀ တန် ကိုင်တွယ်ဆောင်ရွက်ခဲ့သော်လည်း ပမာဏမှာ ၂၀၁၇ ခုနှစ်တွင် တန် ၅၅၀၀၀ အထိ နှစ်ဆကျော်များပြားလာခဲ့သည်။ အဆိုပါလေဆိပ်သုံးခုမှာ ရေဒါကိရိယာမရှိမှုနှင့် အိုမင်းနေသည့်စနစ်များကြောင့် လုံခြုံမှုနှင့် စွမ်းဆောင်နိုင်မှုတို့တွင် စိန်ခေါ်မှုများ ရင်ဆိုင်နေရသည်။ ထိုပြဿနာဖြေရှင်းရန် NEC ကော်ပိုရေးရှင်းက လေကြောင်းထိန်းချုပ်ရေးရေဒါများ၊ သတင်းအချက်အလက်ပေးပို့ရေးစနစ်များကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)က ထောက်ပံ့သည့် တရားဝင်ဖွံ့ဖြိုးရေးအကူအညီ(ODA)မှတစ်ဆင့် ပံ့ပိုးမည်ဖြစ်သည်။

၂၀၂၁ ခုနှစ်အကုန်တွင် NEC ကော်ပိုရေးရှင်းက မြန်မာနိုင်ငံ၏ လေကြောင်းထိန်းချုပ်ရေးလုပ်ငန်းများ အန္တရာယ်ကင်းစေရန်နှင့် အကျိုးဖြစ်မြောက်မှု တိုးတက်လာစေရန် လေယာဉ်၏ အကွာအဝေးနှင့် တည်နေရာကို ရှာဖွေဖော်ထုတ်နိုင်သည့် လေဆိပ်စောင့်ကြပ်ရေးရေဒါ(ASR)၊ လေယာဉ်ထံမှ မောင်းနှင်မှုဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များ ရရှိနိုင်သည့် ဆင့်ပွားစောင့်ကြပ်ရေးရေဒါ(SSR)နှင့် ရေဒါများမှရရှိသော သတင်းအချက်အလက်များ အသုံးပြုသည့် ဘက်စုံအာရုံခံအချက်အလက်ပေးပို့ရေးစနစ်(MSDPS)တို့ တပ်ဆင်မည်ဖြစ်သည်။

**ကိုးကား - ဂျေစီအင်န်**
**ဘာသာပြန် - ကျော်ထိုက်စိုး**



# ဒေသတွင်းမှ အမေရိကန်တပ်ဖွဲ့ရုပ်သိမ်းရန် အီရန်ထိပ်တန်းခေါင်းဆောင် တိုက်တွန်း

**တီဟီရန် ဇန်နဝါရီ ၈**

ဒေသအတွင်းမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းရန် အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာအာလီခါမေနီက အမေရိကန်ပြည်ထောင်စုကို ယနေ့ တိုက်တွန်းလိုက်သည်။ အီရန်က အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်တပ်စခန်းနှစ်ခုကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် နာရီပိုင်းအတွင်း အီရန်ထိပ်တန်းခေါင်းဆောင်က ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်တပ်စခန်းနှစ်ခုအပေါ် အီရန်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ သို့သော် ယင်းကဲ့သို့သော စစ်ဆင်ရေးသည် ဒေသတွင်းမှ အမေရိကန်တပ်ဖွဲ့ထွက်ခွာရေးအတွက် မလုံလောက်သေးကြောင်း၊ အရေးကြီးသည်မှာ ဒေသအတွင်း အမေရိကန်တပ်ဖွဲ့ နေထိုင်မှုအဆုံး သတ်စေရေးပင်ဖြစ်ကြောင်း အီရန်ထိပ်တန်းခေါင်းဆောင်ခါမေနီက နိုင်ငံပိုင်ရုပ်သံလွှင့်ဌာနမှတစ်ဆင့် ယနေ့ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့က စစ်ပွဲ၊ နိုင်ငံတော်အကြည်ညိုပျက်မှု၊ ပျက်စီးဆုံးရှုံးမှုနှင့် ခွဲခြားဆက်ဆံမှုများကို ဒေသအတွင်းသို့ ယူဆောင်လာခဲ့ကြောင်း၊ သို့ဖြစ်ရာ မိမိတို့ဒေသနှင့် လူမျိုးများအနေဖြင့် ဒေသတွင်း အမေရိကန်တပ်ဖွဲ့ နေထိုင်မှုကို ကြာကြာ လက်သင့်ခံမည် မဟုတ်တော့ကြောင်း ခါမေနီက ထပ်မံပြောကြားခဲ့သည်။

ထို့အပြင် ခါမေနီသည် အမေရိကန်နှင့် အစ္စရေးတို့၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များအပေါ် ဆန့်ကျင်တိုက်ခိုက်မှုနယ်ပယ်၌ အီရန်ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ၏ ရဲစွမ်းသတ္တိကိုလည်း ချီးကျူးခဲ့သည်။

အီရန်ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီသည် ဇန်နဝါရီ ၃ ရက်က ဘဂ္ဂဒက်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးရှိ အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုတွင် သေဆုံးခဲ့သည်။ အီရန်ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ လက်တုံ့ပြန်သည့်အနေဖြင့် အီရတ်နိုင်ငံရှိ အမေရိကန်တပ်စခန်းနှစ်ခုကို အစ္စလာမ့်တော်လှန်ရေး အစောင့်တပ်က ဒုံးကျည်များဖြင့် ဇန်နဝါရီ ၈ ရက်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျော်တီ**



အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာအာလီခါမေနီ



အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်စစ်စခန်းတစ်ခုကို တွေ့ရစဉ်။

## အီရတ်နိုင်ငံရှိ အမေရိကန်စစ်စခန်းကို အီရန် တုံ့ပြန်တိုက်ခိုက်

**တီဟီရန် ဇန်နဝါရီ ၈**

အီရတ်နိုင်ငံရှိ စခန်းများကို ဗုဒ္ဓဟူးနေ့က ဒုံးကျည်များဖြင့် တိုက်ခိုက်မှုတွင် အမေရိကန်စစ်သား ၈၀ သေဆုံးခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကို ကိုးကား၍ အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားက သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့်အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များ အသုံးပြုသည့် အီရတ်နိုင်ငံရှိ စခန်းများကို အီရန်နိုင်ငံက ညအချိန်တွင် ဒုံးကျည် ၂၂ စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အီရတ်တပ်မတော်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် အမေရိကန်စစ်သားအနည်းဆုံး ၈၀ သေဆုံးခဲ့သည်ဟု အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြား ဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။ ထို့အပြင် ယင်းတိုက်ခိုက်မှုတွင် လူမပါသည့် လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် အခြားစစ်လက်နက်ပစ္စည်းများ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

ဒေသတွင်း၌ရှိသည့် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များ၏ အနည်းဆုံးပစ်မှတ် ၁၄၀ ကို ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံက မည်သည့်အမှားကိုမဆို ထပ်မံကျူးလွန်ပါက ယင်းပစ်မှတ်များကို တိုက်ခိုက်မည်ဖြစ်ကြောင်း တော်လှန်ရေးအစောင့်တပ်ဖွဲ့ သတင်းရင်းမြစ်က ဆိုသည်။ အင်အယ်လ်-အာဆတ်စခန်းကို ဒုံးကျည် ၁၅ စင်း ထိမှန်ခဲ့ကြောင်း၊ မည်သည့်ဒုံးကျည်ကိုမျှ အမေရိကန်၏ အကြမ်းဖက်စစ်တပ်ရေဒါများက ကြားဖြတ်ဟန့်တားခြင်းမရှိခဲ့ကြောင်း ယင်းသတင်းရင်းမြစ်က ဆိုသည်။

သို့သော် အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်စစ်သားတစ်ဦးတစ်ယောက်မှ သေဆုံးခြင်းမရှိကြောင်းနှင့် ထိခိုက်ဆုံးရှုံးမှု အနည်းငယ်သာရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**

## အီရန်၌ ယူကရိန်း ခရီးသည်တင်လေယာဉ်ပျက်ကျ လေယာဉ်ပေါ်ပါသူအားလုံး သေဆုံး

**တီဟီရန် ဇန်နဝါရီ ၈**

ယူကရိန်း ခရီးသည်တင်လေယာဉ်တစ်စင်း ယနေ့နံနက်ပိုင်းက အီရန်နိုင်ငံ တီဟီရန်မြို့တော်ရှိ အိုင်မမ်ခိုမေနီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပျံတက်ပြီးနောက် သိပ်မကြာမီ ပျက်ကျခဲ့ကြောင်း နိုင်ငံပိုင် IRNA သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ခရီးသည် ၁၈၀ ပါရှိသည့် ယူကရိန်းလေကြောင်းလိုင်း UIA Airlines မှ ဘိုးရင်း ၇၃၇ ခရီးသည်တင်လေယာဉ်မှာ ကီယက်ဗ်မြို့တော်သို့ ဦးတည်ပျံသန်းနေချိန် ပျက်ကျခဲ့ခြင်းဖြစ်သည်။ နည်းပညာပိုင်းဆိုင်ရာ ပြဿနာများကြောင့် လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်နိုင်ကြောင်း အိုင်မမ်ခိုမေနီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူ အလီခါရှန်နီက အီရန်အစိုးရပိုင်သတင်းဌာန Fars သို့ ပြောကြားခဲ့သည်။ လေယာဉ်ပေါ်ပါ အမှုထမ်းနှင့် ခရီးသည်အားလုံး သေဆုံးခဲ့ကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။ တီဟီရန်မြို့တော်၏ အနောက်တောင်ဘက် ဆင်ခြေဖုံးဒေသရှိ လေယာဉ်ပျက်ကျရာနေရာ၌ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ရောက်ရှိနေပြီဖြစ်ကြောင်း အီရန်လေကြောင်းပို့ဆောင်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရီဇာဂျာဖာဇာဒက်ချ်က ပြောကြားသည်။

"လေယာဉ်ပျက်ကျတဲ့သတင်း ကြေညာပြီးပြီးချင်း လေကြောင်းပို့ဆောင်ရေးဌာနက စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ပျက်ကျရာနေရာကို စေလွှတ်ခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။ ယနေ့နံနက်ပိုင်းတွင် လေဆိပ်မှပျံတက်သွားသည့် ယူကရိန်းအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ်မှာ ပျံတက်ပြီး ချက်ချင်းဆိုသလို အချက်အလက်များပေးပို့မှု ရပ်တန့်သွားခဲ့ကြောင်း လေဆိပ်မှ လေကြောင်းခရီးစဉ် အချက်အလက်များက ပြသနေသည်။ မှတ်ချက်စကားပြောကြားရန် အဆိုပါ ယူကရိန်းလေကြောင်းလိုင်းသို့ ဆက်သွယ်ခဲ့သော်လည်း ပြန်လည်လက်ခံဖြေကြားခဲ့ခြင်းမရှိပေ။ ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ်မှာ တာတို၊ တာလတ်လေကြောင်းခရီးစဉ်များအတွက် အသုံးပြုသော အင်ဂျင်နှစ်လုံးတပ် ဂျက်လေယာဉ်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ လေကြောင်းလိုင်းများက ထောင်နှင့်ချီသော အဆိုပါလေယာဉ်များကို အသုံးပြုကြသည်။

၁၉၉၀ ပြည့်နှစ်များအတွင်း စတင်အသုံးပြုခဲ့သည့် ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ်မှာ လူပေါင်းများစွာ သေဆုံးခဲ့သည့် လေယာဉ်ပျက်ကျမှုနှစ်ကြိမ်ကြောင့် ၁၀ လနီးပါးကြာ အနားပေးခဲ့သည့် ဘိုးရင်း ၇၃၇ မတ်ဇ်လေယာဉ်ထက် ပို၍သက်တမ်းကြာမြင့်နေပြီဖြစ်သည့် လေယာဉ်အမျိုးအစားတစ်မျိုးဖြစ်သည်။ ပြီးခဲ့သောနှစ်များအတွင်း လူအသေအပျောက်များစွာရှိခဲ့သည့် လေယာဉ်ပျက်ကျမှုများတွင် မြောက်မြားလှစွာသော ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ်များ ပါဝင်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



ယူကရိန်း ခရီးသည်တင်လေယာဉ်တစ်စင်း အီရန်နိုင်ငံ တီဟီရန်မြို့တော်ရှိ အိုင်မမ်ခိုမေနီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပျံတက်ပြီးနောက် ပျက်ကျစဉ်။

## အီရတ်နိုင်ငံသို့ ခရီးမသွားကြရန် အိန္ဒိယနိုင်ငံသားများကို အစိုးရက အကြံပြု

**နယူးဒေလီ ဇန်နဝါရီ ၈**

အီရတ်နိုင်ငံတွင် အခြေပြုသည့် အမေရိကန်တပ်ဖွဲ့များနှင့် အီရန်အစိုးရတို့အကြား တင်းမာမှုများ မြင့်တက်လာခဲ့ပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံသားများ အီရတ်နိုင်ငံသို့ ခရီးသွားခြင်းကိုရှောင်ရှားကြရန် အိန္ဒိယအစိုးရက ဗုဒ္ဓဟူးနေ့တွင် အကြံပြုချက် ထုတ်ပြန်ခဲ့သည်။

အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသည့်အခြေအနေကိုထောက်ရှု၍ နောက်ထပ်အသိပေးချက် မထုတ်ပြန်မချင်း အိန္ဒိယနိုင်ငံသားများအနေဖြင့် အရေးကြီးကိစ္စမှအပ အီရတ်နိုင်ငံသို့ ခရီးမသွားကြရန်အကြံပြုကြောင်း၊ အီရတ်နိုင်ငံရှိ အိန္ဒိယနိုင်ငံသားများအနေဖြင့် နိုးနိုးကြားကြားနေကြရန်နှင့် အီရတ်နိုင်ငံအတွင်း ခရီးသွားလာခြင်းကို ရှောင်ရှားကြရန် အကြံပြုကြောင်း ယင်းအကြံပြုချက်တွင် ဖော်ပြသည်။ ပြီးခဲ့သည့်သီတင်းပတ်က ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်အနီး၌ အမေရိကန်တို့၏ ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်မှုတွင် အီရန်ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ သေဆုံးခဲ့ချိန်မှစ၍ ပင်လယ်ကွေ့ဒေသတွင် စစ်ပွဲကဲ့သို့ အခြေအနေပေါ်ပေါက်လာသည်။

နောက်ဆုံးရရှိသည့် တရားဝင်ကိန်းဂဏန်းများအရ အီရတ်နိုင်ငံရှိ အိန္ဒိယနိုင်ငံသားများ၏ စုစုပေါင်းအရေအတွက်သည် ၁၅၀၀၀ မှ ၁၇၀၀၀ ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ ၎င်းတို့အများစုသည် ကာဒစ္စတန်ဒေသ၊ ဘာဆာရာ၊ နာဂျပ်ဖ်နှင့် ကာဘာလာမြို့တို့တွင် ရှိသည်။ ထို့အပြင် အိန္ဒိယနိုင်ငံသား ၃၀၀၀၀ မှ ၄၀၀၀၀ ခန့်သည် အီရတ်နိုင်ငံရှိ ဘဂ္ဂဒက်၊ ကာဘာလာ၊ နာဂျပ်ဖ်နှင့် ဆာမာရာမြို့များသို့ နှစ်စဉ်ဘုရားဖူးရန် သွားရောက်လည်ပတ်ကြကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

## အမေရိကန်လေယာဉ်များ အီရန်နှင့် အီရတ်နိုင်ငံတို့၏ ပိုင်နက်များကို မပျံသန်းရန် တားမြစ်

**နယူးယောက် ဇန်နဝါရီ ၈**

အမေရိကန်ပြည်ထောင်စု လေကြောင်းအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့က အမေရိကန်အရပ်သားလေယာဉ်များအား အီရန်နှင့်အီရတ်နိုင်ငံတို့၏ လေပိုင်နက်များနှင့် ပါရှန်ပင်လယ်ကွေ့နှင့် အိုမန်ပင်လယ်ကွေ့ရေပြင်များမှ ဖြတ်ကျော်ပျံသန်းခွင့်ကို ပိတ်ပင်မည်ဟု ပြောကြားခဲ့သည်။ ယခုပြောကြားချက်သည် အီရန်က အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးချိန်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အေပီသတင်းဌာန၏ပြောကြားချက်အရ ယခုဆောင်ရွက်သော ပျံသန်းမှုဆိုင်ရာအရေးပေါ်တားမြစ်ချက်သည် ဒေသတွင်းရှိ အရပ်ဘက်လေယာဉ်များအား အခြားလေယာဉ်ဟု မှားယွင်းအတည်ပြုခြင်းမှ ရှောင်ရှားနိုင်ရန်ဖြစ်ကြောင်း သိရသည်။ စင်ကာပူလေကြောင်းလိုင်း၏ ပြောကြားချက်အရ ယခုတိုက်ခိုက်မှုဖြစ်ပွားပြီးချိန်တွင် ပုံမှန်ပျံသန်းနေသောလေယာဉ်များမှာ အီရန်၏ လေပိုင်နက်အတွင်းမှ လမ်းကြောင်းပြောင်း ရှောင်ရှားသွားခဲ့ဖွယ်ရှိသည်ဟု ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# ရေကြည်မြို့နယ် ဝေန်မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်လေးလုံး ပြောင်းရွှေ့

ရေကြည် ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကညင်ငူကျေးရွာအုပ်စု၌ ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် ဝေန်မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်လေးလုံး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ဇန်နဝါရီ ၈ ရက် နံနက် ၇ နာရီခွဲခန့်က ကညင်ငူကျေးရွာအုပ်စု ရေကြည်မြို့နယ် ကမ်းနားတန်း အရှေ့ပိုင်းတွင် ဝေန်မြစ်ရေ တိုက်စားမှုကြောင့် အလျား ပေ ၁၂၀ ခန့်၊ အနံ ငါးပေခန့် မြစ်ကမ်းပါး အက်ကွဲခဲ့သဖြင့် အဆိုပါ မြစ်ကမ်းနှင့် ၁၅ ပေခန့်အကွာတွင် နေထိုင်သော နေအိမ်လေးလုံးအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် ရေကြည်မြို့မရဲစခန်းမှ ဒုရဲအုပ် ဘိုဘိုဟိန်း ဦးစီးသော တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများက ကညင်ငူကျေးရွာအတွင်းရှိ ၎င်းတို့၏ ဆွေမျိုးသားချင်းများ နေအိမ်သို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ဆန်းတင့်(ရေကြည်)



# ဘုံချောင်း - မဲဇာဘူတာကြား အမှတ်(၉၃၁) အဆန်ကုန်ရထား တွဲချော်မှုဖြစ်

အင်းတော် ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာရထားတံတားပေါ်တွင် ဇန်နဝါရီ ၈ ရက် နံနက် ၆ နာရီ ၁၀ မိနစ်ခန့်က မြို့ဟောင်း-မြစ်ကြီးနား အစုန်ကုန်ရထား တွဲချော်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၈ ရက် နံနက် ၅ နာရီ ၃၅ မိနစ်ခန့်တွင် ဘုံချောင်းဘူတာမှထွက်ခွာလာသော စက်ခေါင်းမောင်း ဦးခင်မောင်စိုးနှင့် ရထားထိန်း ဦးစိုးလင်းတို့လိုက်ပါလာသော ရထားအမှတ်(၉၃၁) စက်ခေါင်းအမှတ် DF-1367 အဆန်ကုန်ရထားသည် မီးရထားမိုင်တိုင်အမှတ်(၅၇၄/၁၇)နှင့် (၅၇၄/၁၈) ကြားတွင် တွဲအမှတ် GBHAH-40859 သည် တံတားအမှတ်(၄၀၈) မဲဇာတံတားပေါ်တွင် မန္တလေးဘက်ခြမ်း (၁)ဘူကီမှာ နှစ်ပေခန့်ကျခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် အမှတ်(၄၂) မန္တလေး-မြစ်ကြီးနား အဆန် ဒုတိယအမြန်ရထားမှာ ဘုံချောင်းဘူတာတွင်ခေတ္တရပ်နားခဲ့ရကြောင်း၊ ရထားလမ်းများ အမြန်ပွင့်လင်းနိုင်ရေးအတွက် အဆိုပါ နံနက် ၈ နာရီ ၃၅ မိနစ်က နမ်းခမ်းတွဲပြင်အဖွဲ့ ငါးဦးတို့က RBE 2565 ဖြင့် ဘုံချောင်းဘူတာမှ ထွက်ခွာခဲ့ကြောင်း သိရသည်။

နီတိုး

# ရေကန်အတွင်း ခြင်းလုံးဆယ်ယူရာမှ ကျောင်းသားတစ်ဦး သေဆုံး

မုံရွာ ဇန်နဝါရီ ၈

ရေကန်အတွင်း ပြုတ်ကျသောခြင်းလုံးကို ဆင်းဆယ်သူ (၁၇)နှစ်အရွယ် ၁၀ တန်းကျောင်းသားတစ်ဦး သေဆုံးမှု ဖောင်းပြင်မြို့တွင် ဇန်နဝါရီ ၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖောင်းပြင်မြို့ အင်ကြင်းမြိုင်ရပ်ကွက်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း ဘော်ဒါနေကျောင်းသား သုံးဦးသည် ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက အဆိုပါရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းအနောက်ဘက် ရေကန်ဘေးတွင် ခြင်းခတ်နေစဉ် ခြင်းလုံးမှာ အလျား ပေ ၇၀၊ အနံပေ ၄၀၊ အနက် ခုနစ်ပေခန့်ရှိ ရေကန်အတွင်း ပြုတ်ကျသဖြင့် ဆင်းဆယ်ယူရာမှ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးရခြင်းနှင့်ပတ်သက်၍ ဖောင်းပြင်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မျိုးဝင်းထွန်း(မုံရွာ)

# အကောက်ခွန်မဲ့ ဆိုင်ကယ် ၁၄ စီး သိမ်းဆည်းရမိ

မိုးမောက် ဇန်နဝါရီ ၈

ကချင်ပြည်နယ် မိုးမောက်မြို့ ကျောက်စခန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇန်နဝါရီ ၇ ရက် ည ၇ နာရီက ဒု-ရဲအုပ် အောင်ကျော်ဇေယျာဖြိုး ဦးစီးအဖွဲ့နှင့် မိုးမောက်မြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမှိုင်းမြတ်ထွန်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် အကောက်ခွန်မဲ့ဆိုင်ကယ်များ တင်ဆောင်လာကြောင်း သတင်းအရ Stone Village သွားလမ်းခွဲတွင် စောင့်ဆိုင်းနေစဉ် ယာဉ်မောင်း ဝင်းမြင့် မောင်းနှင်ပြီး မောင်ဇော် လွယ်ဂျယ်မြို့နေသူလိုက်ပါလာသော ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ဆိုင်ကယ် သုံးစီး၊ ဘရန်ရှောင်(ခ)အီးသား ခါနန်ရပ်ကွက် မိုးမောက်မြို့နေသူ မောင်းနှင်လာသော ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် ဆိုင်ကယ်နှစ်စီး၊ ဒေါ်စမ်းယုမော် ရွှေညောင်ပင်ရပ်ကွက် မြစ်ကြီးနားမြို့နေသူ မောင်းနှင်လာသောယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် ဆိုင်ကယ်ကိုးစီး စုစုပေါင်း ယာဉ်သုံးစီးပေါ်တွင် တရားမဝင် အကောက်ခွန်မဲ့ ဆိုင်ကယ် ၁၄ စီးအား သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လွန်းနန်းထွေး

# မော်လမြိုင်မြို့၌ ယာဉ်တစ်စီးမှ လမ်းဘေးတွင်ထိုင်နေသူနှင့် ဆိုင်ကယ်များကိုဝင်တိုက်၍ နှစ်ဦးသေ၊ ငါးဦး ဒဏ်ရာရ

မော်လမြိုင် ဇန်နဝါရီ ၈

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ယာဉ်တစ်စီးက လမ်းဘေး၌ ရပ်ထားသော ဆိုင်ကယ်များနှင့် ထိုင်ခုံတွင် ထိုင်နေသူကို ဝင်တိုက်မိ၍ နှစ်ဦးသေဆုံးပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဇန်နဝါရီ ၈ ရက် နံနက် ၀၀:၃၀ နာရီခန့်က မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် ကမ်းနားလမ်းနှင့် သူဇာလမ်းထောင့်တွင် ကမ်းနားလမ်းအတိုင်း မြောက်မှ တောင်သို့ (ကျောက်မီးသွေးမီးပွိုင့်ဘက်သို့) ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နေသူ ဖြိုးထွေးအောင်(ခ)ဖြိုးထက်အောင် မောင်းနှင်လာသော ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး၌ ရပ်ထားသော ဆိုင်ကယ်များ၊ ထိုင်ခုံများနှင့် သစ်ပင်ကိုဝင်တိုက်မိရာ လမ်းဘေးထိုင်ခုံတွင် ထိုင်နေသူ အမျိုးသားတစ်ဦးနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူ အမျိုးသားတစ်ဦးတို့ သေဆုံးခဲ့ပြီး ယာဉ်မောင်း ဖြိုးထွေးအောင်(ခ)ဖြိုးထက်အောင် အပါအဝင် ငါးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဖြိုးထွေးအောင် (ခ) ဖြိုးထက်အောင်အား မော်လမြိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ မိုးသောက်(ရွှေဘို)

**ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီခွဲက မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် ဓမ္မရက္ခိတလမ်းတွင် ကိုကိုထွန်း(ခ)ကိုထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၃ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ညနေ ၅ နာရီတွင် ၎င်းငှားရမ်းနေထိုင်သည့် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၂)ရပ်ကွက်ရှိ နေအိမ်ကို ရှာဖွေရာ သက်ထွေးအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၆၈ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း။

ကွင်းဆက်အရ ရွှေပေါက်ကံမြို့သစ် အမှတ်(၁၄)ရပ်ကွက် ရာဇဓိရာဇ်(၄)လမ်းရှိ ဝေလျှံ(ခ)ဝေလျှံစိုးမိုး၏ နေအိမ်ကိုရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၇ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းမပေါ်ရှိ (၆)ကွေ့မီးပွိုင့်အနီးတွင် မျိုးမင်းလတ်(ခ)အငယ်လေးမောင်းနှင်လာသည့် အငှားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၉၁ ပြား၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ် ၁၀၀၀၀၀ တို့ကိုလည်းကောင်း။

ဆက်လက်၍ ညနေပိုင်းတွင် ကွင်းဆက်အရ သာကေတမြို့နယ် ရှုခင်းသာပတ်လမ်း၌ Toyota Mark II ယာဉ်နှင့်အတူ အောင်နိုင်၊ လှဝင်း(ခ)ဂျလားတို့အား တွေ့ရှိရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ အိုက်စ် ၁၀ ဂရမ်နှင့် လက်ကိုင် ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ ဆက်လက်၍ ညပိုင်းတွင် ပူးပေါင်းအဖွဲ့သည် ဗိုလ်တထောင်မြို့နယ် အမှတ်(၄) ရပ်ကွက် (၅၃)လမ်း (၄)လွှာရှိ အောင်နိုင် ငှားရမ်းနေထိုင်သည့်အိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၇၁၉၅ ပြား၊ အိုက်စ် ၁၀၀ ဂရမ်တို့ကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

သွား၊ မျက်နှာ၊ မေးရိုး နှင့် ခံတွင်းခွဲစိတ်အထူးကုဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်

ဒေါက်တာအောင်လွင်ဦး(သွား၊ မျက်နှာ၊ မေးရိုး နှင့် ခံတွင်းခွဲစိတ်အထူးကု ဆရာဝန်ကြီး) သည်
စိန်ဆေးရုံ (တောင်ကြီး) သို့ လာရောက်ကုသပေးမည်ဖြစ်ပါသည်။

■ လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ပါသည်။

ဇန်နဝါရီလ (၁၀) ရက်မှ (၁၂) ရက်



စိန်ဆေးရုံ (တောင်ကြီး) အမှတ်၃၁၀၊ အရှေ့မြို့ပတ်လမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း - ၀၈၁ ၂၁၂၁၇၆၂၊ ၂၁၂၂၈၄၄၊ ၂၁၂၄၄၅၂

# လိုင်လင်းပီ-ရေစွာလမ်းပိုင်း၌ မြေပြိုမှုဖြစ်ပွား၍ ကုန်ကားများသွားလာရေးခက်ခဲ



**လိုင်လင်းပီ ဇန်နဝါရီ ၈**

ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့နှင့် ရေဇွာမြို့ အကြား စပေါ်ကျေးရွာအနီး၌ မြေပြိုမှုဖြစ်ပွား၍ ကုန်ကားများသွားလာရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။

ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ မိုးရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းမြေပြိုသည့်နေရာအား လမ်းဦးစီးဌာနမှတာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြေပြိုတာကတော့ ရေဇွာကနေဆိုရင်စပေါ်ရွာမရောက်ခင် ချောင်းနားမှာဖြစ်တာပါ၊ ရေဇွာနှင့်လိုင်လင်းပီကို ဆိုင်ကယ်နဲ့တော့ ကောင်းကောင်းသွားလို့ရနေပါပြီ၊ ဇန်နဝါရီ ၉ ရက်လောက်ဆိုရင်တော့ ကုန်ကားတွေလည်းသွားလို့ရတော့မှာပါ" ဟု အဆိုပါလမ်းပိုင်းကို တာဝန်ယူဆောင်ရွက်နေသည့် စက်ကြီးမောင်းသူက ပြောသည်။

**ကိုလိန်း(ပြန်/ဆက်)**

## သတင်းစုံကဏ္ဍ

### တက္ကသိုလ်ဝင်တန်းဖြေဆိုရန်လျှောက်ထားသူ ၃၆၈၈ ဦးရှိ

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဖြေဆိုရန် လျှောက်ထားသူ ၃၆၈၈ ဦးရှိကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယခင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပွင့်ဖြူမြို့နယ်၌ ဖြေဆိုရန် လျှောက်ထားသူဦးရေမှာ ၃၄၃၃ ဦးရှိခဲ့ရာ ယခုနှစ်တွင် ဖြေဆိုရန်လျှောက်ထားသူဦးရေမှာ ယခင်နှစ်ထက် ၂၀၀ ကျော် ပိုမိုများပြားလာကြောင်းသိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### ပညာရေးစုံညီပွဲတော်ကျင်းပ

**ကန်ပက်လက်**

ကန်ပက်လက်မြို့နယ် ပညာရေးစုံညီပွဲတော်ကို ကန်ပက်လက်မြို့ အထက ဘောလုံးကွင်း၌ ဇန်နဝါရီ ၆ရက် နံနက်ပိုင်းက ကျင်းပသည်။

ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**သန်းမောင်(ပြန်/ဆက်)**

## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

### ကမ္ဘာမှာ အဆန်းဆုံးသည် အပင် အပင်ဟူသမျှ ဆေးပင်



သမားတော်ကြီး ဦးသောင်းရွှေရေးသားပြုစုသည့် ကမ္ဘာမှာ အဆန်းဆုံးသည် အပင် အပင်ဟူသမျှ ဆေးပင် စာအုပ်ထွက်ရှိလာသည်။

အနောက်တိုင်းဆေးမပေါ်ခင်ကတည်းက ရှေးမြန်မာများ မြန်မာ့တိုင်းရင်းဆေးကို အသုံးပြုခဲ့ကြပြီး ဤစာအုပ်တွင် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ဆေးနည်းပေါင်းများစွာ ပြုစုရေးသားထားရာ အိမ်တွင်းလက်တွေ့ ကုထုံးလေးများဖြင့် အလွယ်တကူ ကုသနိုင်သဖြင့် အိမ်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၈၃၉၂၈၃၅၊ ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

### ကမ္ဘာတည်မယ့် အာရှနှင်းဆီ ကဗျာများ



စာရေးသူ ဖျာပုံနီလုံဦး စီစဉ်ရေးသားကာ မောင်ညီညွတ် ဘာသာပြန်သည့် ကမ္ဘာတည်မယ့် အာရှနှင်းဆီ ကဗျာများစာအုပ် ထွက်ရှိလာသည်။

ပြည်သူများ ချစ်ခင်လေးစားရပါသော မြန်မာ့ဒီမိုကရေစီတိုက်ပွဲ ခေါင်းဆောင်လည်းဖြစ်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ ၇၅နှစ်ပြည့်(စိန်ရတုမင်္ဂလာ)အမှတ်တရ အထိမ်းအမှတ်အဖြစ် နှင်းဆီသခင်မ၊ ပန်းတွေနဲ့ဝေ၊ ကျွန်တော့်သူရဲကောင်းအတွက်၊ အောင်ပွဲရသည့်တိုင်၊ ခွပ်ဒေါင်းစိတ်၊ နေဝန်းလဝန်းပမာ၊ ထာဝရခေါင်းဆောင်၊ ကမ္ဘာတည်မယ့်အာရှကြယ်၊ အကျဉ်းစံလူထုခေါင်းဆောင်ရဲ့ အနာဂတ် အလင်းသစ်၊ ငြိမ်းချမ်းရေးဗိသုကာရှင် သို့မဟုတ် ခွပ်ဒေါင်းမိခင် စသည့် ကဗျာပုဒ်ရေ ၇၀ ကျော်ကို ရေးသားထားသည်။

စာအုပ်ကို ကြယ်နီစာပေတိုက် အမှတ်-၂၅(ဒုတိယထပ်)၊ မဟာဗောဓိလမ်း၊ ကျိုက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၆၁၅၄၈၁၉၅နှင့် ၀၉ ၇၉၈၀၆၀၀၈၄ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

### တရုတ်ပြည်သွားမှတ်တမ်း(၁၇၅၀-၁၇၅၂)



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် အကြိုသမိုင်းမှအစပြု၍ ၁၉၈၈ ခုနှစ် ကာလအထိ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းကို ရေးသားပြုစုလျက်ရှိရာ ယခုအခါ မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာသော်ကောင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီယဉ်တို့ တည်းဖြတ်သော "တရုတ်ပြည်သွားမှတ်တမ်း (၁၇၅၀-၁၇၅၂)" စာအုပ်ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် မြန်မာနိုင်ငံသည် အိမ်နီးချင်း တရုတ်နိုင်ငံနှင့် ပျူခေတ်ကတည်းက သံတမန်များကို အပြန်အလှန်စေလွှတ်ခဲ့ကြပြီး ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြသည်။ မြန်မာ-တရုတ် ဆက်ဆံရေးမှတ်တမ်းနှင့် ပတ်သက်၍ ယခုအထိ တွေ့ရှိရသော အထောက်အထားမှာ ပုဂံခေတ် ရှင်ဒိသာပါမောက်ကျောက်စာနှင့်"ဟံသာဝတီရောက် မင်းတရားလက်ထက် မြန်မာသံအဖွဲ့ တရုတ်ပြည်သွား မှတ်တမ်း" ပေကျမ်းတို့သာဖြစ်သည်။ ရှင်ဒိသာပါမောက်ကျောက်စာမှာ ပုံနှိပ်စာအဖြစ် တွေ့ရှိရသော်လည်း မြန်မာသံအဖွဲ့မှ မှတ်တမ်းမှာမူ တစ်ကြိမ်တစ်ခါမျှပုံမနှိပ်ရသေးသည့်အတွက် ပထမဆုံးထုတ်ဝေလိုက်ခြင်းဖြစ်ပြီး ညောင်ရမ်းခေတ်နောက်ဆုံးမင်းဆက်ဖြစ်သော မဟာဓမ္မရာဇာ ဓိပတိလက်ထက် မြန်မာ-တရုတ်ဆက်ဆံရေးကို ပေမူမှ လေ့လာဖတ်ရှုနိုင်ပါသည်။

စာအုပ်ကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ဖုန်း -၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဖုန်း- ၀၆၇- ၄၁၈၄၂၆ နှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ ဖုန်း- ၀၁-၃၉၅၁၉၀၊ ၀၁-၃၉၅၁၉၂ တို့တွင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

### လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲနှင့် အခြားဆောင်းပါးများ



ဦးစိုင်းကျော်သူ၊ S ကျော်ခိုင်ရေးသားသည့် “လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲနှင့် အခြားဆောင်းပါးများ” စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ၊ ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ နိုင်ငံရေးနှင့် ဆက်နွှယ်သောဘဏ္ဍာရေးကို ကြီးကြပ်ခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခန်းကဏ္ဍ၊ မဲစာရင်း တိကျမှန်ကန်ရေးနှင့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီတစ်ခု ဖွဲ့စည်းတည်ထောင်ခြင်း၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာဆန်းစစ်ခြင်း၊ ဆိုရှယ်မီဒီယာ (Social Media) ကို အကျိုးရှိစွာ အသုံးပြုခြင်း၊ ရွေးကောက်ပွဲအောင်နိုင်ရေး မဲဆွယ်စည်းရုံးခြင်းစသည့် ဆောင်းပါး(၂၅)ပုဒ်ကို ရေးသားထားသည်။ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသော ဆောင်းပါးများဖြစ်သဖြင့် နိုင်ငံသားအားလုံး ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဌာန၊ ဖုန်း – ၀၆၇၃-၄၀၄၄၁၀၊ ၀၆၇၃-၄၀၄၂၁၅ နှင့် ၀၉-၅၁၉၀၅၄၅ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။

### မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ အကြိုဂုဏ်ပြု စိတ်ကြိုက် ဇာတ်ကား (၁၀၀)



ရုပ်ရှင်ကြည့်ပရိသတ်တစ်ဦး စုစည်းစီစဉ်သည့် မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ အကြိုဂုဏ်ပြု စိတ်ကြိုက်ဇာတ်ကား (၁၀၀) စာအုပ်ထွက်ရှိလာသည်။

မြန်မာရုပ်ရှင်ပေါ်ဦးစ အသံတိတ်ခေတ်မှ ယနေ့မျက်မှောက်ခေတ်ကာလအထိ ဇာတ်ကားပေါင်း ၁၀၀နှင့် ထိုဇာတ်ကားများနှင့် ဆက်နွှယ်နေသော ဇာတ်ကား ၈၁ ကားကိုပါ ဖြည့်စွက်ကာ စုစုပေါင်း ဇာတ်ကား ၁၈၁ကားတို့၏ ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ သရုပ်ဆောင် အမည်များအပါအဝင် ရုံတင်ဇာတ်ကား ပိုစတာဒီဇိုင်းများပါမကျန် ယှဉ်တွဲဖော်ပြထားသဖြင့် ရုပ်ရှင်နှင့်ပတ်သက်သည်များကို လေ့လာသူများ ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈ နှင့် ၀၉ ၇၇၇၁၃၉၄၇၇ တို့မှ တန်ဖိုးငွေကျပ် ၉၀၀၀ ဖြင့် ဖြန့်ချိသည်။

### Reorienting Myanmar Studies in Myanmar



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် နှစ်စဉ် ပြည်တွင်းစာတမ်းဖတ်ပွဲနှင့် နိုင်ငံတကာစာတမ်းဖတ်ပွဲများကို ကျင်းပလေ့ရှိရာ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ ရန်ကုန်၌ ကျင်းပခဲ့သော နိုင်ငံတကာစာတမ်းဖတ်ပွဲတွင် ပြည်တွင်း ပြည်ပပညာရှင်များက မြန်မာသမိုင်းနှင့်ပတ်သက်၍ အသိသစ် အမြင်သစ်များဖော်ဆောင်၍ ဖတ်ကြားခဲ့ကြသော စာတမ်း(၉) စောင် ဤစာအုပ်တွင် လေ့လာဖတ်ရှုနိုင်သည်။

စာအုပ်ကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ဖုန်း -၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့် တိုက်(နေပြည်တော်) ဖုန်း- ၀၆၇- ၄၁၈၄၂၆ နှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ ဖုန်း- ၀၁-၃၉၅၁၉၀၊ ၀၁-၃၉၅၁၉၂ တို့တွင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။



# ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ရှင်းလင်းဆွေးနွေး

**လွိုင်ကော် ဇန်နဝါရီ ၈**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသ ရေရရှိရေးအတွက် Royal Country Development Company Limited မှ ကွင်းဆင်းစိစစ် ဆောင်ရွက်ထားရှိမှုများနှင့် ဒီဇိုင်းရေးဆွဲဆောင်ရွက်ထားရှိမှု အခြေအနေများအား တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး Cabinet အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ရေရရှိရေးလုပ်ငန်းစဉ်များအားလုံး အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသူများအားလုံး ချိတ်ဆက်၍ အောင်မြင်အောင် ဆောင်ရွက်နိုင်သွားကြရန် ပြောကြားသည်။

ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်သူအောင်နှင့် Royal Country Development Cam pany Limited မှ တာဝန်ရှိသူတို့က မော်ချီးဒေသ ရေရရှိရေးလုပ်ငန်း ကွင်းဆင်းစိစစ်ဆောင်ရွက်ထားရှိမှုများနှင့် ရေရရှိရေးလုပ်ငန်း ဒီဇိုင်းရေးဆွဲထားရှိမှုများကို ရှင်းလင်းတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသူများက လိုအပ်သည်များ ဖြည့်စွက်အကြံပြု ဆွေးနွေးခဲ့ကြသည်။

**ထွန်းလေး**

# ကာကွယ်ဆေးနှစ်မျိုးဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေးမည်

**ရန်ကုန် ဇန်နဝါရီ ၈**

ကာကွယ်ဆေးနှစ်မျိုးဖြစ်သော ဝမ်းပျက် ဝမ်းလျှောကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးတို့ကို ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ထိုးနှံရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသော ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ ပိုမိုအားကောင်းစေရန် တိုင်းဒေသကြီးအဆင့် အသိပေးဆွေးနွေးပွဲမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းကာကွယ်ဆေးလွှမ်းခြုံမှု ရာနှုန်းပြည့်စေရန် အားလုံးဝိုင်းဝန်းဆောင်ရွက်မှုသည် အထူးအရေးကြီးကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ပိုမိုအားကောင်းပြီး မိမိတို့ရင်သွေးငယ်များရရှိသော ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံတိုက်ကျွေးနိုင်စေရန် ဌာနဆိုင်ရာများအနေဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ နှစ်စဉ်မွေးဖွားလျက်ရှိသော အသက်တစ်နှစ်ခြောက်လအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်ဖြင့် ရောဂါ ၁၁ မျိုးအတွက် ကာကွယ်ဆေးများဖြစ်သော ပြင်းထန်တီဘီရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ အသားဝါ (ဘီ) ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ မွေးကင်းစကလေးမေးခိုင်ရောဂါနှင့် ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ဖြစ်ပွားသေဆုံးမှုကိုလည်း လျှော့ချပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်စုမွန်က "ဝက်သက်နဲ့ ဂျိုက်သိုးအပါအဝင် ထိုးနှံပေးနေတဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းနဲ့ ကာကွယ်ဆေးနဲ့ကာကွယ်လို့ရတဲ့ရောဂါတွေ ဖြစ်ပွားမှုကြောင့် သေဆုံးမှုလျှော့နည်းဖို့နဲ့ ငါးနှစ်အောက်ကလေးသေဆုံးမှုကို ထပ်မံလျှော့ချဖို့ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်တွေကို အသိပေးဆွေးနွေးတာပါ။ ရောဂါ ၁၁ မျိုးအပြင် ၂၀၂၀ ပြည့်နှစ်မှာ ရောဂါနှစ်မျိုးဖြစ်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးနဲ့ ဇူလိုင်လမှာ မြန်မာနိုင်ငံမှာ အမျိုးသမီးများအဖြစ်များတဲ့ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို အမျိုးသမီးငယ်လေးတွေကိုစတင်ထိုးနှံပေးဖို့ရှိပါတယ်။ မြန်မာနိုင်ငံမှာ ရောဂါ ၁၃ မျိုးကို ကာကွယ်နိုင်တဲ့လုပ်ငန်းကို ဆောင်ရွက်နိုင်ပါပြီ" ဟု ပြောကြားသည်။

**သန်းထိုက်၊**
**ဓာတ်ပုံ-သန်းစိုး**



# မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၈**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ် (၃၆) နှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၅၂) သင်တန်း ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ကျောင်းအုပ်ကြီး) ဦးတင်အောင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ တန်းမြင့်နှင့် အခြေခံသင်တန်းတို့တွင် စာတွေ့၊ လက်တွေ့ ၈၂ ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်တန်ငွေစက္ကူများအား မြန်မာ့စီးပွားရေးဘဏ်များတွင် လဲလှယ်ပေး



**မန္တလေး**

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်တန်ငွေစက္ကူများကို မန္တလေးမြို့မှ မြန်မာ့စီးပွားရေးဘဏ်များတွင် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်း မှစတင်၍ အများပြည်သူကိုင်ဆောင်သုံးစွဲနိုင်အောင် လဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။

"လဲတဲ့သူတအားများတော့ ကျွန်တော့်ဆီမှာတော့ မှတ်ပုံတင်လေးတွေပြခိုင်းပြီး လဲပေးပါတယ်။ တစ်ဦးကို ၁၀ ရွက်နှုန်းတန်းစီစနစ်နဲ့ လဲပေးနေတာပါ။ ဒါမှလည်း ဗိုလ်ချုပ်ကို ချစ်မြတ်နိုးလို့ ဗိုလ်ချုပ်ပုံပါတဲ့ ပိုက်ဆံကိုင်ချင်သူတိုင်းအတွက် ကျွန်တော်တို့ ထုတ်ပေးနိုင်မှာပါ" ဟု မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်(၁)မန်နေဂျာ ဦးမျိုးထက်အောင်က ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်ကျပ်တန်ငွေစက္ကူများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဇန်နဝါရီ ၄ ရက်မှ စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး အစိုးရရုံးပိတ်ရက်များဖြစ်နေခြင်းကြောင့် ယနေ့မှ အများပြည်သူများထံ လဲလှယ်ပေးခြင်းဖြစ်ကြောင်းသိရပြီး မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် လဲလှယ်ပေးလျက်ရှိရာ အချို့ဘဏ်များတွင် လူတစ်ဦးလျှင် တစ်ရွက်နှုန်း၊ ငါးရွက်နှုန်း၊ ၁၀ ရွက်နှုန်းဖြင့် အသီးသီးလဲလှယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

**မူဆယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်ကျပ်တန်ငွေစက္ကူများကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက မူဆယ်မြို့ မြန်မာ့စီးပွားရေးဗဟိုဘဏ်မှ စတင်လဲလှယ်ပေးလျက်ရှိရာ လာရောက်လဲလှယ်သူများပြားကြောင်း မြန်မာ့စီးပွားရေးဗဟိုဘဏ် မူဆယ်ခရိုင်ဘဏ်ခွဲမှ သိရသည်။

"ဒီနေ့နံနက်ပိုင်းကနေ စတင်ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ ဒီဇိုင်းအသစ်ကျပ်တစ်ထောင်တန်ငွေစက္ကူကို ပြည်သူတွေလက်ထဲကို စတင်ဖြန့်ဝေပေးနေတာဖြစ်ပါတယ်၊ ပြည်သူတွေကလည်း နံနက်အစောပိုင်းကနေ စတင်ပြီးတော့ လာရောက်လဲလှယ်နေကြပါတယ်၊ လာရောက်လဲလှယ် သူတိုင်းကိုလည်း အဆင်ပြေချောမွေ့အောင် လဲလှယ်ပေးနေပါတယ်၊ လာရောက်လဲလှယ်သူတွေလည်း အလွန်များပါတယ်"ဟု မူဆယ်မြို့ မြန်မာ့စီးပွားရေးဘဏ် မူဆယ်ခရိုင်(ခွဲ)၏ ခရိုင်မန်နေဂျာ ဦးစိုင်းစိုးနိုင်က ပြောကြား သည်။

မူဆယ်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်တန် ငွေစက္ကူများကို လဲလှယ်ပေးပြီး ငွေစက္ကူအသစ်ကိုင်ဆောင်နိုင်သည့်အတွက် ပြည်သူများလည်း ဝမ်းမြောက်ပျော်ရွှင်နေကြသည်။

"လေးစားထိုက်တဲ့ခေါင်းဆောင်ကြီးရဲ့ပုံကို ထုတ်ဝေတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်၊ ကိုယ့်နိုင်ငံအတွက်လည်း ဂုဏ်ယူမိပါတယ်"ဟု မူဆယ်မြို့ မြန်မာ့စီးပွားရေး ဗဟိုဘဏ်သို့ လာရောက်လဲလှယ်သူ မနီနီချိုက ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်ကျပ်တန်ငွေစက္ကူများကို နံနက်ပိုင်းမှ လာရောက်စောင့်ဆိုင်းပြီး လဲလှယ်သူများပြားသည့်အတွက် လာရောက်လဲလှယ်သူတိုင်း အဆင်ပြေချောမွေ့စေရန်အတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် လဲလှယ်ပေးသည်။ **ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

**အင်းတော်**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ဇန်နဝါရီ ၇ ရက် နံနက် ဘဏ်ဖွင့်ချိန်မှစတင်ကာ ဗိုလ်ချုပ်အောင်ဆန်းပုံပါ တစ်ထောင်ကျပ်တန် ငွေစက္ကူများကို ငွေလဲကောင်တာဖွင့်လှစ်၍ ပြည်သူများအား လဲလှယ်ပေးခဲ့ကြောင်း သိရသည်။

"တစ်ဦးတစ်ယောက်တည်းက ငွေအများကြီးလဲချင်တယ်ဆိုရင်တော့ လောလောဆယ်မှာတော့ မပေးနိုင်သေးပါဘူး။ ဘဏ်ကိုလာရောက်တဲ့ဦးရေနဲ့ ငွေပမာဏအပေါ် မူတည်ပြီး လဲလှယ်သူများအဆင်ပြေစေရန် ဆောင်ရွက်ထားပါတယ်" ဟု အင်းတော်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်မိုးမိုးလွင်က ပြောကြားသည်။ **လူအောင် (ကသာ)**

# ပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးဆိုင်ရာညီလာခံ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

ပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပထမဆုံးအကြိမ်နိုင်ငံတကာ ညီလာခံကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ရန်ကုန်ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

"ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ စီမံကိန်းတွေလုပ်ကိုင်ဆောင်ရွက်ကြတဲ့အခါမှာ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိအောင် ပညာရှင်တွေက ပူးပေါင်းဆွေးနွေးကြခြင်းဖြစ်ပါတယ်။ လုပ်ငန်းတွေစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ကဏ္ဍအလိုက်ဆွေးနွေးကြတာဖြစ်ပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ပြောကြားသည်။

အဆိုပါညီလာခံကို မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးကော်ပိုရေးရှင်း(IFC)တို့က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံတွင် ပြည်တွင်းပညာများသာမက ဩစတြေးလျ၊ ထိုင်း၊ တရုတ်နိုင်ငံတို့မှကိုယ်စားလှယ်များ၊ ပြည်တွင်းတက္ကသိုလ်များရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော ဌာနအသီးသီးမှ ပါမောက္ခများတက်ရောက်ကာ စကားဝိုင်းဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများကို ဇန်နဝါရီ ၉ ရက်အထိ ဆက်လက်ကျင်းပကြောင်း သိရသည်။

**မြင့်မောင်**

# သတ္တမအကြိမ်မြောက် တစ်သက်တာထုတ်ဝေသူဆု၊ အကောင်းဆုံးထုတ်ဝေသူဆုနှင့် အကောင်းဆုံးစာအုပ်အရောင်းဆိုင်ဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ သတ္တမအကြိမ်မြောက် တစ်သက်တာထုတ်ဝေသူဆု၊ အကောင်းဆုံးထုတ်ဝေသူဆုနှင့် အကောင်းဆုံး စာအုပ်အရောင်းဆိုင်ဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်းက ဒစ်ဂျစ်တယ်နည်းပညာများ ပိုမိုအားကောင်းလာသည့်အပြင် စာဖတ်ပရိသတ်များ၏ လိုချင်သည့်ပုံစံများလည်း ပြောင်းလဲလာပါကြောင်း၊ ပရိသတ်လိုချင်သည့်ပုံစံကို မည်သို့လုပ်ဆောင်ပေးရမည်ကို ထုတ်ဝေသူများနှင့် စာရေးဆရာများက နည်းမျိုးစုံနှင့် စဉ်းစား ဆောင်ရွက်လာပါကြောင်း၊ နိုင်ငံတကာတွင် စာအုပ်တစ်အုပ်ထုတ်မည်ဆိုပါက ကလေးများအတွက်၊ ဆယ်ကျော်သက်များအတွက်၊ လူကြီးများအတွက် ပုံစံတစ်မျိုးစီရိုက်နှိပ်ထုတ်ဝေလာပါကြောင်း၊ အလားတူ စာပေဖြန့်ချိသော ပုံစံများသည် ပြောင်းလဲလာပါကြောင်း၊ ထို့ကြောင့် မိမိတို့အသင်းအနေဖြင့် နိုင်ငံတကာက လုပ်ဆောင်နေသည်များကို သင်တန်းများပေးခြင်း၊ ဗဟုသုတမျှဝေခြင်း စသည်ဖြင့် နိုင်ငံခြားသားပညာရှင်များခေါ်ယူပြီး ရန်ကုန်နှင့် မန္တလေးတို့တွင် မျှဝေသွားရန် အစီအစဉ်များရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဦးသိမ်းစိုးက ဆုရွေးချယ်မှုပုံစံကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၁၈ ခုနှစ်အတွက် အကောင်းဆုံး ထုတ်ဝေသူဆုကို သုခမိန်လှိုင် ရေးသားသည့် "ဆေးမင်ကြောင် မဂ္ဂဇင်းကဗျာများ" စာအုပ်ဖြင့် နှစ်ကာလများ စာပေစာအုပ်တိုက်၊ ၂၀၁၉ ခုနှစ်အတွက် အကောင်းဆုံး စာအုပ်အရောင်းဆိုင်ဆုကို စိတ်ကူးချိုချို စာအုပ်ဆိုင်(မန္တလေး)နှင့် ၂၀၁၉ ခုနှစ်အတွက် တစ်သက်တာ ထုတ်ဝေသူဆုကို စာပေလောက စာအုပ်တိုက်တို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး ဆုရရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

**ဥမ္မာသန့်**
**ဇော်မင်းလတ်**

# ရခိုင်ရှေးဟောင်းအမွေအနှစ် ကြေးဆီမီးခွက်လှူဒါန်း





**ရန်ကုန် ဇန်နဝါရီ ၈**

ရခိုင်ရှေးဟောင်းအမွေအနှစ် ကြေးဆီမီးခွက်အား ရခိုင်ပြည်သူများသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် (ရန်ကုန်) ၌ ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

**ကျေးဇူးတင်စကားပြောကြား**

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က အဖွင့်အမှာစကားပြောကြားကာ လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် အလှူရှင် ကွယ်လွန်သူ ဦးစံရွှေဘု၏သမီး ဒေါ်ရီရီဇံကိုယ်စား သမီးဖြစ်သူ ဒေါ်ခင်အေးဇံက ရခိုင်ရှေးဟောင်းအမွေအနှစ် ကြေးဆီမီးခွက် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ဆီမီးခွက်အား ပေးအပ်လှူဒါန်းရာ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်မြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြတိုက်အကြံပေး ပညာရှင် ဒေါက်တာနုမြဇံ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးတင်အောင်စိုးတို့က လက်ခံခဲ့ကြသည်။

ရခိုင်အမွေအနှစ် ဆီမီးခွက်၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောခင်တင့်က "ဒီဆီမီးခွက်ဟာ ဝေသာလီခေတ်မှာ အသုံးပြုခဲ့တဲ့ ရှေးဟောင်းပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ရှင်ဘုရင်တွေ သုံးစွဲခဲ့တယ်လို့ သိရပါတယ်။ ဒီပစ္စည်းကို စတင်တွေ့ရှိသူ ဦးစံရွှေဘု လက်ထက်ကတည်းက ထိန်းသိမ်းလာခဲ့ပြီး အခုဆိုရင် သူ့ရဲ့သမီး ဒေါ်ရီရီဇံက ဆက်လက်ထိန်းသိမ်းလာခဲ့တာ အခုဆို သူ့ရဲ့အသက်က ၁၀၀ ရှိပါပြီ။ နောင်လာနောက်သားတွေကို ပြသချင်တဲ့ဆန္ဒနဲ့ လှူဒါန်းခဲ့တာဖြစ်ပါတယ်။ ဆီမီးခွက်ကို လေ့လာကြည့်တဲ့အခါ ရွှေစင် ၁၅ ပဲ ရောင်နီးနီး ပါဝင်တာတွေ့ရပါတယ်။ ထုလုပ်ခဲ့တဲ့ကာလကို ခန့်မှန်းရရင် အေဒီ ၉ ရာစုလောက်က ထုလုပ်ခဲ့တယ်လို့ သမိုင်းပညာရှင်တွေက သတ်မှတ်ပါတယ်။ ရှေးဟောင်းပစ္စည်းဆိုတာက တကယ်တော့ တန်ဖိုးမဖြတ်နိုင်တဲ့အရာဖြစ်ပြီး အဲဒီပစ္စည်းကို ကြည့်ခြင်းအားဖြင့် အဲဒီခေတ်က လူ့ယဉ်ကျေးမှုတန်ဖိုးတွေကို လေ့လာသိရှိနိုင်မှာ ဖြစ်ပါ တယ်" ဟု ပြောကြားသည်။

**ကျင့်သုံးခဲ့**

အဆိုပါ ဝေသာလီ ကြေးဆီမီးခွက်ကိုင် ကြေးရုပ်တု၏ အောက်ခံခြေရင်းမှဆံထုံးဖျားအထိ အမြင့်ကိုးလက်မရှိပြီး ဝေသာလီခေတ် အမျိုးသမီးတစ်ဦးက လက်နှစ်ဖက်ကို ရှေ့သို့ညီညာစွာ ကွေးဆန့်ထားပြီး လက်ချောင်းငယ်ဆယ်ချောင်းပေါ်တွင် ဘူးသီးထက်ခြမ်းပုံ ကြေးဆီမီးခွက်ကို တင်ကာ ဘုရားကို မီးပူဇော်နေဟန်ရုပ်တုဖြစ်ကြောင်း၊ ရှေးအခါက ကြေးနီဆီမီးခွက်များကို နို့ထောပတ်ဆီထည့်၍ ဆီမီးထွန်းညှိကာ ဘုရားပူဇော်ကြသောဓလေ့ကို ရခိုင်လူမျိုးတို့ကျင့်သုံးခဲ့ကြကြောင်း၊ ကြေးရုပ်တင်ထားသောခုံတွင် ရခိုင်ဘာသာ ရခိုင်ရက္ခဝဏ္ဏ အက္ခရာဖြင့်"အာယနာကောင်းပတော်" ဟူ၍ ကမ္ပည်းစာတစ်ကြောင်း ရေးထိုးထားပြီး "အာယနာကောင်းမှုတော်" ဟု အဓိပ္ပာယ်ရကြောင်း သိရသည်။

**ကိုထက်**

## သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



# စာပေလောက ကြယ်တစ်ပွင့်ကြွေ



မြန်မာစာပေနှင့် စာအုပ်ထုတ်ဝေရေး နယ်ပယ်တွင် ထင်ရှား ကျော်ကြားပြီး မြန်မာစာပေနယ်အတွက် ကျေးဇူးများ ပြုခဲ့သော စာပေလောက စာအုပ်တိုက် ဦးစီးဆောင်ရွက်သူ ဦးမျိုးညွန့် ဇန်နဝါရီလ ၈ ရက်နေ့ နံနက် ၈ နာရီ ၃၅ မိနစ်က ကွယ်လွန်သွားခဲ့သည်။

ဦးမျိုးညွန့်သည် ထူးခြားသစ်ဆန်းသော စိတ်ကူးသစ်များနှင့် စာအုပ်များစွာကို ထုတ်ဝေခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေရေးနယ်ပယ်တွင် စာပေလောကစာအုပ်တိုက်ဟူသည့်အမည်ကို ခေတ်တစ်ခုအဖြစ် ထင်ရှားစေခဲ့သည်။

ဦးမျိုးညွန့်ကို ၁၉၄၇ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ရေနံချောင်းမြို့၌ မွေးဖွားခဲ့သည်။ အဖ သခင်ခင်ညွန့်နှင့် အမိ ဒေါ်ခင်လှတို့ဖြစ်သည်။ ရေနံချောင်းမြို့ အလယ်တန်းကျောင်း၌ ဒုတိယတန်းအထိ ပညာသင်ကြားခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် မိဘများနှင့်အတူ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။

ကိုးနှစ်သားအရွယ် ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ဖခင်ဖြစ်သူနှင့်အတူ ဆူးလေဘုရားလမ်း စစ်ဘက်ကုန်စည်ဖြန့်ချိရေးရှေ့ (ယခုဆူးလေရှန်ဂရီလာဟိုတယ်) ၌ မော်တော်ယာဉ်တစ်စီးပေါ်တွင် စာအုပ်များတင်ကာ ရွှေ့လျားစာအုပ်ဆိုင်အနေဖြင့် စာအုပ်ရောင်းချခဲ့သည်။ ထိုအချိန်တွင် မအူကုန်းရှိ စိန့်မိုက်ကယ်ကျောင်းတွင် နဝမတန်းအထိ ပညာသင်ကြားခဲ့ရင်း စာအုပ်သည်လုပ်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်တွင် ရာဇ်ရုပ်ရှင်ရုံ (ယခုဆာကူရာတာဝါ) နေရာ၌ နံရံကပ်စာအုပ်ဆိုင် ဖွင့်လှစ်ခဲ့သည်။ ထိုမှတစ်ဖန် ၁၉၆၂ ခုနှစ်မှသည် ၁၉၆၈ ခုနှစ်အထိ ရန်ကုန်မြို့ ၂၉ လမ်း အထက်လမ်း အမှတ် (၂၃၃) တွင် စာပေလောကစာအုပ်တိုက်ကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ရန်ကုန်မြို့ ၃၃ လမ်း အထက်လမ်းတွင် စာပေလောကစာအုပ်တိုက်နှင့် ပုံနှိပ်လုပ်ငန်းကို ယနေ့အထိ ဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။

ရှစ်လေးလုံး ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကာလ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပြောကြားခဲ့သော မိန့်ခွန်းအပြည့်အစုံကို စီစဉ်ပုံနှိပ်ဖြန့်ချိခဲ့သည်။ ထို့နောက် ရှစ်လေးလုံးအရေးတော်ပုံကာလတွင် "ဒို့အရေး" နေ့စဉ်သတင်းစာကို ဆရာဖေမြင့်၊ ဆရာစိန်မျိုးမြင့်၊ ဆရာမြတ်ခိုင်၊ ဆရာသွေးသစ်၊ ဆရာမျိုးမြင့်ငြိမ်း စသူတို့နှင့် ပူးပေါင်းကာ စီစဉ်ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၉၀ အထွေထွေရွေးကောက်ပွဲတွင် ရေနံချောင်းမဲဆန္ဒနယ်က ဖခင်ဖြစ်သူ သခင်ခင်ညွန့်ပါဝင်ယှဉ်ပြိုင်သည့် မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကို စာပေဂီတပညာရှင်များ၊ ဒေသခံများနှင့်အတူ ဦးဆောင်လုပ်ကိုင်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သတင်းလွှာ၊ လူငယ်ညီညွတ်ရေးတပ်ပေါင်းစု သတင်းလွှာတို့ကို ပုံနှိပ်ပေးမှုကြောင့် စာပေလောကပုံနှိပ်တိုက် (၄)နှစ်တိုင် ချိတ်ပိတ်ခံခဲ့ရသည်။ ယင်းသို့ ပုံနှိပ်ခဲ့ခြင်းနှင့်ပတ်သက်၍ ထောက်လှမ်းရေးက အကြိမ်ကြိမ်ခေါ်ယူစစ်ဆေးခြင်းကို ခံခဲ့ရသည်။

၁၉၉၉ ခုနှစ် မတ်လတွင် ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်းဖြစ်သူ ဒေါက်တာမိုက်ကယ်အဲရစ် ဈာပနအခမ်းအနား၌ ကမ်းဝေသည့်စာလွှာကို ပုံနှိပ်ခဲ့သည့်အတွက် စာပေလောကပုံနှိပ်လုပ်ငန်းဆိုင်ရာပစ္စည်းတို့ကို ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများဟု အမည်တပ်ကာ သိမ်းဆည်းခြင်းခံရပြီး ဒဏ်ငွေချမှတ်ခြင်းခံခဲ့ရသည်။

ယင်းနောက် ၂၀၀၉ ခုနှစ်တွင် ရွက်နုဝေမဂ္ဂဇင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြည်သူ့ခေတ်ဂျာနယ်၊ ၂၀၁၄ ခုနှစ်တွင် ပြည်သူ့အရေးအပတ်စဉ်ဂျာနယ်နှင့် ယနေ့ထိတိုင် ပြည်သူ့အရေးလစဉ်ထုတ်ဂျာနယ်တို့ကို စာပေမိတ်ဆွေများနှင့်အတူ စီစဉ်ထုတ်ဝေခဲ့သည်။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးစာတမ်းဖတ်ပွဲများ (၂၀၁၄) တွင် ဒုတိယဥက္ကဋ္ဌ၊ နိုဘယ်မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီ (၂၀၁၅၊၂၀၁၆၊၂၀၁၇) တို့တွင် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီ (၂၀၁၅၊ ၂၀၁၆၊၂၀၁၇၊၂၀၁၈) အဖွဲ့ဝင်၊ မြန်မာဂန္ထဝင်စာစဉ် ၁၀၀ တွင် စာတည်းနှင့် ထုတ်ဝေရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ်တာဝန်အသီးသီးယူခဲ့ပြီး ၂၀၁၉ မိုးမိုး (အင်းလျား) (၇၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို ဦးစီးခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ဒေါ်စန်းစန်း (မိုးမိုးအင်းလျား) နှင့်လက်ထပ်ခဲ့ပြီး သားနှစ်ဦး နေမျိုးညွန့်၊ ဇော်မျိုးညွန့်နှင့် သမီးတစ်ဦး သွယ်သွယ်မျိုးညွန့်တို့ ထွန်းကားခဲ့သည်။ ဒေါ်စန်းစန်း (မိုးမိုးအင်းလျား) ကွယ်လွန်ပြီးနောက် ဒေါ်ခင်မိုးခိုင် (စိုက်ပျိုးရေးဌာန)နှင့်အိမ်ထောင်ပြုကာ သမီး ဖြူစင်မျိုးညွန့်ကို မွေးဖွားခဲ့သည်။

စာပေလောကစာအုပ်တိုက်အနေဖြင့် စာအုပ်ပေါင်း ၄၈၀ ခန့်ကို ထုတ်ဝေခဲ့ပြီး မြန်မာစာအုပ်ထုတ်ဝေရေးလောကတွင် လေးစားရသော စာအုပ်တိုက်အဖြစ် တည်ရှိသည်။

ဦးမျိုးညွန့် (စာပေလောက) ကွယ်လွန်ခဲ့သည်မှာ မြန်မာနိုင်ငံတွင်းရှိ စာအုပ်စာပေမြတ်နိုးသူများနှင့် စာပေလောကအတွက် ကြီးမားသော ဆုံးရှုံးမှုအဖြစ် ဝမ်းနည်းကြေကွဲဖြစ်ရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ **စာအုပ်ပိုး**

## သတင်းစုံကဏ္ဍ

### ဆိုင်းဆရာကြီး စိန်ကြာပေါ်အလွမ်းပြေ ဂုဏ်ပြုပွဲကျင်းပ

**မုံရွာ။** ။မုံရွာမြို့နယ် ကြေးမုံကျေးရွာဇာတိ ဆိုင်းဆရာကြီးစိန်ကြာပေါ် အလွမ်းပြေဂုဏ်ပြုပွဲကို ဇန်နဝါရီ ၇ ရက် ညမှ ၈ ရက် နံနက်ပိုင်းအထိ ဆိုင်းအဖွဲ့ ၁၈ ဖွဲ့က ကြေးမုံရွာ စိန်ကြာပေါ်ရပ်တုရှေ့ကွင်းပြင်၌ တီးခတ်ကန်တော့ကြသည်။

"စိန်ကြာပေါ်က အဆို၊ အပြော၊ အရေး အတီးအလွန်တော်တဲ့ဆရာကြီးပါ။ အဘစိန်ကြာပေါ်မျိုးဆက်တပည့်မြေးမြစ် ဆိုင်းအဖွဲ့ ၁၈ ဖွဲ့က နာရီဝက်တစ်နာရီတစ်ဖွဲ့ တီးခတ်ကန်တော့ကြမှာပါ"ဟု မန္တလေးမြို့နေ စိန်ဗေဒါက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

### ဂန့်ဂေါမြို့နယ်၌ လမ်းသန့်ရှင်းရေးဆောင်ရွက်

**ဂန့်ဂေါ ။** ။ ဂန့်ဂေါမြို့နယ်တွင် ဇန်နဝါရီလဆန်းပိုင်းက မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မြို့ပေါ်ရှိလမ်းများ၌ မိုးရေစီးဆင်းမှုများကြောင့် လမ်းများတွင် သဲနုန်းမြေတင်ခြင်းများဖြစ်ပေါ်ခဲ့သည်။

အဆိုပါလမ်းများ ကတ္တရာလမ်းနှင့် ပလက်ဖောင်းကြားနေရာ သဲနုန်းမြေတင်ခြင်းများအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့ တို့သည် လမ်းသန့်ရှင်းရေးအတွက် ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် သဲ၊ နုန်းမြေများ ဖယ်ထုတ်ခြင်းကို ဗိုလ်ချုပ်လမ်းတစ်လျှောက်တွင် ဆောင်ရွက်ကြကြောင်း သိရသည်။

**ကျော်သန်းဆွေ (ဂန့်ဂေါ)**

### ကျိုက်မရော-မုဒုံသွားကားလမ်းပေါ်ရှိ တံတားပြုပြင်

**ကျိုက်မရော ။** ။မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ကျိုက်မရော-မုဒုံသွားကားလမ်းပေါ်ရှိ ဘုရားနှစ်ဆူတောင်ပေါ်ကွန်ကရစ်တံတား ပျက်စီးခဲ့သဖြင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ယာယီဘေလီတံတားတစ်စင်းအား ဆောင်ရွက်ထားသည်။

အဆိုပါယာယီတံတားနေရာတွင် အရှည် ပေ ၃၀ ရှိ သံကူကွန်ကရစ်တံတား အသစ်တစ်စင်းအား မတ်လကုန်တွင် အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေး(လမ်းဦးစီး)ဌာနမှ အင်ဂျင်နီယာ ဦးကျော်ကျော်ထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

### ကျောက်ပန်းတောင်းမြို့နယ်၌ ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**ကျောက်ပန်းတောင်း။** ။မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေလူငယ်များ အသက်မွေးဝမ်းကျောင်းမှု အထောက်အကူဖြစ်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက်၊ ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက အဆိုပါရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၇ ရက်မှ ၂၁ ရက်အထိ ဖြစ်ကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

### ပဲကြီးစိမ်း(ပဲရော်)များ ပေါ်ဦးပေါ်ဖျား ဈေးကောင်းရ

**ရေနံချောင်း။** ။ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်မှထွက်ရှိသော ပဲကြီးစိမ်း(ပဲရော်)များ ပေါ်ဦးပေါ်ဖျား ဈေးကောင်းရနေကြောင်းတောင်သူများနှင့် ရောင်းဝယ်သူများထံမှ သိရသည်။

ယာမြေများတွင် ပဲကြီးဖြူကို ပဲကြော်ဖိုလုပ်ငန်းများအတွက် ကုန်ကြမ်းအဖြစ် စိုက်ပျိုးကြရာ ပဲကြီးစိမ်းများ ဆွတ်ခူးရောင်းချနေကြပြီဖြစ်သည်။

"မြို့မဈေးကိုလည်း ပို့ရတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လည်းပို့တယ်။ ပေါ်ဦးပေါ်ဖျားလည်းဖြစ်တယ်။ ပဲကြီးနှပ်၊ ပဲစိမ်းကြော်၊ ပဲကောက်ညှင်းအဖြစ် စားသုံးကြတာပါ"ဟု ပဲစိမ်းပွဲစား ကိုသန်းဆွေက ပြောသည်။

လက်ရှိပဲကြီးစိမ်းတစ်ပြည်လျှင်ကျပ် ၄၀၀၀ ပေါက်ဈေးရှိပြီး အခွံချွတ်တစ်ပြည်ကျပ် ၅၀၆၆၀ ဈေးရှိကြောင်း၊ ယခင်နှစ်ကာလတူတွင် ပဲကြီးစိမ်းတစ်ပြည်ကျပ်၂၅၀၀၊ ပဲကြီးအခွံချွတ်ကျပ် ၄၀၀၀ သာ ဈေးရှိသည်။

**ဆန်းညွန့်(ရေနံချောင်း)**

### မှူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဒီးမော့ဆို ။** ။ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရဲတပ်ဖွဲ့က မှုခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်းကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီတွင် စံပြ(၆) မိုင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းနှင့် မြို့မရဲစခန်းမှူးဒုရဲမှူးအနိုင် တို့ကယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ်တို့နှင့်ပတ်သက်၍ ပြောကြားပြီး ကျေးရွာပြည်သူများကသိရှိလိုသည်များကိုမေးမြန်းရာ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## နွားထိုးကြီးမြို့၌ အမေနေ့အထိမ်းအမှတ်ကျင်းပ

**နွားထိုးကြီး ဇန်နဝါရီ ၈**

အမေနေ့အထိမ်းအမှတ်အဖြစ် ဒါနပါရမီအဖွဲ့၏ အဌမအကြိမ်မြောက် ဓမ္မသဘင်ဟောပြောပွဲကို ဇန်နဝါရီ ၆ ရက်က နွားထိုးကြီးမြို့ရှိ ROYAL HOUSE မင်္ဂလာခန်းမ၌ ကျင်းပသည်။

ကမ္ဘောဇတိပိဋကဓရဆရာတော် ဘဒ္ဒန္တဝီရိယာနန္ဒက အမေနေ့နှင့်ပတ်သက်၍ တရားရေအေးဟောကြားတော်မူသည်။ နွားထိုးကြီးမြို့တွင် အမေနေ့အခမ်းအနားကို ပြာသိုလဆန်း ၁၁ ရက်မှ ပြာသိုလပြည့်နေ့ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့် (ဥပဒေ)**



## နိုင်ငံတကာဘူမိသိပ္ပံစာတမ်းဖတ်ပွဲ ပြည်တွင်း ပြည်ပ ပညာရှင်များ စာတမ်းများဖတ်ကြား

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာဘူမိသိပ္ပံအသင်း( Myanmar Geosciences Society )ကကြီးမှူး၍ စတုတ္ထအကြိမ် နိုင်ငံတကာဘူမိသိပ္ပံစာတမ်းဖတ်ပွဲ (4th International Congress on Geosciences of Myanmar and SurroundingRegions) ကို ဇန်နဝါရီ ၇ ရက် နံနက်က ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံရှိ တက္ကသိုလ်အသီးသီးမှ မျိုးဆက်သစ်ပညာရှင်များ၊ ဝါရင့်ဘူမိပညာရှင်များနှင့် သုတေသနပညာရှင်များ တက်ရောက်ကြပြီး စာတမ်းပေါင်း ၄၀ ကို ဖတ်ကြားသည်။

ထို့ပြင် ကနေဒါ၊ အမေရိကန်၊ ဂျာမနီ၊ ပြင်သစ်၊ ကိုရီးယား၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ) နှင့် တရုတ်နိုင်ငံတို့၏တက္ကသိုလ်များနှင့် ဘူမိသိပ္ပံအသင်းအဖွဲ့များတို့မှ ဘူမိဗေဒ ပညာရှင်များ၊ ဘူမိရူပ ပညာရှင်များ၊ ဘူမိအင်ဂျင်နီယာ ပညာရှင်များ တက်ရောက်ကြပြီး စာတမ်းပေါင်း ၅၀ ကို ဖတ်ကြားတင်သွင်းကြသည်။

အဆိုပါ ပြည်ပမှပညာရှင်များသည် မြန်မာနိုင်ငံအတွင်း ကွင်းဆင်းလေ့လာမှုများကို ပြုလုပ်ကြမည်ဖြစ်သည်။

မြန်မာဘူမိသိပ္ပံအသင်း အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က ဘူမိသိပ္ပံထွန်းကားရေး၊ ဘူမိသိပ္ပံပညာရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဘူမိသိပ္ပံပညာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်ရေးရည်ရွယ်ချက်ဖြင့် ဘူမိသိပ္ပံစာတမ်းဖတ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

**အောင်သူရ**

## ဆန်းသစ်သည့် နည်းပညာများနှင့် ကဏ္ဍမျိုးစုံ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

ဆန်းသစ်သည့် နည်းပညာများနှင့် အခြားကဏ္ဍမျိုးစုံကိုလွတ်လပ်စွာ မျှဝေဟောပြော နှီးနှောဖလှယ်ဆွေးနွေးနိုင်မည့် ၂၀၂၀ ဘားကမ့်ရန်ကုန်(Bar Camp Yangon)ကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ ကျင်းပမည်ဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပေါ်ရှိ Central ဟိုတယ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

"ဘားကမ့်ရဲ့ သဘောသဘာဝကတော့ ဘယ်အချိန်မှာ ဘယ်သူကဘာ ပြောမယ်ဆိုတာမျိုးကို ကန့်သတ်ထားတာမရှိဘဲ တက်ရောက်လာတဲ့သူတွေက သူတို့ပြောချင်တဲ့အကြောင်းအရာတွေကို တင်ပြကြတယ်။ နားထောင်ချင်တဲ့သူတွေက သူတို့နားထောင်ချင်တဲ့ အခန်းတွေကို သွားရောက်ပြီးတော့ နားထောင်ဆွေးနွေး နှီးနှောဖလှယ်ကြပါတယ်"ဟု ဘားကမ့်ရန်ကုန် Organizer အဖွဲ့မှ တာဝန်ရှိသူ ဦးကိုကိုရဲက ရှင်းပြသည်။

ဘားကမ့်ရန်ကုန်နည်းပညာနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခြင်းအားဖြင့် မိမိလျှောက်လှမ်းလိုသည့် နည်းပညာလမ်းကြောင်းတစ်ခုကို ရှာတွေ့နိုင်ပြီး အဆက်အသွယ်၊ အလုပ်အကိုင်အခွင့်အလမ်းများအပြင် မိမိနှင့်ဝါသနာတူ နည်းပညာသမားများနှင့်ပါ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောပြသည်။

မည်သူမဆို အခမဲ့တက်ရောက်၍ ဆန်းသစ်သည့် နည်းပညာများနှင့် အခြားကဏ္ဍမျိုးစုံကို လွတ်လပ်စွာ မျှဝေဟောပြော နှီးနှောဖလှယ်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**အေးမင်းသူ**

## လယ်ယာမြေများ ရေနစ်မြုပ်မှုအန္တရာယ်မှကင်းဝေးစေရန် ရေဆိုးထုတ်မြောင်းများတူးဖော်



**ပွင့်ဖြူ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးလယ်ယာမြေများတွင် ရေနစ်မြုပ်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရည်ရွယ်ကာ ရေဆိုးထုတ်တူးမြောင်းများ တူးဖော်ပေးနေကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ နှစ်စဉ် မိုးရာသီကာလများတွင် တောင်သူများ စိုက်ပျိုးသည့် လယ်ယာမြေများတွင် ရေနစ်မြုပ်မှုအန္တရာယ်များ ကြုံတွေ့နေရသည့်အတွက် ယခုနှစ်တွင် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မဲဇလီရေလွှဲဆည်မှတစ်ဆင့် တောင်သူများအား အဓိက စိုက်ပျိုးရေ ဖြန့်ဝေပေးနေသည့် တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့တွင် ရေဆိုးထုတ်တူးမြောင်းများ တူးဖော်ပေးနေကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သူလင်းက "ဆောင်ရွက်နေတဲ့ ရေဆိုးထုတ်တူးမြောင်းတွေကတော့ တောင်မုန်းမြောင်းမကြီးမှာဆိုရင် အပ်ထုတ်ရိုးရေဆိုးထုတ် တူးမြောင်းအရှည်ပေ ၃၃၀၀၀ တူးဖော်ခြင်းလုပ်ငန်း၊ ကုလားဟောင်းချောင်းရေဆိုးထုတ်မြောင်းအရှည်ပေ ၁၈၀၀၀ တူးဖော်ခြင်းနှင့် ဟင်းသမရိုးရေဆိုးထုတ်မြောင်း အရှည်ပေ ၁၅၀၀၀ တူးဖော်ခြင်းလုပ်ငန်း၊ မြောက်မုန်းမြောင်းမကြီးမှာဆိုရင် ဝရာရိုးရေဆိုးထုတ်မြောင်း အရှည်ပေ ၃၅၀၀၀ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါတယ်။ ရေဆိုးထုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကိုပြီးခဲ့တဲ့ဒီဇင်ဘာ ၂၅ ရက်က လုပ်ငန်းစတင်ဆောင်ရွက်တာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မတ်လကုန်မှာ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ယခုတူးဖော်ဆောင်ရွက်နေသည့် ရေဆိုးထုတ်မြောင်းများ ဆောင်ရွက်ပြီးစီးပါက ပွင့်ဖြူမြို့နယ်အတွင်း ရိုက်ကံဆွယ်၊ လယ်ကိုင်း၊ လယ်လှကုန်း၊ ပြည်လုံးကျော်၊ ရွာသစ်၊ သရက်အုပ်၊ ကုလားဟောင်း၊ ဥယျာဉ်ကျစ်၊ ဇီးတောစသည့် ကျေးရွာအုပ်စုများမှ သီးနှံစိုက်ပျိုးလယ်မြေဧက ၁၁၇၀ ကို မိုးရာသီကာလ ရေနစ်မြုပ်မှုအန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်ပထမအကျော့တွင် လက်ရှိချန်ပီယံ မန်စီးတီးက မန်ယူကို အနိုင်ရရှိ



အီးအက်ဖ်အယ်လ်ဖလားဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ရဲ့ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့ ပွဲစဉ်မှာ မန်စီးတီးအသင်းက မန်ယူအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ လက်ရှိချန်ပီယံမန်စီးတီးအသင်းဟာ ပွဲကစားချိန် ၁၇ မိနစ်မှာ ဘာနာဒိုဆေးလ်ဗားရဲ့သွင်းဂိုး၊ ပွဲကစားချိန် ၃၃ မိနစ်မှာ မာရက်ဇ်ရဲ့သွင်းဂိုးနဲ့ ပွဲကစားချိန် ၃၈ မိနစ်မှာ ပါရဲရားရဲ့ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိခဲ့တဲ့ သွင်းဂိုးတွေရရှိခဲ့တာဖြစ်ပြီး မန်ယူအသင်းကတော့ ချေပဂိုးကို ပွဲကစားချိန် မိနစ် ၇၀ မှာ ရက်ရှ်ဖို့ဒ်ရဲ့ သွင်းဂိုးကနေ ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပြိုင်ပွဲအရပ်ရပ်မှာ မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ အဝေးကွင်းပွဲစဉ် နောက်ဆုံး ၁၀ ပွဲမှာ ခုနစ်ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပြီး နှစ်ပွဲက ရှုံးနိမ့်ကာ တစ်ပွဲက သရေပွဲဖြစ်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးကစားသမား ဘာနာဒိုဆေးလ်ဗားကတော့ ပြိုင်ပွဲအရပ်ရပ်မှာ မန်ယူအသင်းနဲ့ အဝေးကွင်းဆုံတွေ့မှုတွေမှာ အဝေးကွင်းဆက်တိုက်ဂိုးသွင်းယူနိုင်ခဲ့တဲ့ မန်စီးတီးအသင်းရဲ့ ပထမဆုံးကစားသမားဖြစ်ခဲ့ပြီး ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်းမှာတော့ တိုက်စစ်မှူး အဂူရိုက မန်ယူအသင်းနဲ့ တွေ့ဆုံစဉ်မှာ အဝေးကွင်းဆက်တိုက်ဂိုးသွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အခုပွဲစဉ်မှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိလိုက်တာကြောင့် အခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲအရပ်ရပ်မှာ ပွဲစဉ်ရဲ့ ပထမပိုင်းအတွင်းရရှိတဲ့ သွင်းဂိုးဟာ ၄၄ ဂိုးအထိ ရရှိထားတာဖြစ်ပါတယ်။ မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ရဲ့ အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ကို ဇန်နဝါရီ ၂၉ ရက်မှာ ယှဉ်ပြိုင်ကစားမှာလည်း ဖြစ်ပါတယ်။



## စပါးကွင်းလယ်ကစားသမား ဆစ်ဆိုကို ဒူးဒဏ်ရာကြောင့် ဧပြီလထိ အနားယူရမည်

စပါးအသင်းရဲ့ ကွင်းလယ်ကစားသမား ဆစ်ဆိုကိုဟာ ဒူးဒဏ်ရာရရှိခဲ့တာကြောင့် ဧပြီလအထိ အနားယူရမှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၀ အရွယ်ရှိ ဆစ်ဆိုကိုဟာ ၂၀၂၀ ပြည့်နှစ်ရဲ့ နှစ်သစ်အစမှာ စပါးအသင်းက ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဒူးဒဏ်ရာရရှိခဲ့တာဖြစ်ပြီး လက်ရှိမှာ ရရှိခဲ့တဲ့ ညာဘက်ဒူးဒဏ်ရာအတွက် ဆေးဝါးကုသမှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

ပြင်သစ်ကွင်းလယ်ကစားသမား ဆစ်ဆိုကိုဟာ အခုနှစ်ဘောလုံးရာသီမှာ စပါးအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၂၁ ပွဲမှာ ပွဲစဉ် ၂၀ အထိ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့သူလည်း ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဆစ်ဆိုကိုအား စပါးအသင်းက ဧပြီလအစောပိုင်းတွင် အသင်းနဲ့အတူ ပြန်လည်ပွဲထွက်လာနိုင်ဖို့လည်း မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။ စပါးအသင်းဟာ လက်ရှိ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အမှတ်ပေးဇယား အဆင့် ၄ နေရာက ချယ်လ်ဆီးအသင်းနဲ့ ငါးမှတ်အကွာ အမှတ်ပေးဇယားရဲ့ အဆင့် ၆ နေရာမှာ ရပ်တည်နေတာဖြစ်ပြီး စပါးအသင်းရဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းဟာလည်း ဒဏ်ရာရရှိထားတယ်လို့ စပါးအသင်းက ပြီးခဲ့တဲ့တစ်ပတ်အတွင်းက ပြောကြားခဲ့ပါတယ်။

ငွေကြယ်-ရေးသားသည်

## BTS ရဲ့ တေးအယ်လ်ဘမ်သစ် လာမယ့်လအတွင်း ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ တေးအယ်လ်ဘမ်သစ်ကို မကြာမီထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး လတ်တလောမှာ တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်ရက်ကို ထုတ်ပြန်ကြေညာခဲ့တာပါ။ တေးအယ်လ်ဘမ်သစ်ကို လာမယ့် ဖေဖော်ဝါရီ ၂၁ ရက်မှာ စတင်ထွက်ရှိမှာဖြစ်ကြောင်း ဒေသတွင်းမီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။

တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့်ရက်ကို အဖွဲ့ဝင်တွေက လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကိုအသိပေးခဲ့တာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ် Map of the Soul:7 ကို ဇန်နဝါရီ ၉ ရက်မှစတင်ကာ ကြိုတင်မှာယူနိုင်ပြီဖြစ်ကြောင်းလည်း တစ်ပါတည်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။




## ဂရမ်မီဆုပေးပွဲမှာ တွဲဖက်ဖျော်ဖြေသွားမယ့် ဘလိတ်ခ်ရှယ်လ်တန်နဲ့ ဂွမ်စတီဖန်နီ

ကျော်ကြားတဲ့ ဂီတကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဘလိတ်ခ်ရှယ်လ်တန်နဲ့ ဂွမ်စတီဖန်နီတို့ဟာ လာမယ့် ဂရမ်မီဆုပေးပွဲမှာ အတူတွဲဖက်ဖျော်ဖြေသွားကြမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်အသိပေးလာတာဖြစ်ပါတယ်။ ဒီနှစ်ရဲ့ ဂရမ်မီဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေသွားကြမယ့် တေးသံရှင်တွေအနက် အဆိုပါကြယ်ပွင့်စုံတွဲက ပထမဆုံးထုတ်ဖော်ပြောကြားခဲ့သူတွေဖြစ်ကြောင်း အမ်အက်စ်အင်န်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲကို လာမယ့် ဇန်နဝါရီ ၂၆ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ဘလိတ်ခ်ရှယ်လ်တန်နဲ့ ဂွမ်စတီဖန်နီတို့ တွဲဖက်ဖျော်ဖြေသွားမှာဖြစ်ကြောင်း ကန်းထရီးတေးသံရှင် ဘလိတ်ခ်ရှယ်လ်တန်က သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဘလိတ်ခ်ရှယ်လ်တန်က သူ့အနေနဲ့ ဂရမ်မီဆုပေးပွဲမှာ ဖျော်ဖြေရေးစင်မြင့်ကို မျှဝေလိုကြောင်း ဂွမ်စတီဖန်နီကို ရည်ရွယ်ကာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ သီဆိုဖျော်ဖြေသွားမယ့် တေးသီချင်းကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါဘူး။



ဘလိတ်ခ်ရှယ်လ်တန်နဲ့ ဂွမ်စတီဖန်နီတို့ဟာ အဆိုပြိုင်ပွဲတစ်ခုဖြစ်တဲ့ The Voice မှာ အကဲဖြတ်ဒိုင်တွေအဖြစ် လုပ်ကိုင်ခဲ့ကြရင်း ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၁၆ ခုနှစ်မှစတင်ပြီး စုံတွဲတေးသီချင်းတွေလည်း သီဆိုထုတ်လွှင့်ခဲ့ကြသူတွေဖြစ်ကြောင်းလည်း သိရပါတယ်။

ဘလိတ်ခ်ရှယ်လ်တန်ရဲ့ မကြာသေးမီက ထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ် “Nobody But You” ရဲ့ ခေါင်းစီးတေးဟာ ယခုနှစ် ဂရမ်မီဆုပေးပွဲမှာ အကောင်းဆုံးကန်းထရီးတေးသီချင်းဖျော်ဖြေမှုအတွက် ဆန်ခါတင်စာရင်း ဝင်နေပါတယ်။ ဒီလိုဆုလျာထားစာရင်းမှာပါဝင်ခဲ့တာဟာ ဘလိတ်ခ်ရှယ်လ်တန်အတွက် ဂရမ်မီသက်တမ်းတစ်လျှောက် ကိုးကြိမ်မြောက်ဖြစ်တယ်လို့လည်း သိရပါတယ်။ ဂွမ်စတီဖန်နီကတော့ ဂရမ်မီဆုအတွက် ၁၈ ကြိမ် လျာထားစာရင်းဝင်ခဲ့ပြီး အဲဒီအထဲကမှ သုံးဆုကို ဆွတ်ခူးထားနိုင်သူဖြစ်ပါတယ်။

## တေးအယ်လ်ဘမ်သစ်မှာ ချစ်သူကို ရည်ရွယ်တဲ့ တေးသီချင်းတွေပါဝင်ကြောင်း လူးဝစ်တွမ်လင်ဆန်ပြောကြား

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ လူးဝစ်တွမ်လင်ဆန်ဟာ အချစ်ဟောင်းနဲ့ ပြန်လည်လက်တွဲခဲ့ပြီးနောက် လတ်တလောမှာ သူတို့နှစ်ဦးစေ့စပ်လိုက်ပြီဖြစ်ကြောင်း ပရိသတ်တွေက ထင်ကြေးပေးပြောဆိုနေကြပေမယ့် ပေ့ါပ်ကြယ်ပွင့်ဘက်ကတော့ ဒီသတင်းတွေ မှန်ကန်မှုမရှိကြောင်း ပြန်လည်ငြင်းဆိုထားတယ်လို့ မစ်ရာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လူးဝစ်တွမ်လင်ဆန်ဟာ မကြာမီ တေးအယ်လ်ဘမ်သစ် “Walls” ကို ထုတ်လွှင့်သွားမှာဖြစ်ပြီး ဒီတေးအယ်လ်ဘမ်သစ်ဟာ ချစ်သူ အယ်လီနောကော်ဒါအတွက် ရည်ရွယ်ထားကာ သူတို့ရဲ့ အချစ်ဇာတ်လမ်းအကြောင်းဖွဲ့သီထားတဲ့ တေးသီချင်းတွေလည်းပါဝင်နေတယ်လို့ လူးဝစ်တွမ်လင်ဆန်က ပြောကြားခဲ့ပါတယ်။

လူးဝစ်တွမ်လင်ဆန်ဟာ အယ်လီနောကော်ဒါနဲ့ချစ်သူတွေအဖြစ် လက်တွဲခဲ့ရင်း ၂၀၁၅ ခုနှစ်အတွင်း လမ်းခွဲခဲ့ပါတယ်။ ဒီလိုကွဲကွာခဲ့ကြပြီး ၂၀၁၇ ခုနှစ်အတွင်း တစ်ကျော့ပြန်လက်တွဲခဲ့ကြပါတယ်။ သူတို့နှစ်ဦးဟာ လက်ထပ်ဖို့အထိ ရည်ရွယ်ထားကြကြောင်းလည်း သိရပါတယ်။

အေးပြည့်-ရေးသားသည်



# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀) အရ
သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်
**သုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်ကို
ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော
**ဒေါ်နန်းစင်ညွန့်**
( Director , Fu Xing Brothers Group of Compaines ) အား
အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။
နောင်တွင်လည်း ကိုယ်စိတ်နှစ်ဖြာ သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့်
မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို
ဆထက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Fu Xing Brothers Group of Compaines
ဝန်ထမ်းမိသားစုများ



# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏
အမိန့်ကြော်ငြာအမှတ် (၁/၂၀၂၀) ဖြင့် (၇၂) နှစ်မြောက်
လွတ်လပ်ရေးနေ့တွင် **ဒေါ်အေးအေးသက်(ခ)ဒေါ်သဥ္ဇာထွန်း**
(ဂဠုန်မင်း-စိန်ရွှေရတနာဆိုင်) အား "သီဟသုဓမ္မသိင်္ဂီ" ဘွဲ့
တံဆိပ်ချီးမြှင့်ခံရသည့်အတွက် ဖျာပုံမြို့လမ်းလျှောက်အဖွဲ့မှ
အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နောင်တွင်လည်း
စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ဘာသာ၊ သာသနာအကျိုးကို
ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။

**ဒေါ်လှမြင့်နှင့် လမ်းလျှောက်အဖွဲ့**
**ဖျာပုံမြို့**



**အောင်ပြည့်စုံ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763



**ရောင်ခြည်ထစ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773


# မြန်မာဘော်လီဘောလူမှုရေးအသင်းမှ ကြီးမှူးကျင်းပသည့်

(၁၇) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင့် အားကစားထူးချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ် အတိုင်းပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် လေးစားစွာ ဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။၁၉.၁.၂၀၂၀(တနင်္ဂနွေနေ့)
အချိန် ။ ။နံနက်(၉)နာရီမှ မွန်းတည့် (၁၂)နာရီထိ။
နေရာ ။ ။ကျောက်ဆည်ဓမ္မာရုံ(ရန်ကုန်)၊
ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။

## မှတ်ပုံတင်ပိုးသတ်ဆေး လွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူ Bayer AG မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ပါပိုးသတ်ဆေးအား ပြည်တွင်းမှဖြန့်ချိသူ JJ-PUN Trading Co., Ltd. မှ Myanma Golden Farm Co., Ltd. သို့ပြောင်းလဲ ဖြန့်ဖြူးသွားမည်ဖြစ်ပါသည်။ ထိုပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊အင်းစိန်မြို့သို့ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။

| Trade Name | Active Ingredient | Reg.Type | Reg. Number |
|---|---|---|---|
| Provado 70 WG | Imidacloprid 70% WG | Insecticide | F2013-852 |
| Curbix 100 SC | Ethiprole 100g/L SC | Insecticide | F2017-1269 |

Bayer Thai Co., Ltd. (Myanmar Branch)- PH :01-8382710(Ext. 40600)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ဒေါ်အေးသီတာ[၁၂/ဥကမ(နိုင်)၀၆၁၅၉၉]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးစိုးမိုးသူ[၁၂/ဥကမ(နိုင်) ၂၀၅၇၁၄]ကိုင်ဆောင်သူဖြစ်သော ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၃၁၆)၊ ၄၀'x၆၀'ဟုခေါ်တွင်သော နေအိမ်နှင့်အကျိုးခံစားပိုင်ခွင့် အရပ်ရပ်အားလုံးတို့ကို ၃၁-၁၀-၂၀၁၉ရက်က အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ၁၆-၁-၂၀၂၀ ရက်နောက်ဆုံးထား၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အုန်းအုန်းတင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၉၅၆)**
**အမှတ်(၄၃၁)၊ ရော(၁)လမ်း(စျ)ရပ်ကွက်၊ မြောက်ဥက္ကလာ**
**Ph:09-446060603**

## မှတ်ပုံတင် ပိုးသတ်ဆေးဖြန့်ဖြူးသူ အမည်ပြောင်းလဲခြင်း

BASF Myanmar Ltd.မှ မှတ်ပုံတင်အမှတ် F2016-520 ဖြင့် မှတ်ပုံတင်ရရှိထားသော ပိုးသတ်ဆေး Palit 10% SC (Chlorfenapyr 10% SC) ဖြန့်ဖြူးခြင်းအား Aventine Limited, No.126(A), Kabar Aye Pagoda Road, Bahan Township, Yangon မှ Golden Lion Hight Tech Agricultural Resources CO.,Ltd.,No.242(A) ,Kanaung Minthargyi Road, Industrial Zone (2), Hlaing Tharyar Township, Yangon သို့လွှဲပြောင်းပြီး ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ လွှဲပြောင်းသည့်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်သို့ (၁၄)ရက်အတွင်း သွားရောက် အကြောင်းကြား ကန့်ကွက်နိုင်ပါကြောင်းအသိပေး ကြော်ငြာအပ်ပါသည်။

**BASF Myanmar Limited**
ဖုန်း-၀၁ ၅၄၄၀၄၁

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာ့ဂုဏ်ထူး ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်း**နှင့် "အဂ္ဂမဟာ သီရိသုဓမ္မသီင်္ဂီ" ဘွဲ့ကို ဇနီး **ဒေါ်နန်းခင်မြင့်ရီ** Senior Vice Chairman & Co-Founder တို့အား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ** ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာ့ပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဖေဖေ၊ မေမေ - ဦးမောင်ကျော် + ဒေါ်ခမ်းဆာ

အစ်ကိုကြီး - ဦးစိုင်းစိန်ဝင်း + ဒေါ်ခင်ဝင်းကြည်

အစ်ကိုလတ် - ဦးစိုင်းစိုးဝင်း + ဒေါ်နန်းအေးအေးနိုင်

မမ - ဦးမောင်မောင်ဦး + ဒေါ်နန်းစောမွန်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘုတာရုံလမ်း၊ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တမေဓာနန္ဒ(MA.Ph.D) သာသနဓဇဓမ္မာစရိယ၊ ဝိနယာဓိကသီရိပဝရဓမ္မာစရိယ၊ ဝိနယဝိဒူသည် ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၄ရက်(လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးထံမှ ဆက်ကပ်ပူဇော်သော ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆရာတော် ကျန်းမာသက်ရှည်စွာဖြင့် တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်သော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆရာတော်၏
မူလအာဒိကမ္မိက ရဟန်းဒါယကာကြီး
သုဓမ္မမဏိဇောတရေ ဦးကျော်လွင်
ရွှေလင်းယုန်၊ ရွှေဆင်ဒန်အိုးစက်ရုံ

## မြန်မာ- အိန္ဒိယ- တရုတ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)

## နာယက

## ဝဏ္ဏကျော်ထင်၊ စည်သူ ၊ သရေစည်သူ ဦးအောင်ကိုဝင်း အတွက်အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်သည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် (၂၀၁၂)ခုနှစ် မှ (၂၀၁၉)ခုနှစ် အထိအခွန်ဘဏ္ဍာတာဝန်ကို တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၇)နှစ်ဆက်တိုက် ဝင်ငွေခွန်စုစုပေါင်း ကျပ်ငွေ (၁၃၈.၇၅)ဘီလီယံ ထမ်းဆောင်ခဲ့ခြင်း၊ နိုင်ငံတော်နှင့်ပြည်သူများအတွက် ၊ လူမှု ၊ ဘာသာ ၊ နေရာဒေသမရွေးစုစုပေါင်းကျပ်ငွေ (၁၅၆)ဘီလီယံကျော် လှူဒါန်းခဲ့ခြင်းနှင့် နိုင်ငံအဝန်းပြည်သူများ၏ လူမှုစီးပွား ဘဝမြင့်မားတိုးတက်စေရေးအတွက် ဘဏ်စုံထောင့်စုံ ကဏ္ဍပေါင်းစုံမှ စွမ်းစွမ်းတမံကူညီပံ့ပိုးဆောင်ရွက်ခဲ့ခြင်းများကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၄ရက်နေ့ ခွဲပါအမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၀)ဖြင့် အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များတွင်ပထမဆုံးနှင့် အမြင့်ဆုံးဖြစ်သော သရေစည်သူဘွဲ့ကို ကမ္ဘောဇဘဏ် နာယကဦးအောင်ကိုဝင်း အား ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီးတွင်ဆတက်ထမ်းပိုး၍ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ
မြန်မာ- အိန္ဒိယ- တရုတ် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ ဟသ်ာတလမ်း၊ အမှတ်(၄၅)၊ နှစ်(၆၀)ဂရန်မြေပေါ်ရှိ (၁)ခန်းတည်းRC (၈)ထပ်ခွဲ+Pitch Roof (Lift)ပါသော အဆောက်အအုံ၏ (ပထမထပ်)၊ ဧရိယာ(၁၁၀၄) စတုရန်းပေ၊ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးမောင်မောင်လှ [၁၂/စခန(နိုင်)၀၅၇၂၃၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးအောင်ကျော်ထူး[၄/ဟခန(နိုင်)၀၂၆၆၃၂]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ကျော်ထူး၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဝင်းမင်းစိုး | ဒေါ်သူဇာကျော် | ဒေါ်ဝေဖြိုးအောင် |
| LL.B,WIPO(Switzerland) | LL.B,D.B.L,D.I.L,WIPO(Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၆၆၄) | အထက်တန်းရှေ့နေ(စဥ်-၄၆၀၅၁) | တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၄၅၅) |
| Ph-01-246869, 09-450023651 | Ph-09-254508917 | Ph-09-421157856 |

Level(၅၊ ၆၊ ၇၊ ၈) တာဝါ(၂)၊ HAGL Myanmar Center Tower ၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

SKY
ဒုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊မြောက်ပိုင်း၊ ဆိပ်ကမ်းမြို့မြေကွက်များ ဝယ်လိုသည်။
09-425033582
09-250009921

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆတက(ရနယ်စင်း) ၂၁၄/၀၆၁၈
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594
GENEVA GOLD STAR FOR QUALITY
LONDON QUALITY CROWN QC 100

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၂၀)ဖြင့် နိုင်ငံတော်မှပေးအပ်သော သာသနာရေးဆိုင်ရာဘွဲ့တံဆိပ် **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့**ကို ကျေးဇူးရှင်မိခင်ကြီး **ဒေါ်ခင်သန်းမြင့် (သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ)**အား ထိုက်ထိုက်တန်တန်ထပ်မံချီးမြှင့်ခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူရပါသည်။ ဆက်လက်၍ သက်ရှည်၊ ကျန်းမာ၊ ချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ သာသနာအကျိုး၊ ဘာသာအကျိုး၊ နိုင်ငံနှင့်အများအကျိုးအား ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

"ဂုဏ်ရှိန်မြင့် မိသားစု"

သားကြီး - ဦးဝင်းဆွေ- ဒေါ်ကေသီဝင်း(ဂုဏ်ရှိန်မြင့်-ရတနာ)
မြေး - ကိုသီဟဆွေ(Managing Director, Development Concept Co. Ltd)-
ဒေါက်တာယမင်းရွှေစင် (Director, Development Concept Co. Ltd)
မြစ် - မမဆွေသီရိက္ခန္ဓီ
သားလတ် - ဦးဖေယျာအောင်- ဒေါ်အေးအေးဝင်း(မြင့်ဂုဏ်ရောင် ရတနာ)
(Mother Art Gallery)
မြေး - မဝင့်သူအောင်-ကိုစိုင်းဝန်းကျော်(Golden Light Myanmar Travel and Tour Co. Ltd)
- မောင်ဖွဲ့ပြည့်အောင် (Force Auto Service)
သမီးငယ် - (Chief Engineer ဦးသိန်းဦး)- ဒေါက်တာမိမိခိုင်(ပပဝင်းရတနာ)
မြေးအမြွာ - မရတနာဦး [နောက်ဆုံးနှစ်အပိုင်း(က) ဆေးတက္ကသိုလ် ၁၊ ရန်ကုန်]
- မရတနာထူး [နောက်ဆုံးနှစ်အပိုင်း(က) ဆေးတက္ကသိုလ် ၁၊ ရန်ကုန်]

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

အ.ထ.က(၄)စမ်းချောင်း ကျောင်းသား/သူဟောင်းများ အမှုဆောင်အဖွဲ့ ဒုဥက္ကဋ္ဌ(၃)ဖြစ်သူ **ဒေါ်အေးအေးသန်း(သီရိသုဓမ္မသိင်္ဂီ)**၏ ခင်ပွန်း၊ **"တော်ဝင်" မိသားစု ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေး (လူမှုထူးချွန်(ပ)ဆင့်)**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာလည်း ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကျောင်းသား/သူဟောင်းများအမှုဆောင်အဖွဲ့**
**အ.ထ.က(၄)စမ်းချောင်း**




## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ကျောင်းလမ်း(၃)လမ်းသွယ်၊ အမှတ်(၉)တွင် (အလျားxအနံ) (၂၅ပေx၅၀ပေ) အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၃ထပ်ခွဲ) ထပ်တိုက် အဆောက်အဦတွင် မြေငှားဂရန် ဦးကြည်လှိုင်၊ ဦးငြိမ်းမောင်အမည်ဖြင့် တရားဝင် အမည်ပေါက်ထားပြီး ဦးငြိမ်းမောင်[၁၂/မဂတ(နိုင်)၀၂၈၈၂၈] တရားဝင်ပိုင်ဆိုင်သော (၁၂ပေခွဲx၅၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ၎င်းယခုပိုင်ဆိုင်ထားသော (A)ဘက်ခြမ်း ပထမထပ်တိုက်ခန်း(အလျားx အနံ) (၁၂ပေခွဲx၅၀ပေ) အကျယ်အဝန်းတိုက်ခန်း (၁)ခန်းတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းဌေး[၁၂/ဒပန(နိုင်)၀၄၅၆၂၁]သည် (၁-၁-၂၀၂၀) ရက်တွင်လည်းကောင်း၊ ၎င်းအဆောက်အဦတွင် ဦးငြိမ်းမောင်မှ ရောင်းချခဲ့ပြီးဝယ်ယူပိုင်ဆိုင်ထားသူ (A) ဘက်ခြမ်း ဒုတိယထပ်တိုက်ခန်း(၁)ခန်းအား ဒေါ်ဇင်မာလင်းထံမှ ဒေါ်ဝင်းဝင်းဌေး[၁၂/ဒပန(နိုင်)၀၄၅၆၂၁] သည် ၃၀-၁-၂၀၁၈ ရက်တွင်လည်းကောင်း၊ စုစုပေါင်း အဆိုပါ အဆောက်အဦ တိုက်ခန်း (၂)ခန်းနှင့် မြေတစ်စိတ်တစ်ဒေသတို့အား ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူ လက်ရောက်ပိုင်ဆိုင်ထားပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း(၂)ခန်းနှင့် မြေတစ်စိတ်တစ်ဒေသဖြစ်သည့် ခေါင်းရင်းခြမ်းတို့အား အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းဌေးထံမှ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အမည်ပြောင်းလဲခြင်း၊ တိုက်ခန်းအရောင်းအဝယ်တွင် မြေရှင်အသိအမှတ်ပြု လက်မှတ်ရေးထိုးခြင်း၊ အခြားသောကိစ္စရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက ဖြစ်ပေါ်လာမည့် အကျိုးအပြစ်တို့ကို ပြုလုပ်သူမှ တာဝန်ယူရမည်ဖြစ်ပြီး လိုအပ်လာပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်လှိုင် (LL.B,D.B.L,W.I.P.O(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၆၂၄၈၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ (၉)ရပ်ကွက်၊ ရေကူးတောင်ပိုင်းလမ်း၊ အမှတ်(၅၃)၊ အခန်းအမှတ်(3-C)ဟုခေါ် တွင်သော နေအိမ်တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးရန်အောင်[၁၂/မရက(နိုင်)၀၃၄၈၅၂]နှင့် ဒေါ်ခင်နဒီလင်း[၁၂/မဂတ(နိုင်)၀၈၄၂၆၈]ထံမှအပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်ကြီး(စဉ်-၇၂၀၇)** | **ဦးထွန်းထွန်းသာ(စဉ်-၉၉၀၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**တိုက်(စီ/၁၁)၊ အခန်း(၉၀၆)၊ (၉လွှာ)၊ မင်းဓမ္မဥယျာဉ်အိမ်ရာ၊**
**ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၂၅၁၃၀၃၈၊ ၀၉-၄၀၁၈၈၂၀၀၇**

## မှတ်ပုံတင်ပိုးသတ်ဆေး လွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူ **Bayer AG** မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ပါပိုးသတ်ဆေးအား ပြည်တွင်းမှဖြန့်ချိသူ **Bayer Thai Co., Ltd. (Myanmar Branch)** မှ **Myanma Golden Farm Co., Ltd.** သို့ပြောင်းလဲဖြန့်ဖြူးသွားမည်ဖြစ်ပါသည်။ ထိုပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။

| Trade Name | Active Ingredient | Reg.Type | Reg. Number |
|---|---|---|---|
| Trivia 72.7 WP | Fluopicolide 6%+ Propineb 66.7% WP | Fungicide | P2017-2342 |
| Folicur 430 SC | Tebuconazole 430g/L | Fungicide | P2017-3429 |
| Moon Sensation | Fluopyram 250g/L + Trifloxystrobin 250g/L | Fungicide | P2018-2344 |
| Movento 240 SC | Spirotetramat 240g/L | Insecticide | P2019-2349 |

**Bayer Thai Co., Ltd. (Myanmar Branch)- PH :01-8382710(Ext. 40600)**

သစ် ပင် စိုက် မှ အ ရိပ် ရ ၏ ရိပ် ခို နား နေ အ ပန်း ဖြေ ၏

## (၂၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင်(ငြိမ်း)

တုနိုင်းမမီသော အနန္တကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့တာ ယနေ့ ၉-၁-၂၀၂၀ ရက်နေ့မှာ (၂၂)နှစ်တိတိ ပြည့်ခဲ့ပါပြီ။ ကြီးမားလှသော ဖေဖေရဲ့ ကျေးဇူးတရားများကို ယနေ့ထက်တိုင် တစ်နေ့မှ မေ့မရပါ။ ပေးဆပ်၍ မကုန်နိုင်တဲ့ ဖေဖေရဲ့ အေးမြလှသော မေတ္တာတရားကျေးဇူးများကို ရည်စူးပြီး နေ့စဉ် လစဉ် နှစ်စဉ် ပြုလုပ်ခဲ့သည့် အလှူဒါနများ ယနေ့ (၂၂)နှစ်ပြည့်မှာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာနှင့် သဃ်န်းကျွန်းရတနာဗုဒ်ရိပ်ငြိမ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပြုလုပ်သည့် အလှူဒါန၊ ကောင်းမှုကုသိုလ် အစုစုများကို ဖေဖေ့အား အမျှပေးဝေပါသည်။ မြင့်မြတ်အေးချမ်းသော ဘုံဘဝမှာ သာခုခေါ်ပါဖေဖေ...

**ချစ်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းနှင့်**
**ချစ်သားသမီး၊ မြေးတစ်စု**

---

### ဦးသန်းအောင်

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**အသက် (၇၉) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နေ (ဦးဟုတ်ရှောင်-ဒေါ်တင်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးကြည်မောင်-ဒေါ်မေနွဲ့)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း (၄)လမ်းနေ ဒေါ်နွဲ့ရီ၏ခင်ပွန်း၊ ဦးအောင်မိုး-ဒေါ်ရီရီအောင်၊ ဒေါ်ခိုင်ခိုင်အောင်၊ ဒေါ်မိုးမိုးအောင်၊ ဦးအောင်ဇာမိုး၊ ဦးသန်းကျော်စိုး(ခ)ဆန်နီ-ဒေါ်မီမီအောင်၊ ဦးအောင်ဝေဖြိုး-ဒေါ်သူဇာတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၄ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၇-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁-၂၀၂၀(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးဗန္ဓုလပြေ (၆၁) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် (၂၄၉)၊ 2/B နေ (ဦးမောင်မောင်ပြေ)-ဒေါ်ကျင်ဟန်တို့၏သား၊ ဒေါ်စိုးစိုးရီ၏ ခင်ပွန်း၊ ဦးဖြိုးဝင်းကျော်-ဒေါ်စိုးပြည့်ဦး၊ ဒေါ်ဖြိုးပြည့်ဝင်း၊ ဒေါ်အိမ့်ပြည့်စုံ၊ ဦးနိုင်လင်းစိုး၊ မောင်လွင်မောင်မောင်ဦး၊ မအိမြတ်နိုးဦးတို့၏ဖခင်၊ သီတဂူလပြည့်ဝင်း၏ အဘိုးသည် ၈-၁-၂၀၂၀ ရက် နံနက် ၄:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

### ဦးဇော်ဟိန်း

**ဗိသုကာပညာရှင်၊ AZA ဆောက်လုပ်ရေး**

**အသက် (၆၂) နှစ်**

မန္တလေးမြို့၊ အရိုးတောင်းလက်ဖက်နှင့် ပဲကြော်စုံလုပ်ငန်းပိုင်ရှင် (ဦးကျော်သိန်း-ဒေါ်ကြွယ်ကြွယ်)တို့၏သား၊ ဒေါက်တာဦးတင်နု-ဒေါ်မြင့်မြင့်သိန်းတို့၏ မောင်၊ ဒေါက်တာဦးခင်မောင်တင့်-ဒေါ်ဝင်းမာသိန်း၊ (ဦးဉာဏ်သိန်း)-ဒေါ်နီနီသက်တင်၊ ဦးသိန်းမြင့်-ဒေါ်ခင်တိုးဥမ္မာတို့၏ အစ်ကို၊ ဒေါ်တူးတူးမာ (မန်နေဂျာ၊ မြန်မာနိုင်ငံသားများဘဏ်ခွဲ-၇)၏ ချစ်လှစွာသောခင်ပွန်းသည် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) စင်ကာပူစံတော်ချိန် နံနက် ၅:၃၈ နာရီတွင် စင်္ကာပူနိုင်ငံ၊ SGH ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမြကြွေ

## အသက် (၉၂) နှစ်

ကိုအေးထွန်း(အဆောက်အဦအထူးအဖွဲ့-၆)၊ ကိုဝင်းနိုင်(အဆောက်အဦအထူးအဖွဲ့-၆)တို့၏ဖခင် ဦးမြကြွေ အသက် (၉၂) နှစ်သည် ၇-၁-၂၀၂၀ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ဆွေ (အင်/ယာချုပ်-ငြိမ်း)-ဇနီး ဒေါ်မြင့်မြင့်ကျော်**
**အဆောက်အဦအထူးအဖွဲ့ (၆) မိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း

### ဦးမျိုးညွန့် (စာပေလောက)

**အသက် (၇၃) နှစ်**

ဆရာဦးမျိုးညွန့် (စာပေလောကစာအုပ်တိုက်) (၂၀၁၉ ခုနှစ် တစ်သက်တာ ထုတ်ဝေသူဆုရှင်)သည် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အေး (တောင်လုံးပြန်) (၉၂) နှစ်

ရန်ကုန်မြို့နေ (ဦးစံသူ-ဒေါ်စောခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၄၃)နေ (ဦးစံသိန်း)၏ဇနီး၊ (ဦးလှမြင့်)-ဒေါ်စန်းစန်းဝင်း၊ ဦးလှသောင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးစိုးတင့်(ခေတ္တ-ဂျပန်)-ဒေါ်သန်းသန်းနု၊ ဦးအောင်မင်း၊ ဦးတင်အုန်း-ဒေါ်လှလှမြင့်၊ (ဦးထွန်းကြူ)-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်သစ်-ဒေါ်သန်းသန်းမြင့်၊ ဦးသိန်းမြင့်-ဒေါ်သင်းသင်းခိုင်၊ Capt: ဦးခင်မောင်ထွန်း-ဒေါ်ခင်ဆွေဦး (ခေတ္တ-စင်ကာပူ)၊ ဦးမောင်မောင်-ဒေါ်မော်မော်သန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒေါ်သိန်းဦး၏ ကြီးကြီး၊ မြေး ၁၄ ယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ဝမ်းခင် (ခ) ယိုဝါခင် (၈၈) နှစ်

လှည်းကူးမြို့နေ (ဦးကျင်စိန်-ဒေါ် ကျင်စော)တို့၏ သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၈၉)နေ [ဦးမောင်မောင်(ခ)အန်စုတ်အင်း]၏ဇနီး၊ ဦးချစ်သန်း-ဒေါ်အေးအေးရီ၊ ဦးမြစိုး-ဒေါ်စန်းစန်းရီ၊ ဒေါ်စန်းစန်းဝင်း၊ (ဒေါ်ခင်စန်းဝင်း)၊ ဦးသန်းထွန်းဦး၊ ဦးဝင်းထွဋ်-ဒေါ်သိဂီမြင့်၊ ဦးရဲလင်း-ဒေါ်ကြည်ကြည်အေး၊ ဦးလှမြင့်-ဒေါ်နှင်းယုလွင်၊ (မောင်ဇော်မြတ်ထွေး)တို့၏မွေးသမိခင်၊ Dr.စည်သူဖြိုး၊ Dr. သူရဇော်၊ Dr. မာလာဆန်း၊ မောင်မြတ်သူ၊ မောင်မြတ်မင်းသူ၊ မဝင့်သီရိလင်း၊ မရတနာဝင်းထွဋ်၊ မောင်ဟန်ဝင်းအောင်၊ မောင်အောင်ခန့်ဇော်တို့၏ အဘွားသည် ၈-၁-၂၀၂၀ ရက် နံနက် ၀၀:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ (သောကြာနေ့)တွင် ရေဝေးတရုတ်ဖူကျင့်သုသာန် သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါက်တာဒေါ်ခင်သက်နီ (မြစ်ကြီးနား)

**ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)**
**ဂုဏ်ထူးဆောင်ပါမောက္ခ**
**ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ ကန်ရိပ်မွန်ကွန်ဒို၊ အခန်း (၂၀၄)နေ (ဦးနီ-ဒေါ်မြသင်)တို့၏ ချစ်လှစွာသောသမီး၊ Dr.ဦးဝင်းမော်-ဒေါ်သန်းသန်းနီ၊ ဦးညွန့်မောင်-ဒေါ်ရီရီစံ၊ ဒေါ်အုန်းအုန်းနီ၊ ဒေါ်အေးအေးနီ၊ ဦးညွန့်ဝေ-ဒေါ်ညိုညိုမြတ်၊ ဒေါ်ဆွေဆွေနီတို့၏ညီမ၊ ဦးအန်ထော်နီ၊ ဦးတင်မောင်နီ-ဒေါ်နန်းသူဇာနားတို့၏အစ်မ၊ ဦးကျော်စွာဝင်း-ဒေါ်ဂျိမ်းကွာ (S'pore)၊ Dr. ကျော်ထွန်းအေး-Dr. ထက်နွယ်ဝင်း(U.K)၊ ဒေါ်ခိုင်သဇင်ဝင်း(U.S.A)၊ ဒေါ်ထင်လင်းငယ်(Mega Co)၊ Dr. ထွဋ်အောင်ဝေ(U.K)တို့၏ ချစ်လှစွာသောအဒေါ်သည် ၆-၁-၂၀၂၀ (တနင်္လာနေ့) ဒေသစံတော်ချိန် မွန်းလွဲ ၁၂:၃၂ နာရီတွင် ဘန်ကောက်မြို့၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာဦးမျိုးညွန့် (စာပေလောက)

**အသက် (၇၃) နှစ်**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်၊ မြန်မာဂန္ထဝင် အတွဲ(၁၀၀)စာစဉ် ထုတ်ဝေရေးကော်မတီဝင် ဆရာကြီး ဦးမျိုးညွန့် (စာပေ လောက) ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာ သုဂတိ လားပါစေ။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**

---

### ဦးမြသောင်း (မြောင်းမြမြို့)

**ဌာနမှူး(ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန**

**အသက် (၉၄) နှစ်**

ရန်ကုန်မြို့နေ (ဦးဘသိန်း-ဒေါ်ခင်ညွန့်)တို့၏သားကြီး၊ ဦးခင်မောင်ညွန့်(ပ.တ.ခ-ငြိမ်း)-ဒေါ်အေးအေးသိန်း(လ.ဝ.က-ငြိမ်း)တို့၏ အစ်ကိုကြီး၊ ဒေါက်တာအောင်မြဦး-ဒေါ်ခင်သန်းနွဲ့၊ ဦးစိုးသက်-ဒေါ်မြမြခိုင်၊ Capt: အောင်ထွေးလှ-(ဒေါက်တာမြမြမွန်)၊ ဒေါ်မြမြနိုင်၊ ဦးမြအောင် (C/E M.T.M Shipping)-ဒေါ်နုနုရီ၊ (ဒေါ်မြမြသက်)၊ ဦးမြမင်း-ဒေါ်ချိုချိုတင်အေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်မြမြ (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ခင်ပွန်း၊ မြေး ၁၆ ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးမြသောင်းသည် ၄-၁-၂၀၂၀ (စနေနေ့) နံနက် ၁၀:၄၀ နာရီတွင် အမှတ်(၇၀၆)၊ မဉ္ဇူလမ်းသွယ်(၄)၊ ပါရမီရိပ်သာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၀ (သောကြာနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ်(၂၀)၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ(သီရိရတနာခန်းမ)၊ ကမ္ဘာအေးဘုရားလမ်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးလှဆွေ (၈၅)နှစ်

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ခရိုင်ဦးစီးဌာနမှူး(ငြိမ်း)**

(ဦးဘိုးဖုံ-ဒေါ်ဖွားပေါ)တို့၏ သား၊ (ဦးအုန်းစိန်-ဒေါ်လှရှိန်)တို့၏ သားသမက်၊ မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၂၇၉/ခ)၊ ကျောက်ပန်းတောင်းလမ်း၊ နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့နယ်နေ ဒေါ်ရီရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဆွေ သင်းလှိုင် (ပညာရေးကောလိပ်-မိတ္ထီလာ၊ ငြိမ်း)၊ ဒေါ်ဆွေမိနိုင်(Suntac Co., Ltd)၊ ဦးကျော်ဆွေမိုး (ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်သူဇာတင်၊ ဦးကျော်ကျော်မွန် (မန္တလေးတိုင်းပညာရေး)-ဒေါ်မင်းမင်းမြတ်ဆွေ(မန္တလေးအဝေးသင်တက္ကသိုလ်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်မင်းရဲမွန်၊ မရွှန်းလဲ့မင်းမွန်တို့၏ အဘိုးသည် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် မိတ္ထီလာမြို့၊ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ် (၂၇၉/ခ)၊ ကျောက်ပန်းတောင်းလမ်း၊ နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးဝင်းနေစိုး (ငြိမ်း)

**ကြည်း-၂၂၄၇၇ (တေဇ-၁၇)**

**အသက် (၅၁) နှစ်**

ရန်ကုန်မြို့နေ ဦးစိုးလွင်-(ဒေါ်ကြည်ကြည်)တို့၏သားကြီး၊ သထုံမြို့နေ ဦးစိန်ရွှေ-ဒေါ်နန်းခင်တို့၏ သားသမက်၊ ဒုတိယဗိုလ်မှူးကြီး နေအောင်စိုး-ဒေါ်သင်းနွယ်စိုးတို့၏ အစ်ကို၊ ဒေါက်တာအောင်ဇော်ဖြိုး-မဆောင်းသက်ဖွန်စိုး၊ မောင်ပြည့်စုံဟိန်းတို့၏ ဖခင်၊ မောင်ပြည့်ဖြိုးမောင်၏ အဘိုး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ် (၇၁၁)နေ ဒေါ်နော်ချယ်ရီ၏ခင်ပွန်း ဗိုလ်မှူးဝင်းနေစိုး(ငြိမ်း) (ဌာနမှူး-ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)သည် ၇-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ နတ်လမ်း၊ လမ်း၊ တံတား သာသနာ့ဒါယကာကြီး**

### ဦးသန်းလွင်

**အသက် (၇၅) နှစ်**

**'ဗီတိ' လူမှုကူညီရေးအသင်း**
**(စမ်းချောင်း)၏အသင်းနာယကကြီး**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ အမှတ် (၃၁)နေ ဦးသန်းလွင်သည် ၆-၁-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗီတိလူမှုကူညီရေးအသင်း (စမ်းချောင်း)**
**အသင်းသူ၊ အသင်းသားများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသန်းလွင်

**ထူးသစ်၊ ငွေဇာပုလဲ ကုမ္ပဏီဥက္ကဋ္ဌ**
**နာယက၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

**အသက် (၇၅)နှစ်**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက၊ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း နာယက၊ ထူးသစ်၊ ငွေဇာပုလဲကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးသန်းလွင် အသက်(၇၅)နှစ်သည် ၆-၁-၂၀၂၀ (တနင်္လာနေ့)တွင် ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံ၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Yuzana Group of Companies**
**ဦးဌေးမြင့်(ဥက္ကဋ္ဌ)နှင့် ဒါရိုက်တာအဖွဲ့ဝင်များ**

# မြန်မာနိုင်ငံရှိ အဓိကလေဆိပ်ကြီးများ၌ ခေတ်မီရေဒါစနစ်များ တပ်ဆင်ရန် ဂျပန် ကူညီ




**တိုကျို ဇန်နဝါရီ ၈**
ဂျပန်နိုင်ငံမှ ထိပ်တန်းအိုင်တီနှင့် နည်းပညာကုမ္ပဏီ NEC ကော်ပိုရေးရှင်းသည် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပါအဝင် မြို့ကြီးများရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် စုစုပေါင်း ယန်း ၂ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၁ သန်းနီးပါး) တန်ကြေးရှိ လေကြောင်းထိန်းချုပ်ရေးရေဒါအပါအဝင် လေကြောင်းစောင့်ကြပ်ရေးစနစ်များ ပံ့ပိုးပေးရန် မြန်မာနိုင်ငံမှ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးလိုက်ကြောင်း ကြေညာခဲ့သည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✳**

## (၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၈**
(၇၂) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ မနော ကွင်းတွင် ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။
အဆိုပါအခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် (MRTV)၊ MITV၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း(NRC)၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်၊ Myanmar State Counsellor Office Facebook Page၊ NRPC Facebook Page၊ Ministry of Information Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့တွင် အဆိုပါနေ့ နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်၍ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကြေးမုံ ယနေ့ ဖတ်စရာ


### မြန်မာ့ရုပ်ရှင်ရွှေရတုခေတ်သို့ သမင်လည်ပြန်
စာမျက်နှာ » ၁၀



### အီရန်၌ ယူကရိန်း ခရီးသည်တင်လေယာဉ် ပျက်ကျ၊ လေယာဉ်ပေါ်ပါသူအားလုံး သေဆုံး
စာမျက်နှာ » ၁၃

### အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ် ပထမအကျော့တွင် လက်ရှိချန်ပီယံ မန်စီးတီးက မန်ယူကို အနိုင်ရရှိ
စာမျက်နှာ » ၁၉


## ဇန်နဝါရီ ၁၀ ရက်တွင် စတင်မည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၈**
မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အဖွင့်ပွဲအဖြစ် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် တန်းတက်အား/ကာသိပွဲအသင်းတို့၏ အားပြိုင်မှုကို တွေ့မြင်ရမည်ဖြစ်သည်။
MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခုနှစ်တွင် ၁၂ ရာသီမြောက် ကျင်းပခြင်းဖြစ်သည်။ ပြီးခဲ့သည့် ရာသီတွင် နယ်ပရိသတ်အားပေးမှု မြင့်တက်လာသည့် MNL အမှတ်ပေးပြိုင်ပွဲကို ယခုနှစ်တွင်လည်း ပရိသတ်အားပေးမှု၊ စိတ်ဝင်စားမှုဆက်ရှိ မရှိ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ◯**




အဖွင့်ပွဲတွင် အဝေးကွင်းကစားရမည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း။

## မြန်မာလူငယ်ဘောလုံးသမားများ ဂျပန်နှင့် ခြေစမ်းရန် လူရွေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီနှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာလူငယ်ကစားသမားများ ဂျပန်နိုင်ငံသို့ ခြေစမ်းလေ့လာရေးခရီးစဉ် သွားရောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယင်းခရီးစဉ်အတွက် ကစားသမားများ ရွေးချယ်နိုင်ရန် ဇန်နဝါရီ ၈ ရက်မှစ၍ သုဝဏ္ဏမြက်ခင်းတုကွင်း၌ လူရွေးပွဲများ စတင်ကျင်းပလျက်ရှိသည်။
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် မျိုးဆက်သစ်လူငယ်ဘောလုံးသမားများထွက်ပေါ်လာစေရန်နှင့် အလားအလာရှိသည့်ကစားသမားများ အရည်အသွေး ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ လူရွေးပွဲအပြီးတွင် ကစားသမား ၂၅ ဦး **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✪**

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...
ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

"နိုင်" မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ နာယက၊

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် "ဖခင်ကြီး သုဓမ္မမဏိဇောတဓရ ဦးထွန်းအေး"

အား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၀ ဖြင့်မြန်မာနိုင်ငံတော်အစိုးရမှ သာသနာ့အကျိုးကို ထူးချွန်စွာဆောင်ရွက်ပြီး မြတ်စွာဘုရား၏ သာသနာအတွင်း၌ပစ္စည်းလေးပါးဖြင့် ဒါယကာအဖြစ် စဉ်ဆက်မပြတ်လှူဒါန်း သည့် ကုသိုလ်ကောင်းမှုများကို ချီးမြှင့်သောအားဖြင့်သာသနာ့ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်သည့် သာသနာ့နုဂ္ဂဟဘွဲ့ နှင့် သာသနာပြုဘွဲ့တံဆိပ် ဖြစ်သော "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့ရရှိသဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ပါကြောင်း နှင့် နိုင်ငံအကျိုး၊ သာသနာ့အကျိုးတို့ကို ကျန်းမာချမ်းသာစွာဖြင့်ဆက်လက်ထမ်းရွက်၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ဇနီး - သီရိသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်
(နာယက "နိုင်" မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်)

ချစ်သားသမီးများ -

| | | |
|---|---|---|
| ၁။ | ဦးမြင့်နိုင်+ဒေါ်အေးအေးနိုင် | ( Naing One Construction Materials Trading Co., Ltd ) |
| ၂။ | ဦးသက်နိုင်+ဒေါ်အေးအေးဘိုနိုင် | ( Thet Thit San Co., Ltd ) |
| ၃။ | ဒေါက်တာအေးအေးနိုင် | (တွဲဖက်ပါမောက္ခ-သမိုင်းဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်) |
| ၄။ | ဦးဝင်းနိုင်+ဒေါ်နှင်းလဲ့ကြည်ဖြူ | ( Yoon Iron & Steel Co., Ltd ) |
| ၅။ | ဦးထွန်းထွန်းနိုင် (MD) | ( Nyunt Myint Mo Industrial Co., Ltd) |
| ၆။ | ဒေါက်တာချွေးချွေးနိုင် | (ကထိက-ဓါတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) |
| ၇။ | ဦးမျိုးမင်းနိုင်+ဒေါ်ရွှေစင်မွေး | ( Naing Seven Construction Materials Trading Co., Ltd ) |
| ၈။ | ဦးသန်းနိုင် (MD) | ( Naing Family Construction Materials Trading Co., Ltd ) |
| ၉။ | ဦးမျိုးမြင့်+ဒေါ်သဉ္ဇာဝင်း | ( Myo Naing-Nine Group of Companies Limited ) |
| ၁၀။ | ဦးဖြိုးဇေနိုင်+ဒေါက်တာနန်းခင်ဝတ်ရည် | (Naing New Generation Trading Co., ltd) |

ချစ်မြေးများ - ပိုင်းပိုင်း၊ ထက်ထက်၊ ခန့်ခန့်၊ လဲလဲ၊ ကျူကျူ၊ ကိုချမ်း၊ စန်း၊ ပျွန်းပျွန်း၊ မိုးမြင့်ညီ၊
ကိုရန်၊ ချစ်၊ ယယ်ယယ်၊ ဝေဝေ၊ တုန်တုန်၊ သီဟ၊ ပိုင်ပိုင်၊ မွန်မွန်။

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့်

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်** အား

အနန္တ ကျေးဇူးရှင် ချစ်ဖေဖေ

**ဦးကိုကိုထွေး (လူမှုထူးချွန်ပထမဆင့်)** မှ

ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့်

ဖေဖေချစ်သောမိသားစုနှင့်အတူ သာသနာတော်အကျိုးကို သက်ရှည်ကျန်းမာစွာဖြင့်

ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

- ချစ်ဇနီး - သီရိသုဓမ္မသီဂီဒေါ်အေးအေးသန်း
- ချစ်သမီးများ - မဝတ်ရည်ထွေး၊ မသီရိထွေး
- ချစ်မြေးများ - မကေနိုင်မျိုး၊ မစုသက်မျိုး

---

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၀ ခုနှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊

နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့်

တော်ဝင်မိသားစုကုမ္ပဏီလီမိတက်၏ ပိုင်ရှင်ဖြစ်သူ

**ဦးကိုကိုထွေး (လူမှုထူးချွန်ပထမဆင့်)** မှ

သာသနာ့ကျက်သရေဆောင် မဏိဇောတ ပဏ္ဍာမြားပမာ နိုင်းယှဉ်အပ်သူ အဆင့်မြင့်ဆုံး

အမျိုးသားဥပါသကာ (ပထမဆင့်) ဖြစ်သည့်

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်** အား

ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့်

သာသနာတော်အကျိုးကို သက်ရှည်ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီရုံးချုပ်၊ တော်ဝင်စင်တာ၊

ဆောက်လုပ်ရေး၊ သစ်အရောထည်စက်ရုံ၊

တော်ဝင်စကားဖြူကုမ္ပဏီ၊ တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း

တို့မှ ဝန်ထမ်းနှင့်လုပ်သားများ

"ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရ" နိုင်ငံတော်သမ္မတမှ
ပေးအပ်ချီးမြှင့်သော
ဂုဏ်ထူးဆောင်ဆု
အထူးဂုဏ်ထူးဆောင်ဆု
အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဂုဏ်ဆောင်ကျည်ဆု
နိုင်ငံ့ဂုဏ်ဆောင်ကျည်ဆု (၃) ထပ်ကျွမ်း နှင့်

**"အာဆီယံ ထူးချွန်စံပြ စီးပွားရေးလုပ်ငန်းရှင် (ASEAN The Legacy Award) ဆု" ရ**
**ကမ္ဘာ့အောင်လံဗိုလ်ချုပ် နာယက**
**"ဝဏ္ဏဇောတိကထင်း၊ ဒေါက်တာ၊ သခရေဒေါက်တာ၊ ဦးအောင်ကိုမင်း" အတွက်**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘာ့အ ဘက်သည် နိုင်ငံတော် စေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် (၂၀၁၂) ခုနှစ်မှ (၂၀၁၉) ခုနှစ်အထိ အခွန်ဘဏ္ဍာတော်ကို တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၇) နှစ်ဆက်တိုက် ဝင်ငွေခွန် စုစုပေါင်း ကျပ်ငွေ (၁၃၈၅၅) ဘီလီယံ ထမ်းဆောင်ခဲ့ခြင်း **"နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုအထောက်အပံ့ ဒေသဖွံ့ဖြိုးရေး စုစုပေါင်းကျပ်ငွေ (၁၅၆) ဘီလီယံကျော်"** လှူဒါန်းခဲ့ခြင်း နှင့် နိုင်ငံတော် နှင့် ပြည်သူလူထု အ၀ တိုးတက်မြင့်မားရေးအတွက် ထူးခြားစွာ ဆောင်ရွက်ပေးခဲ့ခြင်းများကြောင့်

"ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော် သမ္မတ" မှ ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ရှိ အမိန့်ကြော်ငြာစာအမှတ် - (၂/၂၀၂၀) ဖြင့် အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များတွင် ပထမဆုံး နှင့် အမြင့်ဆုံးဖြစ်သော **"သခရေဒေါက်တာဘွဲ့"** ကို **"ကမ္ဘာ့အောင်လံဗိုလ်ချုပ် နာယက ဦးအောင်ကိုမင်း"** အား ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆောင်ထမ်းနိုင်ပါစေကြောင်း **"မြန်မာ အလင်္ကာ အုပ်စုကုမ္ပဏီလီမိတက်"** မှ ထုတ်မိန်ကောင်းများ တောင်းအပ်ပါသည်

BOR

Myanmar Alinkar Group Co.,Ltd.

JASMINE PALACE HOTEL
YANGON · MYANMAR

Jasmine Palace Construction

Jasmine Ngapali Resort

Brighter Energy Company Limited

JASMINE PALACE TRAVEL & TOURS